ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့၊ (27-3-2016) (၈၅၁၈)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။
(ဓမ္မပဒ)

## စွန့်စားရဲရင့် အောင်ပွဲဆင့် အလွမ်းပွင့်တို့ ဝေးပါစေ

(၇၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး
စာမျက်နှာ » ၆၊ ၇



## နိုင်ငံတော်နှင့် နိုင်ငံသားများကို ကာကွယ်

ခေါင်းကြီး စာမျက်နှာ » ၂

## တပေါင်းမော်ကွန်း

ကဗျာ စာမျက်နှာ » ၇

# တိုက်ခန်း၊ မြေနှင့် မော်တော်ကားဈေးများ တပြည်းပြည်း ကျဆင်းလာဖွယ်ရှိ

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ဖြစ်ပေါ်နေသော ဈေးကွက်ဈေးနှုန်း အပြောင်းအလဲများအား လေ့လာစစ်တမ်းကောက်ယူခဲ့ပါသည်။

သို့သော် ဖေဖော်ဝါရီလ ၂၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၆)ရှိ "ယုံကြည်စရာမဲ့ဈေးကွက်" ဒေါ်လာဈေးအကျ ဆောင်းပါးနှင့် ဖေဖော်ဝါရီလ ၂၉ ရက်နေ့ စာမျက်နှာ(၁၁)တွင် ပါရှိသော "ဒလမြေဈေးအရောင်းအဝယ်အေး" ဆောင်းပါးကို ဖတ်ရှုရသည်။ အိမ်၊ ခြံ၊ မြေများမှာ အရောင်းအဝယ်မဖြစ်ဘဲ အေးနေကြောင်း၊ ယခင်က စီမံကိန်းတစ်ခုခုလုပ်မည်ဟု သတင်းထွက်လာပါက ယင်းစီမံကိန်းပြုလုပ်မည့်နေရာနှင့် နီးစပ်သောနေရာများမှ အိမ်၊ ခြံ၊ မြေများမှာ အဆမတန်ဈေးတက်သွားပြီး အရောင်းအဝယ်ဖြစ်ကြသည်။ ယခုအခါ မျှော်မှန်းသလိုဈေးများ အဆမတန်မတက်သည့်အပြင် ဝယ်ယူမည့်သူများလည်း မရှိဖြစ်နေသည်ကို ကြေးမုံသတင်းစာ၌ ဆောင်းပါးများအဖြစ် ရေးသားဖော်ပြလာသည်ကို ဖတ်ရှုခဲ့ရပါသည်။

ယင်းဆောင်းပါးများအား ဖတ်ရှုရပြီး ကျွန်တော်လေ့လာတွေ့ရှိရသော အချက်များအရ ယခုသတင်းဆောင်းပါးကိုရေးရန် ဖြစ်ပေါ်လာခဲ့ရပါသည်။ ဈေးနှုန်းအတက်အကျဖြစ်လာရခြင်းများမှာ သဘာဝနိယာမတရားအရ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းအရလည်းကောင်း၊ စီးပွားရေးကျပ်တည်းမှုအရ လည်းကောင်း၊ စီးပွားရေးဘောဂဗေဒအရ လည်းကောင်း၊ ရူပဗေဒနိယာမအရ လည်းကောင်း၊ မိမိနိုင်ငံနှင့် ဆက်စပ်နေသော နိုင်ငံတကာ၏ စီးပွားရေး၊ နိုင်ငံရေး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱




ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်း၌ တည်ဆောက်မည့် ကံဘဲ့တာဝါအဆင့်မြင့်ကွန်ဒိုစီမံကိန်းကို တွေ့ရစဉ်။ ဓာတ်ပုံ-စိုးဝင်း(MLA)

## တန်ဖိုးမျှတအိမ်ရာများ မဲနှိုက်ရွေးချယ် ချထားမည်

**မန္တလေး မတ် ၂၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်တွင် တည်ဆောက်ပြီးစီးသော တန်ဖိုးမျှတအိမ်ရာများအား လုပ်သက် ၂၅ နှစ်အထက် နိုင်ငံ့ဝန်ထမ်းများအား ရောင်းချပေးရန် ပထမအကြိမ် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၈ ရက်နှင့် ၉ ရက်တွင် လျှောက်လွှာခေါ်ယူခဲ့သည်။

ဒုတိယအကြိမ် ဖေဖော်ဝါရီ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် မန္တလေး နေ့စဉ်သတင်းစာတွင် ကြော်ငြာ၍ လျှောက်လွှာများရောင်းချခဲ့ပြီး မတ် ၇ ရက်မှ ၁၆ ရက်အတွင်း လျှောက်လွှာများ ပြန်လည်လက်ခံခဲ့သည်။ ပြန်လည်တင်ပြလာသော လျှောက်လွှာများအနက် သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီသော လျှောက်လွှာအမှတ်စဉ်များအား တိုက်ခန်းဝယ်ယူခွင့်အတွက် မတ် ၂၈ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ပွင့်လင်းမြင်သာစွာ လျှောက်လွှာတင်ထားသော နိုင်ငံ့ဝန်ထမ်းများရှေ့မှောက်တွင် မဲနှိုက်ရွေးချယ်နေရာချထားပေးမည်ဖြစ်သည်။

မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာများမှာ လေးထပ်လေးခန်းတွဲတိုက်ခန်းများဖြစ်သည်။ တိုက်ခန်းတစ်ခန်းလျှင် စတုရန်းပေ ၆၅၀ ကျယ်ပြီး အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်း၊ ရေချိုးခန်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ◆

# (၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏

**ကြေးမုံစာတည်းရှုထောင့်** **၂၇-၃-၂၀၁၆၊ တနင်္ဂနွေနေ့**

# နိုင်ငံတော်နှင့်နိုင်ငံသားများကိုကာကွယ်

အချုပ်အခြာအာဏာပိုင်သောနိုင်ငံတိုင်း မိမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စနစ်တကျဖွဲ့စည်းထားသော တပ်မတော်တစ်ရပ်လိုသည်။ ထိုတပ်မတော်ကြီးက မိမိနိုင်ငံ၏မြေ တစ်လက်မကိုမျှ ကျူးကျော်ခြင်းမခံရအောင် ကာကွယ်စောင့်ရှောက်ရသည်။ ကျူးကျော်လာသူတို့ကိုလည်း တွန်းလှန်ဖယ်ရှားရသည်။

လွတ်လပ်သောနိုင်ငံတော်ရှိ တပ်မတော်သည် ပြည်တွင်းရန်၊ ပြည်ပရန်တို့ကို တွန်းလှန်နိုင်ရန် အောင်စိတ်ပြည့်ဝသည့် တပ်မတော်တစ်ရပ်ကို ဖွဲ့စည်းထားသည်။ ထိုတပ်မတော်သည် နိုင်ငံ၏လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံသူ နိုင်ငံသားများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် စည်းလုံးညီညွတ်သော၊ အင်အားတောင့်တင်းသော နိုင်ငံတော်ကြီးတည်ဆောက်နိုင်ခဲ့သည့် ပထမမြန်မာနိုင်ငံတော်ခေတ်၊ ဒုတိယမြန်မာနိုင်ငံတော်ခေတ်၊ တတိယမြန်မာနိုင်ငံတော်ခေတ် ကာလများက နိုင်ငံအုပ်ချုပ်သော မင်းကောင်းမင်းမြတ်များ၏စွမ်းပကားဖြင့် စွမ်းရည်ရှိသော မြန်မာ့တပ်မတော်ကြီးကို စနစ်တကျ ဖွဲ့စည်းခဲ့ပြီး ကျယ်ပြန့်သော နိုင်ငံတော်ကြီးကို ထူထောင်နိုင်ခဲ့သည်။

စည်းလုံးညီညွတ်မှုအားနည်းသောအချိန်တွင် အမိမြန်မာပြည်ကြီး တစ်ခုတည်းတွင် နယ်မြေဒေသအလိုက် အုပ်ချုပ်သူအမျိုးမျိုး၊ တပ်မတော်အမျိုးမျိုးဖြင့် ပြည်တွင်းရန်၊ ပြည်ပရန်တို့နှင့်ရင်ဆိုင်ကြုံတွေ့ကာ နောက်ဆုံးတွင် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်လက်အောက်သို့သက်ဆင်းခဲ့ရသည်ကို မြန်မာနိုင်ငံသားအားလုံး သိရှိပြီးဖြစ်သည်။ ယနေ့ အင်အားတောင့်တင်းသော တပ်မတော်ကြီး မည်သို့သန္ဓေတည်လာသည်ကိုလည်း သိရှိထားသင့်သည်။

နှစ်ပေါင်းတစ်ရာကျော် ကျွန်ဖြစ်ခဲ့ရသော မြန်မာနိုင်ငံအား သူ့ကျွန်ဘဝမှ လွတ်မြောက်ရန် မျိုးချစ်သူရဲကောင်းများက နယ်ချဲ့ကိုတွန်းလှန်ခဲ့ကြသည်။ သို့သော် အောင်မြင်မှုမရခဲ့ချေ။ အဘယ်ကြောင့်နည်း။ စနစ်တကျဖွဲ့စည်းထားသော တပ်မတော်တစ်ရပ်မရှိခြင်း၊ တပ်မတော်နှင့်ပြည်သူ ညီညီညွတ်ညွတ် အတူလက်တွဲမတွန်းလှန်နိုင်ခြင်းတို့ကြောင့်ဖြစ်သည်။ နယ်ချဲ့လက်အောက်တွင် မြန်မာတပ်မတော်မှာ ကွယ်ပျောက်နေခဲ့ရသည်။ မျိုးချစ်များက ရရာလက်နက်ဆွဲကိုင်တွန်းလှန်ခဲ့သော်လည်း အချည်းနှီးပင်။

ထို့ကြောင့် တပ်မတော်တစ်ရပ်ဖြစ်တည်ရန်နှင့် စနစ်တကျဖွဲ့စည်းထားသော တပ်မတော်တစ်ရပ်ကို ထူထောင်နိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ တပ်မတော်သည် မြန်မာ့လွတ်လပ်ရေးအတွက် စွန့်လွှတ်စွန့်စားတိုက်ခိုက်ခဲ့ရသော တော်လှန်ရေးမှတစ်ဆင့်ပေါက်ဖွားခဲ့သည်။ လွတ်လပ်ရေးရရှိပြီးနောက်တွင်လည်း နိုင်ငံ့လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ဖြိုဖျက်ရန် ကြိုးပမ်းခဲ့သော ပြည်တွင်းပြည်ပရန်ဟူသမျှအား တွန်းလှန်ခဲ့ပြီး နိုင်ငံတော်ကို ဆက်လက်ကာကွယ်စောင့်ရှောက်ပေးနေသော တပ်မတော်ဖြစ်သည်။

မြန်မာ့တပ်မတော်ဖြစ်တည်စဉ်က မြန်မာပြည်တောင်ဘက်ဖျားမှ မြောက်ဘက်ဒေသသို့တိုင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်ကာ လွတ်လပ်ရေးအတွက် အသက်သွေး၊ ချွေးရင်းနှီးကာ ချီတက်ခဲ့သည်။ စွန့်လွှတ်အနစ်နာခံခြင်းများစွာဖြင့် လူထုလူတန်းစားအလွှာစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့က စည်းလုံးညီညွတ်စွာ အတူပါဝင်ခဲ့ကြသည်။ တပ်မတော်တွင် လူအမျိုးမျိုးပါဝင်သော်လည်း တိုင်းပြည်လွတ်လပ်ရေးအတွက်ဟူသည့် တူညီသည့်ရည်မှန်းချက်ဖြင့် ညီညွတ်စွာရပ်တည်ခဲ့ကြသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ဗမာ့ကာကွယ်ရေးတပ်မတော်၊ ဗမာ့တပ်မတော်၊ မျိုးချစ်ဗမာ့တပ်မတော်ဟူ၍ ခေတ်အမျိုးမျိုးပြောင်းလဲကာ တိုင်းပြည်ကိုကာကွယ်စောင့်ရှောက်ပေးခဲ့သောတပ်မတော်မှာ အရင်းခံမျိုးချစ်စိတ်ဓာတ် မေးမှိန်ပျောက်ကွယ်ခြင်းမရှိချေ။ ဗမာ့လွတ်လပ်ရေးတပ်မတော်ဘဝမှ အစချီခဲ့သော မြန်မာ့တပ်မတော်သည် ယနေ့ထက်တိုင် စည်းလုံးညီညွတ်စွာဖြင့် ရပ်တည်နေဆဲဖြစ်သည်။

လွတ်လပ်ပြီးအချုပ်အခြာအာဏာပိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကမ္ဘာ့အလယ်တွင် ထာဝရတည်တံ့ခိုင်မြဲနေစေရန် တပ်မတော်သည်နိုင်ငံတော်ကို ဆက်လက်ကာကွယ်စောင့်ရှောက်နေဦးမည်ဖြစ်သည်။ ။

## ပြည်သူများ ရာသီမရွေးဖြတ်သန်းသွားလာနိုင်ရန် တောင်သာချောင်းကူးတံတားသစ်ဖွင့်

**တောင်သာ မတ် ၂၆**

တောင်သာမြို့ရှိဒေသခံပြည်သူများ အဓိကအားထားသွားလာအသုံးပြုနေသည့် ရန်ကုန်-ပြည်-မန္တလေး၊ မိတ္ထီလာ-မြင်းခြံ ကားလမ်းနှစ်လမ်းဆုံပေါ်ရှိ တောင်သာချောင်းကူးတံတားသစ် ဖွင့်ပွဲကို မတ် ၂၆ ရက် နံနက်ပိုင်းက အဆိုပါတံတားတောင်ဘက်ထိပ်တွင် ကျင်းပခဲ့သည်။

အဆိုပါတံတားသစ်မှာ တံတားခံနိုင်ဝန် ယာဉ်နှင့်ကုန်တန်ချိန် ၆၀ ဖြစ်ပြီး အရှည်ပေ ၂၄၀၊ အကျယ်ပေ ၃၀၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၂ ဒသမ ၆ ပေ ပါရှိသော သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။ အဆိုပါတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၂)၊ တံတားအထူးအဖွဲ့(၃)က ရှစ်လခန့်နှင့်အပြီးတာဝန်ယူတည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

တောင်သာချောင်းကူးတံတားသစ် ဖွင့်လှစ်ပေးနိုင်သည့်အတွက် ယခင်က မိုးရာသီတွင် တောင်သာတောင်၏ တောင်ကျချောင်းရေကြောင့် ခရီးသွားပြည်သူများ ချောင်း၏ နံဘေးတွင် ခရီးတစ်ထောက် နားခဲ့ရခြင်းမှ ကင်းလွတ်ခဲ့ရသည့်အပြင် ပခုက္ကူ၊ ဂန့်ဂေါ၊ မင်းတပ်၊ မကွေး၊ မိတ္ထီလာ၊ မန္တလေး၊ ပြည်၊ရန်ကုန်မြို့ကြီးတို့သို့ ရာသီမရွေးဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

တောင်သာချောင်းကူးတံတားသစ်ကို ထူးချွန်ကျောင်းသားကျောင်းသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**



## ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၌ ဝါးအခြေခံလက်မှုပညာသင်တန်း ဖွင့်လှစ်သင်ကြား

**အမရပူရ မတ် ၂၆**

သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံနှင့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ဝါးအခြေခံလက်မှုထည်သင်တန်းဖွင့်ပွဲကို မတ် ၂၄ ရက် နံနက် ၉ နာရီက အမရပူရမြို့နယ် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၌ ကျင်းပသည်။

အဆိုပါ ဝါးအခြေခံလက်မှုထည်သင်တန်းကို တစ်ပိုင်တစ်နိုင် ဝါးလက်မှုထည်လုပ်ငန်းများ ပေါ်ထွန်းလာစေရန်၊ ဒေသထွက်ဝါးများကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်စေရန်နှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်ခြင်းဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မတ် ၂၄ ရက်မှ ဧပြီ ၇ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ကျောက်ဆည်မြို့ ဆင်ဖြူချပ် ပရဟိတနှင့် ဘုန်းတော်ကြီးသင်တန်းကျောင်းမှ သင်တန်းသားသင်တန်းသူ ၂၅ ဦး တက်ရောက်သင်ကြားကြောင်း သိရသည်။

သင်တန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသန်းချစ်က ကြီးကြပ်၍ နည်းပြဆရာမ ဒေါ်သန်းသန်းဌေး (ဦးစီးအရာရှိ)နှင့် နည်းပြဆရာ ဦးအောင်လွင်(လက်မှုကျွမ်းကျင် -၄) တို့က သင်ကြားပေးကြောင်း သိရသည်။

**နန်းမျိုးဝင်း(မြစ်ငယ်)**

## ချောင်းဦးမြို့နယ်မှ ဖရဲသခွားများ နယ်စပ်သို့ ကုန်တင်ယာဉ်အစီး ၂၀၀ ကျော် နေ့စဉ်တင်ပို့

**မုံရွာ မတ် ၂၆**

အသီးထွက်အများဆုံးအချိန်နှင့် ဈေးအကောင်းဆုံးအချိန်ဖြစ်သော ယခု မတ်လကုန်ပိုင်းတွင် မုံရွာခရိုင် ချောင်းဦးမြို့နယ် အတွင်းရှိ ဖရဲသခွားတောင်သူ လုပ်ငန်းရှင်များအနေဖြင့် နယ်စပ်ဒေသ မူဆယ်မြို့သို့ နေ့စဉ်မော်တော်ယာဉ်အစီး ၂၀၀ ကျော်ဖြင့် ပို့ဆောင်ရောင်းချလျက်ရှိကြောင်း ချောင်းဦးမြို့နယ် ဖရဲသခွားအစုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်ထံမှ သိရသည်။

"လာမယ့် ဧပြီ ၄ ရက်မှာ တရုတ်ပြည်မှာ ပွဲရှိတဲ့အတွက် ဒီရက်ပိုင်း ချောင်းဦးကနေ ဖရဲသခွားတွေ တစ်နေ့အစီး ၂၀၀ကျော် နေ့စဉ်ထွက်နေရတယ်။ ထွက်သလောက်လည်း ဈေးကောင်းရနေတော့ ဒီနှစ်ဖရဲသခွားစိုက်တဲ့သူတွေ ပိုပြီးအမြတ်ရကြတယ်။ အရင်နှစ်က ရှုံးထားကြတာ။

ဒီနှစ်တော့ အတော်လေး ခုသာခံသာရှိကြပါတယ်။ စိုက်နည်းပုံစံသစ်ဖြစ်တဲ့ ပလတ်စတစ်အိတ်နက်ကြီးတွေ အုပ်ပြီးစိုက်တာ။ တစ်ဧကကို ရှစ်တန်လောက်ထွက်နေရာက အခု ၁၅တန်လောက်ထွက်တော့ ပြည်ပပို့ရတာ ဒီနှစ်အတော်များမယ့်နှစ်ပါ။ အသီးပို့တာများသလောက် အမြတ်များမယ့်နှစ်ဖြစ်တဲ့အတွက် ဧက ၇၀၀၀ ကျော်ထဲမှာ လုပ်နေကြတဲ့ လုပ်ငန်းရှင်တွေရော နေ့စား၊ လစားလုပ်သားတွေအားလုံး လုပ်သလောက်အမြတ်များမယ့်နှစ်လို့ ပြောရင်ရပါတယ်"ဟု ဦးစိုးလွင်က ပြောသည်။



ဖရဲသခွားသီး၍ နယ်စပ်သို့ပို့ရသောရာသီဖြစ်သည့် ဇန်နဝါရီလမှ ဧပြီလအထိ လေးလတာကာလအတွင်း ချောင်းဦးမြို့နယ်အတွင်း ဧက ၇၀၀၀ကျော်တွင် အိတ်အုပ်စနစ်ဖြင့် ယခုနှစ်စတင် စိုက်ပျိုးရာရာသီဥတုဒဏ်နှင့် ပိုးဒဏ်တို့ကင်းရှင်းပြီး အားဆေးနှင့်ပိုးသတ်ဆေးကို စနစ်တကျ သုံးစွဲတတ်လာကြသောကြောင့် ယခင်နှစ်ကထက် အသီးထွက်နှုန်းမှာ ထက်ဝက်မက မြင့်တက်ခဲ့ကြောင်းသိရသည်။

ဖရဲသခွားသီးများကို ချောင်းဦးမြို့မှ တရုတ်နယ်စပ်သို့ တင်ပို့ရာတွင် မန္တလေးမြို့မှတစ်ဆင့် လားရှိုးကိုဖြတ်ကာ မူဆယ် နယ်စပ်ဈေးကွက်သို့ပို့ရန် သီပေါမြို့အနီး ယာဉ်ကြောကျပ်၍ စောင့်ဆိုင်းရမှုများ မကြာခဏဖြစ်ပွားနေရာ လမ်းပြန်ဖွင့်၍ နယ်စပ်ဂိတ်ရောက်လျှင် ကားများစုပုံနေတတ်သလို ရောင်းကုန်အသီးများ စုပြုံနေတတ်သည်။

ထိုအချိန်မျိုးတွင် ဈေးကျတတ်သောကြောင့် ထိုသို့ လမ်းပြန်ပွင့်ချိန်တွင် ကုန်စည်ဒိုင်ကဲ့သို့သော အဖွဲ့အစည်းက ဈေးနှုန်းထိန်းညှိခြင်းကို လုပ်ပေးသင့်ကြောင်း၊ ထိုသို့လုပ်ဆောင်လာရန် လုပ်ငန်းရှင်၊ ပွဲရုံပိုင်ရှင်များက တောင်းဆိုကြရမည်ဖြစ်ကြောင်း ဖရဲသခွားပို့နေသူ ကားဆရာတစ်ဦးက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှုံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြို့စန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

**✱ ရှေ့ဖုံးမှ**

အခြေအနေများအရလည်းကောင်း၊ နိုင်ငံရေးအပြောင်းအလဲများအရလည်းကောင်း၊ ငွေကြေး ကြွယ်ဝချမ်းသာသူများ၏ မတော်လောဘဖြင့် ဆောင်ရွက်မှုများအရလည်းကောင်း၊ လူ့ပယောဂကြောင့် ဖြစ်ပေါ်လာသော ဘေးအန္တရာယ်များ စသည်ဖြင့် အကြောင်းအမျိုးမျိုးကြောင့်လည်းကောင်း ဈေးနှုန်းများအပြောင်းအလဲဖြစ်ပေါ်လာသည်ကို တွေ့ရသည်။

၁၉၈၈ ခုနှစ်အထိ တိုက်ခန်း၊ မြေနှင့် မော်တော်ကားများ၏ ဈေးနှုန်းများမှာ သောင်းဂဏန်းနှင့်သိန်းဂဏန်း တန်ဖိုးများသာရှိကြသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း ၁၉၉၀ ပြည့်နှစ် မတ်-ဧပြီလခန့်အထိ ဈေးနှုန်းများမှာ ဖော်ပြပါဈေးနှုန်းများသာ ရှိနေကြပြီး ဝင်ဒါမီယာကဲ့သို့နေရာတွင်ပင် နှစ်သိန်း၊ သုံးသိန်းကျပ်ဖြင့် ဝယ်ယူ၍ရသော အခြေအနေမှ တဖြည်းဖြည်းဈေးများမြင့်တက်လာသည်။ ယခင်က အခန်းတစ်ခန်းကို သုံး-လေးသောင်းဈေးရှိရာမှ တစ်သိန်း -နှစ်သိန်းအထိ တက်လာပြီး ငါးသိန်း၊ ၁၀ သိန်း စသည်ဖြင့် မြင့်တက်လာခဲ့သည်။ ယခုအခါ အခန်းတစ်ခန်း၏ဈေးနှုန်းမှာ သိန်း ၁၀၀ ကျော်၊ သိန်း ၁၀၀၀၊ သိန်းသောင်းချီ၍ ဖြစ်လာကာ မြေဈေး၊ ကားဈေးများမှာလည်း အဆမတန်တက်လာသည်ကို တွေ့ရှိရသည်။ မြို့သစ်တည်မည်၊ တံတားဆောက်မည်ဟု သတင်းရရှိသော နေရာအနီးတစ်ဝိုက်ရှိ မြေ၊ တိုက်ခန်းများမှာ ပါးစပ်ဈေးဖြစ်နေပြီး အဆမတန်ဈေးများ တက်လျက်ရှိနေသည်ကိုတွေ့ရသည်။ ကန်ထရိုက်တိုက်ဆောက်သည့်သူကလည်းများ၊ ဈေးနှုန်းများကလည်းမြင့်၊ သာမန်ပြည်သူနှင့် ဝန်ထမ်းများကလည်း ဝယ်နိုင်ရန်အခက်ဆိုသလို တိုက်ခန်းနှင့် မြေကွက်၏တန်ဖိုးများမှာ မတန်တဆ ဈေးခေါ်ချင်သလိုခေါ်၊ ပြောချင်သလိုပြောနေ၍ အမှန်တကယ်နေထိုင်ရန် ဝယ်ယူလိုသော သာမန်ပြည်သူများနှင့် အစိုးရဝန်ထမ်းများအတွက် ဝယ်ယူနေထိုင်ရန် အခက်အခဲဖြစ်နေသည်ကို တွေ့ရှိနေရသည်။

ကန်ထရိုက်များကလည်း လူတိုင်းဝယ်ယူနေထိုင်၍ရအောင်ဟုဆိုပြီး တန်ဖိုးမျှတ၊ တန်ဖိုးသင့်ဆိုကာ အမည်နာမများနှင့်ဆောက်ပြီး ရောင်းချသော တိုက်ခန်းဈေးနှုန်းများမှာလည်း အနည်းဆုံး သိန်း ၃၀၀ ကျော်ဖြစ်နေပြီး တန်ဖိုးနည်းအိမ်ရာဆိုသည်မှာလည်း ကျပ်သိန်း ၁၀၀ ကျော်ရှိရာ သာမန်ပြည်သူများမှ ဝယ်ယူရရှိရန် အလှမ်းကွာလှသည်။ ထို့ပြင် တန်ဖိုးနည်းအိမ်ရာဆိုပြီး ရွှေလင်ပန်းတွင် ဆောက်သည်မှာ ကျပ်သိန်း ၁၀၀ ကျော်သည့်အပြင် အခန်းမှာ အလွန်ကျဉ်း၍ ငှက်လှောင်အိမ်ကဲ့သို့ဖြစ်နေသည်ကို တွေ့ရှိရသည်။ ကန်ထရိုက်များကလည်း ဈေးနှုန်းများချပေးလိုသော်လည်း ကုန်ကြမ်းပစ္စည်းများမှာ ဈေးမြင့်နေ၍ဖြစ်ကြောင်း ရှင်းလင်းပြောကြားမှုများအား ကြားသိခဲ့ရသည်။

မိုးပေါ်သို့ခဲတစ်လုံး သို့မဟုတ် ပစ္စည်းတစ်ခုအား အားစိုက်ပြီးပစ်တင်လိုက်ပါက အမြင့်ဆုံးသို့ရောက်ပြီးလျှင် နဂိုမူလအောက်ခြေသို့ပြန်ကျလာရသည်မှာ ရူပဗေဒသဘောအရ၊ သဘာဝနိယာမတရားအရဖြစ်သည်။

ထုတ်လုပ်မှုကနည်းပြီး သုံးစွဲမှု(စားသုံးမှု)က များနေလျှင် ဈေးနှုန်းများတက်လာမည်ဖြစ်သည်။ ထုတ်လုပ်မှုကများနေပြီး သုံးစွဲနိုင်မှု(စားသုံးမှု)ကနည်းနေလျှင် ဈေးနှုန်းများကျဆင်းလာမည်ဖြစ်ခြင်းသည် စီးပွားရေးဥပဒေအရဖြစ်သည်။

မိမိနိုင်ငံနှင့် နီးစပ်နေသောနိုင်ငံများ၏ စီးပွားရေးကျဆင်းမှုများရှိနေပါက မိမိနိုင်ငံ၏ဈေးနှုန်း များလည်း ကျဆင်းလာမည်ဖြစ်သည်။ တိုင်းပြည်၏ နိုင်ငံရေးအခြေအနေပေါ်မူတည်ပြီး ဈေးနှုန်းများအတက်အကျဖြစ်ပေါ်စေသည်။

လက်ရှိတာဝန်ယူဆောင်ရွက်နေရသည့် အစိုးရအဖွဲ့ပေါ်တွင်လည်း မူတည်၍ ဈေးနှုန်းများ အတက်အကျရှိနေ သည်။ နိုင်ငံတကာ၏ အကူအညီအထောက်အပံ့များကလည်း ပြည်တွင်းဈေးနှုန်းအတက်အကျ ဖြစ်ပေါ်မှုကို ဖြစ်ပေါ်စေသည်။ လက်ရှိအခြေအနေတွင် တိုက်ခန်းပေါင်းများစွာရှိနေပြီး မော်တော်ယာဉ်များ တင်သွင်းမှုများမှာ အလွန်များပြားသော်လည်း အသုံးပြုရန်ဝယ်ယူနိုင်သူမရှိသလောက် ဖြစ်နေခြင်း၊ ရွေးကောက်ပွဲပြီးဆုံး၍ ပြည်သူအများက မဲပေးပြီး အဖြေသိရသည်နှင့် ဒေါ်လာများ ဈေးကျဆင်းသွားခြင်း၊ လက်ရှိအစိုးရအဖွဲ့ကလည်း တန်ဖိုးနည်း အိမ်ရာများနှင့် အငှားအိမ်ရာများ ဆောက်လုပ်မှုကိုမြန်မာနိုင်ငံအနှံ့အပြားတွင် ပြုလုပ်တည်ဆောက်ငှားရမ်းပေးနေခြင်း၊ နောက်အစိုးရအဖွဲ့အစည်းပေါ်ပေါက်လာတော့မည်ဟု သတင်းထွက်ပေါ်လာသည်နှင့် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုပြုလုပ်ထားသော အမေရိကန်နိုင်ငံမှ သက်တမ်းတိုးခြင်းမပြုတော့ကြောင်း အမိန့်ချမှတ်လာခြင်း၊ မြန်မာနိုင်ငံနှင့် စီးပွားရေးအရ ဆက်စပ်နေသော တရုတ်နိုင်ငံတွင် စီးပွားရေးများကျဆင်းနေခြင်း၊ ဒုတိယသမ္မတလောင်းအမည်စာရင်းတင်သွင်းလိုက်ပြီဆိုသော သတင်းထွက်လာသည်နှင့် ဂျပန်နိုင်ငံမှမြန်မာနိုင်ငံအတွက် အထောက်အပံ့များစွာပေးမည်ဟု ထုတ်ဖော်ပြောကြားလာခြင်း၊ တိုင်းဒေသကြီး မြို့တော်များ၏ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း (Urban Development Planning for Regional Cities) ကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (DUHD) နှင့် ဂျပန်နိုင်ငံ JICA တို့ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိခြင်း၊ ၂၀၁၆ ခုနှစ် မတ် ၁၁ရက်က ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပခဲ့သည့် အနာဂတ်မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံဆိုင်ရာ ယူကေ-ဂျပန် (UK-Japan) ဆွေးနွေးပွဲတွင် ဗြိတိန်နိုင်ငံက မြန်မာနိုင်ငံအတွက် အမေရိကန်ဒေါ်လာ သန်း ၃၀၀ အကူအညီ ပေးသွားမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံသံအမတ်က ပြောကြားခဲ့ခြင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ သမ္မတနှင့် ဒုတိယသမ္မတအဖြစ် ရွေးချယ်မှုရရှိထားခြင်း၊ လွန်ခဲ့သောနှစ် ၂၀ ခန့်မှ ယနေ့အထိ ကန်ထရိုက်တိုက်များ ဆောက်လုပ်လာသည်မှာ ကွန်ဒိုနှင့် ရိုးရိုးတိုက်ခန်းများမှာ နေရာပေါင်းစုံ၌ မိုလိုပေါက်အောင် များပြားလွန်းလှသော်လည်း ဝယ်ယူနိုင်သူအလွန်နည်းပါးလှသည့်အပြင် အိမ်၊ ခြံမြေဈေးကစားရန် ဝယ်ယူထားသူများ၌ တိုက်ခန်းများစွာဝယ်ယူထားကြပြီး ပြန်လည်ရောင်းချ၍ မရသဖြင့် ၎င်းတို့ကလည်း ထပ်မံဝယ်ယူရန် အင်အားလုံးဝမရှိသော အခြေအနေများဖြစ်နေကြသည်။

ယင်းကဲ့သို့ဖြစ်နေသည်မှာ နှစ်ပေါင်းကြာလာသည်နှင့် အမျှ နေမြင့်လေ အရှုးရင့်လေဆိုသကဲ့သို့ ကန်ထရိုက်များနှင့် ဈေးကစားရန် ဝယ်ယူထားသူများမှ စိုးရိမ်ပူပန်မှုများဖြစ်နေရသော အချိန်ကာလလည်း ဖြစ်သည်။ ထိုသို့ဖြစ်နေသည့် အချိန်ကာလကြာလာသည်နှင့်အမျှ နာမည်ကြီး ကန်ထရိုက်တချို့နှင့် ငါးကြင်းဆီနှင့် ငါးကြင်းကြော်မည်ဟု ရည်ရွယ်၍ လုပ်ကိုင်နေကြသော ကန်ထရိုက်များ၊ ငွေကြေးချေးငှား၍ လုပ်ကိုင်နေကြသော ကန်ထရိုက်များမှာ မနိုင်မနင်းဖြစ်နေကြပြီး လိမ်လည်မှုများရှိလာ၍ တရားစွဲဆိုခံနေကြရသောအချိန်လည်း ဖြစ်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကလည်း ဝယ်ယူရင်းနှီးမြှုပ်နှံမှုမျိုးကို မလုပ်ကြဘဲ ငှားရမ်းမှုများဖြင့်သာ လုပ်ကိုင်လျက်ရှိကြသည်။

ထိုသို့သော အကြောင်းတရားများစွာကြောင့် မော်တော်ကားကုမ္ပဏီပိုင်ရှင်နှင့် ပွဲစားတချို့၊ တိုက်ခန်းမြေဝယ်ရောင်းလုပ်သူနှင့် အိမ်ပွဲစားအများစုက ယခုလို အခြေအနေမျိုးဖြင့်သွားနေမည်ဆိုလျှင် ဈေးနှုန်းများ အဆမတန်ကျဆင်းလာနိုင်သည်ဟု ညည်းတွားပြောဆိုနေကြသည်ကို ကြားသိခဲ့ရသည်။ ထို့ပြင် သတင်းစာ၊ ဂျာနယ်ပေါင်းစုံ၌ တိုက်ခန်း၊ မြေ၊ မော်တော်ကားများ ရောင်းလိုကြောင်း ကြော်ငြာများမှာ အလွန်ပင်များလှပြီး တချို့မှာ ဈေးနှုန်းများအား အရောင်းအဝယ်ဖြစ်အောင် ညှိနှိုင်းပေးပါမည်ဟု ဖော်ညွှန်း၍ ကြော်ငြာလာသည်ကို တွေ့ရှိနေရသည်။ သို့ပါ၍ ဖော်ပြပါ အကြောင်းတရားများကြောင့် တိုက်ခန်း၊ မြေနှင့်၊ မော်တော်ကားများ အဆမတန်ဈေးနှုန်းများ ကျဆင်းလာဖွယ်ရာရှိနေပါကြောင်း တင်ပြလိုက်ရပါသည်။

**◆ တန်ဖိုးမျှတမှု**

ရေလောင်းအိမ်သာ၊ မီးဖိုခန်းတို့ပါဝင်သည်။ တိုက်ခန်းဈေးနှုန်းများမှာမြေညီထပ် ၁၆၅ သိန်း၊ ပထမထပ် ၁၅၅ သိန်း၊ ဒုတိယထပ်၁၄၅သိန်း၊ တတိယထပ် ၁၃၅ သိန်းဖြစ်ပြီး လက်ငင်းငွေချေစနစ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့်ချိတ်ဆက်၍ အရစ်ကျစနစ်များဖြင့် ရောင်းချပေးရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ချန်ပီယံလိဂ်ဖလား၊ ယွန်းဘက်နှင့် သူ၏ပရိသတ်များ ပျော်ရွှင်ခဲ့သည့်ည

ရန်ကုန် မတ် ၂၆

**သတင်း - ခင်ဇာလီ**
**ဓာတ်ပုံ - မီချီကိုဟန်**

**မြန်မာနိုင်ငံတွင် ရောက်ရှိနေသော UEFA ချန်ပီယံလိဂ်ဖလား၊ အာဆင်နယ်ကစားသမားဟောင်း ဖရက်ဒစ်ယွန်းဘက်တို့နှင့်အတူ ရင်ခုန်စိတ်လှုပ်ရှားဖွယ် အစီအစဉ်များကို မတ် ၂၆ ရက် ညပိုင်းက ရွှေထွဋ်တင်ကွင်း၌ ကျင်းပရာ မြန်မာပြည် ဘောလုံးချစ်ပရိသတ်များအတွက် ယွန်းဘက်နှင့် ခဏတွေ့ဆုံခိုက် မေးမြန်းခဲ့သည်များကို ဖော်ပြပေးလိုက်ပါသည်။**

**မေး။ ။ ယွန်းဘက်အနေနဲ့ မြန်မာပြည်က ဘောလုံးချစ်ပရိသတ်တွေနဲ့ တွေ့ဆုံရတဲ့အခါ ဖြစ်ပေါ်မိတဲ့ ခံစားချက်ကို ပြောပြပေးပါ။**

ဖြေ။ ။ ကျွန်တော့်ကို ချစ်တဲ့ ပရိသတ်တွေအများကြီးကို တွေ့ရတော့ စိတ်လှုပ်ရှားမိတယ်။ မြန်မာပြည်ကိုရောက်တော့ မြန်မာပြည်သူတွေရဲ့နွေးထွေးမှု၊ ရင်းနှီးဖော်ရွေမှုတွေကို ခံစားရတယ်။ အခွင့်အခါများရှိရင် မြန်မာပြည်ကို ထပ်လာချင်ပါတယ်။

**မေး။ ။ဘာစီလိုနာအသင်းကို ရှုံးနိမ့်ခဲ့ပြီးတော့ ကိုယ်တိုင်ဖလားကို အရမယူနိုင်ခဲ့တဲ့အချိန် ဘယ်လိုခံစားရလဲ။ အခု ဖလားကို ကိုင်မြှောက်ခွင့်ရတဲ့အချိန်မှာရော ဘယ်လိုခံစားရလဲ။**

ဖြေ။ ။ဒါက ဘောလုံးလောကသားတွေရဲ့ ဖြစ်ရိုးဖြစ်စဉ်ဘဝတစ်ခုပါပဲ။ ထွေထွေထူးထူး မခံစားခဲ့ရပါဘူး။ ဒါပေမယ့် ဖလားကို ကိုင်မြှောက်ခွင့်ရမယ့် အခွင့်အရေးကတော့ လူတိုင်းမရနိုင်ပါဘူး။ အခုဒီမှာ ဖလားကို ကိုင်မြှောက်ခွင့်ရကြတာဟာ မြန်မာပရိသတ်တွေအတွက် အခွင့်အလမ်းကောင်း တစ်ခုပါ။

**မေး။ ။ လက်ရှိ အာဆင်နယ်အသင်းက ရာသီအစမှာ ရလဒ်တွေကောင်းခဲ့ပေမယ့် ပရီမီယာလိဂ်ပွဲစဉ်တွေ ပြီးဆုံးတော့မယ့်အခါမှ ရလဒ်တွေက ဘာကြောင့်ကျလာရတာလဲ။**

ဖြေ။ ။လက်စတာစီးတီးနဲ့က တစ်ပွဲလျော့ ၁၁ မှတ်ကွာနေချိန် လက်ကျန်ပွဲစဉ်တွေမှာ အမှတ်ရမယ်ဆိုရင်တော့ ချန်ပီယံဖြစ်နိုင်ပါတယ်။

**မေး။ ။အသင်းရဲ့လက်ရှိအနေအထားအရ တချို့ပရိသတ်တွေ အာစင်ဝင်းဂါးကို လက်မခံနိုင်တဲ့အပေါ်မှာ ယွန်းဘက်အနေနဲ့ ဘယ်လိုမြင်သလဲ။ ဆက်ရှိနေသင့်တယ်လို့ မြင်လား။**

ဖြေ။ ။အာစင်ဝင်းဂါးက အာဆင်နယ်မှာ နည်းပြလုပ်ခဲ့တဲ့ နှစ် ၂၀ ကျော်ကာလအတွင်း သူ့ရဲ့စွမ်းဆောင်ရည်ကောင်းတချို့ကို ပြသနိုင်ခဲ့တယ်။ အခုလက်ရှိအနေအထားကိုလည်း တချို့ပရိသတ်တွေ ကျေနပ်ကြတယ်။ အာဆင်နယ်မှာ ဆက်ရှိနေမယ် မရှိနေဘူးဆိုတာတော့ အာစင်ဝင်းဂါးကိုယ်တိုင်ဆုံးဖြတ်ရမှာပါ။

**မေး။ ။ အောင်မြင်တဲ့ ဘောလုံးကစားသမားကောင်းတစ်ယောက်ဖြစ်ဖို့ ဘာတွေလိုအပ်မလဲ။**

ဖြေ။ ။ ဘောလုံးကစားသမားကောင်းတစ်ယောက်ဟာ စွမ်းဆောင်ရည်တွေရှိဖို့လိုတယ်။ လေ့ကျင့်မှုလိုတယ်။ နည်းပြကောင်းတွေနဲ့တွေ့ဖို့လည်း လိုအပ်တယ်။

**မေး။ ။မြန်မာ့ဘောလုံးလောကတိုးတက်ဖို့ ယွန်းဘက်အနေနဲ့ ဘာအကြံဉာဏ်တွေပေးချင်ပါသလဲ။**

ဖြေ။ ။ ခန္ဓာကိုယ်လေ့ကျင့်မှုထက်စာရင် နည်းစနစ်ပိုင်းကို ပိုဦးစားပေးရမယ်။ အောင်မြင်တဲ့နည်းပြကောင်းတွေနဲ့ စနစ်ကျတဲ့ သင်ကြားမှုတွေရှိရင် တိုးတက်မှာပါ။ ပြီးရင်တော့ ခန္ဓာကိုယ်ကြံ့ခိုင်ဖို့အတွက် လေ့ကျင့်ရပါမယ်။

**မေး။ ။မြန်မာနိုင်ငံက အာဆင်နယ်ပရိသတ်တွေကိုကော ဘာများ ပြောချင်ပါသလဲ။**

ဖြေ။ ။ဒီပွဲမှာ အားလုံးနဲ့ ပျော်ပျော်ရွှင်ရွှင် ပါဝင်ခွင့်ရလို့ အလွန်ဝမ်းသာပါတယ်။

UEFA ချန်ပီယံလိဂ်ဖလား လှည့်လည်ပြသခြင်း နောက်ဆုံးနေ့ကို မတ် ၂၆ တွင် ရန်ကုန်မြို့ အရှေ့မြင်းပြိုင်ကွင်းလမ်းပေါ်ရှိ ရွှေထွဋ်တင်ကွင်း၌ မွန်းလွဲ ၁ နာရီမှ ည ၁၁ နာရီထိ ပြုလုပ်ခဲ့သည်။ အာဆင်နယ်ကစားသမားဟောင်း ဖရက်ဒစ် ယွန်းဘက်တို့နှင့်အတူ ဓာတ်ပုံရိုက်ခြင်း၊ အမှတ်တရဓာတ်ပုံရိုက်ခြင်းများဖြင့် ဘောလုံးချစ်ပရိသတ်များ များစွာပါဝင်ပျော်ရွှင်ခဲ့ကြသည်။

ချန်ပီယံလိဂ်ဖလားကို ၁၉၅၄ ခုနှစ် ဗီယက်နမ်မြို့မှာ စတင်မွေးဖွားခဲ့သည်။ ဆုဖလားကိုငွေသားအမျိုးအစား ၉၂၅ မျိုးဖြင့်ထုလုပ်ထားပြီး ၇၁ စင်တီမီတာ အရှည်နှင့် ၇ ဒသမ ၅ ကီလိုဂရမ် အလေးချိန်ရှိသည်။ ချန်ပီယံလိဂ်ဖလား လှည့်လည်မှုကိုမူ Heineken ၏ ပံ့ပိုးမှုဖြင့် ၂၀၁၅ ခုနှစ်အတွင်း အမေရိကန်




နိုင်ငံ၊ ၂၀၁၄ ခုနှစ်အတွင်း အာဂျင်တီးနား၊ နိုင်ဂျီးရီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ကို သွားရောက်ခဲ့သည်။ ၂၀၁၃ ခုနှစ်အတွင်း လှည့်လည်ခဲ့သည့် နိုင်ငံများမှာ ဘရာဇီး၊ ကွန်ဂိုသမ္မတနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ဖြစ်ပြီး ၂၀၁၂ ခုနှစ်အတွင်း မက္ကဆီကို၊ အရှေ့အာဖရိကနှင့်တရုတ်နိုင်ငံတို့ကို သွားရောက်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် အာရှနိုင်ငံများ၊ ၂၀၁၀ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၊ ၂၀၀၉ ခုနှစ်တွင် အာဖရိကတိုက်နိုင်ငံများ၊ ၂၀၀၈ ခုနှစ်တွင် လက်တင်အမေရိကနှင့် ၂၀၀၇ ခုနှစ်တွင် အာရှနိုင်ငံများသို့ အသီးသီးသွားရောက်ခဲ့ပြီးဖြစ်သည်။ ယခု ချန်ပီယံလိဂ်ဖလားသည် ရန်ကုန်မြို့သို့ မတ် ၂၀ ရက်တွင် လာအိုနိုင်ငံမှ တစ်ဆင့်ရောက်ရှိလာပြီး ရန်ကုန်မြို့မှတစ်ဆင့် ဘရာဇီးနိုင်ငံ ဆာပေါ်လိုမြို့သို့အာဆင်နယ်ကစားသမားဟောင်း ဖရက်ဒစ် ယွန်းဘက်နှင့်အတူ ဆက်လက်ထွက်ခွာမည်ဟု သိရသည်။

# အီရတ်နိုင်ငံအလယ်ပိုင်း ဘောလုံးကွင်းတစ်ခုတွင် အသေခံဗုံးပေါက်ကွဲ လူ ၂၆ ဦးသေဆုံး၊ ၆၀ ကျော် ဒဏ်ရာရ



**ဘဂ္ဂဒက် မတ် ၂၆**

အီရတ်နိုင်ငံအလယ်ပိုင်းရှိ ဘောလုံးကွင်းတစ်ခုတွင် အသေခံဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အနည်းဆုံးလူ ၂၆ ဦး သေဆုံးပြီး ၆၀ ကျော် ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ဒေသန္တရသတင်းများအရသိရသည်။

ယင်းပေါက်ကွဲမှုသည် ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၄၀ အကွာ အစ္စကန်ဒါရီရာမြို့ရှိ ဘောလုံးကွင်း တစ်ကွင်း၌ ဘောလုံးပွဲကျင်းပနေစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ အစ္စလာမ္မစ်နိုင်ငံထူထောင်ရေး အိုင်အက်စ်အဖွဲ့က အဆိုပါပေါက်ကွဲမှုကို ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု ဝန်ခံပြောကြားခဲ့သည်။

ယင်းပေါက်ကွဲမှုသည် အသေခံဗုံးပေါက်ကွဲခဲ့ခြင်း ဖြစ်သည်ဟု ဒေသန္တရအာဏာပိုင်များက ဆိုသည်။

ဗုံးပေါက်ကွဲမှုတွင် မြို့တော်ဝန်တစ်ဦးသေဆုံးခဲ့ပြီး အစ္စလာမ္မစ်နိုင်ငံထူထောင်ရေး အိုင်အက်စ်အဖွဲ့ကို ချေမှုန်းရန် စစ်ဆင်ရေးဆင်နွှဲနေသည့် ရှီးယိုက်အဆင့်မြင့် ပြည်သူ့စစ်အဖွဲ့ဝင်တစ်ဦးလည်း ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အွန်လိုင်းစာမျက်နှာတွင်ထွက်ပေါ်လာသော အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ ထုတ်ပြန်ကြေညာချက်တွင် အသေခံဗုံးဖောက်ခွဲမှုသည် ရှီးယိုက်အုပ်စုကို ပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်ဟု ပါရှိသည်။

အီရတ်နိုင်ငံ၏ ဒုတိယမြို့တော်မိုဆူးလ်ကို အိုင်အက်စ်တို့လက်မှ ပြန်လည်သိမ်းပိုက်ရန် အီရတ်အစိုးရအဖွဲ့က အနီးဝန်းကျင်ဒေသများတွင် မတ် ၂၄ ရက်က စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီးနောက် အဆိုပါအသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၁၄ ခုနှစ် ဇွန်လကစပြီး အိုက်အက်စ်အဖွဲ့က မိုဆူးလ်မြို့ကို သိမ်းပိုက်ထားသည်။ **အင်န်အိတ်ချ်ကေ။**

## ရာဒိုဗန်ကာရာဇစ်အား ထောင်ဒဏ်နှစ် ၄၀ ချမှတ်

**သည်ဟိဂ် မတ် ၂၆**

၁၉၉၂ မှ ၁၉၉၅ ခုနှစ်အတွင်း ဘော့စနီးယားဟာဇီဂိုဗီးနားတွင် စစ်ရာဇဝတ်မှုများကျူးလွန်ခဲ့မှုဖြင့် သည်ဟိဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ စစ်ရာဇဝတ်မှုခုံရုံးမှ ဆာ့ဘ်သမ္မတဟောင်း ရာဒိုဗန်ကာရာဇစ်အား ထောင်ဒဏ်နှစ် ၄၀ ပြစ်ဒဏ်ချမှတ်လိုက်သည်။

ခုံရုံး၏ ပြစ်ဒဏ်ချမှတ်မှုအပေါ် ရာဒိုဗန်ကာရာဇစ် အနေဖြင့် အယူခံဝင်နိုင်ခွင့်ရှိပြီး ၎င်းအပေါ် အပြီးသတ် ပြစ်ဒဏ်ချမှတ်ခြင်း မတိုင်မီအထိ ၎င်းအား သည်ဟိဂ် မြို့ရှိ အဆိုပါခုံရုံး ထိန်းသိမ်းရေးစခန်းတွင် ထားရှိမည် ဖြစ်သည်။

ရာဒိုဗန်ကာရာဇစ်သည် သည်ဟိဂ်မြို့ ခုံရုံးမှ ပထမဆုံးပြစ်ဒဏ်ချမှတ်ခံရသော ဆာ့ဘ်သမ္မတဟောင်း လည်းဖြစ်ပြီး ၎င်းသည် ၁၉၉၅ ခုနှစ်အတွင်းက ဆာဘရီနီကာဒေသတွင် ဘော့စနီးယားလူမျိုးများအား လူမျိုးတုံးသတ်ဖြတ်မှု၊ ဆာရာယေဗိုနှင့် အခြားဒေသ ခုနစ်ခုတွင် ပြန်ပေးဆွဲမှုများနှင့် ကြီးမားသော စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့သောကြောင့် ယင်းသို့ ပြစ်ဒဏ်စီရင်ခြင်း ဖြစ်သည်။

**ဆင်ဟွာ။**



# ဆိုင်းနိုင်းဒေသတွင် အီဂျစ်တပ်ဖွဲ့များတိုက်ခိုက်၍ အကြမ်းဖက်သမား ၆၀ သေဆုံး

**ကိုင်ရို မတ် ၂၆**

ဆိုင်းနိုင်းကျွန်းဆွယ် မြောက်ပိုင်းရှိ မငြိမ်မသက်မှုများ ဖြစ်ပွားနေသည့်ရာဖာနှင့်ရှိကတ်ဇူဝတ်မြို့များကို မတ် ၂၅ ရက်တွင် အီဂျစ်တပ်ဖွဲ့ဝင်များက စီးနင်းတိုက်ခိုက်ခဲ့ရာ အစ္စလာမ္မစ်အစွန်းရောက်အကြမ်းဖက်သမား ၆၀ သေဆုံးခဲ့ကြောင်း အီဂျစ်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အဆိုပါမြို့နှစ်မြို့တွင် ပုန်းအောင်းနေသည့်စစ်သွေးကြွများကို အီဂျစ်အကြမ်းဖက်မှုနှိမ်နင်းရေးတပ်ဖွဲ့ဝင်များက စစ်လေယာဉ်များ၏ အထောက်အကူပြုမှုဖြင့် စီးနင်းတိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမား ၆၀ သေဆုံးပြီး အခြားအယောက် ၄၀ မှာဒဏ်ရာရရှိခဲ့ကြောင်း အီဂျစ်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ၏ကြေညာချက်တွင် ဖော်ပြသည်။

လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းက ဆိုင်းနိုင်းကျွန်းဆွယ်မြောက်ဘက် အယ်လ်အရစ်ချ်မြို့ရှိ အီဂျစ်ရဲတပ်ဖွဲ့စစ်ဆေးရေးစခန်းကို စစ်သွေးကြွများက စိန်ပြောင်းဖြင့် ပစ်ခတ်ခဲ့ရာ အီဂျစ်ရဲတပ်ဖွဲ့ဝင် ၁၅ ဦး သေဆုံးခဲ့သည်။

ဆိုင်းနိုင်းမြောက်ပိုင်းဒေသတွင် ဆန်ဆာဘေယက်အယ်လ်မတ်တွမ်(အေဘီအမ်)အမည်ရှိ စစ်သွေးကြွအဖွဲ့ အခြေစိုက်နေပြီး ယင်းအဖွဲ့မှာ အိုင်အက်စ်အဖွဲ့နှင့်ဆက်စပ်နေသည်။ ယင်းတိုက်ခိုက်မှုကို ၎င်းတို့ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ကြေညာထားသည်။ **ဆင်ဟွာ။**

# ပြုံယမ်းထိပ်တန်းလျှို့ဝှက်ချက်များ ခိုးယူခဲ့သူ အမေရိကန်နိုင်ငံသားတစ်ဦးက တောင်ကိုရီးယားနိုင်ငံအတွက် ခိုးယူခဲ့သည်ဟု ဖြောင့်ချက်ပေး

**ပြုံယမ်း မတ် ၂၆**

မြောက်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းကာကွယ်ရေးလျှို့ဝှက်ချက်များ ခိုးယူခဲ့ခြင်းနှင့်ပတ်သက်ပြီး ဖမ်းဆီးခြင်းခံထားရသော အမေရိကန်နိုင်ငံသားတစ်ဦးက ယင်းသို့ ခိုးယူခြင်းသည် တောင်ကိုရီးယားနိုင်ငံအတွက်ခိုးယူခြင်း ဖြစ်သည်ဟု မတ် ၂၅ ရက်တွင် ပြုံယမ်း၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ဝန်ခံပြောကြားခဲ့ကြောင်း ဒေသန္တရမီဒီယာများက ဆိုသည်။

အသက်(၆၂)နှစ်ရှိသော ကင်ဒုံးချောင်က ထိပ်တန်းလျှို့ဝှက်ချက်များ ခိုးယူခဲ့ခြင်းနှင့်ပတ်သက်၍ မီဒီယာသို့ တောင်းပန်လျက် ဝန်ခံဖြောင့်ချက်ပေးခဲ့သည်။

ကင်ဒုံးချောင်သည် တောင်ကိုရီးယားနိုင်ငံဖွား အမေရိကန်နိုင်ငံသားတစ်ဦးဖြစ်ပြီး လွန်ခဲ့သော အောက်တိုဘာလက မြောက်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းကာကွယ်ရေးလျှို့ဝှက်ချက်များကို ခိုးယူခဲ့ခြင်းနှင့်ပတ်သက်ပြီး မြောက်ကိုရီးယားအာဏာပိုင်များ၏ ဖမ်းဆီးခြင်းကိုခံခဲ့ရသည်။

၂၀၁၁ ခုနှစ်တွင် တောင်ကိုရီးယား စုံစမ်းစစ်ဆေးရေး အရာရှိများက မြောက်ကိုရီးယား ထိပ်တန်းကာကွယ်ရေး လျှို့ဝှက်ချက်များကို ခိုးယူပေးရန် သူ့အားပထမဆုံးအကြိမ် လာရောက်တွေ့ဆုံခဲ့ကြောင်း ကင်ကထုတ်ဖော်ပြောကြားခဲ့သည်ဟု မြောက်ကိုရီးယား သတင်းဌာန ကေစီအင်န်အေက ဆိုသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးနှင့်ချူစွမ်းအင် လျှို့ဝှက်ချက်များကို အရင်းအမြစ်တစ်ခုမှ ခိုးယူနေစဉ် ဖမ်းဆီးခြင်းခံခဲ့ရကြောင်း အဆိုပါသတင်းဌာနက ဆက်လက်ပြောကြားခဲ့သည်။

ကင်က မြောက်ကိုရီးယားအထူးစီးပွားရေးဇုန် ရာဆန်သို့ အကြိမ်ကြိမ်သွားရောက်ခဲ့ကြောင်း ဇန်နဝါရီလက ကင်နှင့် စီအင်န်အင်န်သတင်းဌာန အင်တာဗျူးတစ်ရပ်တွင် ကင်က ပြောကြားခဲ့သည်။ ယင်းအထူးစီးပွားရေးဇုန် ရာဆန်တွင် ၎င်းအားဖမ်းဆီးခဲ့သည်။

ကင်သည် အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်တွင်နေထိုင်သော်လည်း ယခုခိုးယူခဲ့သည့် မြောက်ကိုရီးယား ထိပ်တန်းလျှို့ဝှက်ချက်များသည် အမေရိကန်အစိုးရအတွက် ခိုးယူခဲ့ခြင်းမဟုတ်ဘဲ တောင်ကိုရီးယားနိုင်ငံအတွက်သာ ခိုးယူခဲ့ခြင်းဖြစ်သည်ဟု ကင်က အဆိုပါ အင်တာဗျူးတွင်ပြောကြားခဲ့ကြောင်းသိရသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းလျှို့ဝှက်ချက်များကို ခိုးယူရန်ကြိုးပမ်းခြင်းအတွက် ဖမ်းဆီးခြင်းခံခဲ့ရသည့် အမေရိကန်ကျောင်းသား အိုတိုဖရီဒီရစ်ခ်အား မြောက်ကိုရီးယားအာဏာပိုင်များက ပြစ်ဒဏ်ချမှတ်ခဲ့ပြီးနောက် ရက်အနည်းငယ်အကြာတွင် အဆိုပါအင်တာဗျူးထွက်ပေါ်လာခဲ့သည်။

အမေရိကန်အစိုးရက ၎င်းတို့၏နိုင်ငံသားများကို ပြုံယမ်းအနေဖြင့် သံတမန်ဆက်ဆံရေးတွင် လက်ကိုင်တုတ်အဖြစ် အသုံးချလျက်ရှိသည်ဟု စွပ်စွဲထားသည်။ ယင်းစွပ်စွဲချက်ကို ပြုံယမ်းက ငြင်းပယ်ထားကြောင်းသိရသည်။ **ဆင်ဟွာ။**

## တူရကီအရှေ့တောင်ပိုင်းတွင် ပီကေကေအဖွဲ့က ကားဗုံးခွဲတိုက်ခိုက် တူရကီစစ်သားသုံးဦးသေဆုံးပြီး ၂၄ ဦး ထိခိုက်ဒဏ်ရာရ

**အန်ကာရာ မတ် ၂၆**

တူရကီနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် မတ် ၂၄ ရက်က စစ်သွေးကြွများက ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် တူရကီစစ်သားသုံးဦးသေဆုံးပြီး ၂၄ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရသတင်းများအရ သိရသည်။

တူရကီနိုင်ငံတွင် မတရားသင်းအဖြစ်ကြေညာထားသော ကာဒစ်အလုပ်သမားပါတီ(ပီကေကေ)စစ်သွေးကြွများက ဒိုင်ယာဘာရီ ကာဘင်ဂို အဝေးပြေးလမ်းမကြီးအနီးရှိ မာမာဂရာဒစ်ရထားဘူတာရုံတွင် မတ် ၂၄ ရက်က ကားဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ယင်းအဝေးပြေးလမ်းမကို ထိုနေ့ညနေပိုင်းတွင် ပိတ်ထားလိုက်ကြောင်း သတင်းတွင်ဖော်ပြသည်။

ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားရာဒေသသို့ အရေးပေါ်လူနာတင်ကားများနှင့် လုံခြုံရေးတပ်ဖွဲ့များစေလွှတ်ခဲ့ပြီး ပီကေကေအဖွဲ့ဝင် စစ်သွေးကြွများနှင့် တူရကီလုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ တူရကီလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်သိမ်းယူမှုကြောင့် အခင်းဖြစ်နေရာမှ စစ်သွေးကြွများ ထွက်ပြေးလွတ်မြောက်သွားသည်။

ယင်းဖြစ်ရပ်တွင် ထိခိုက်ဒဏ်ရာရရှိသူများအား ဒိုင်ရာဘာရီကာ စစ်ဆေးရုံသို့ တင်ပို့ကုသထားပြီး ဒဏ်ရာရသူအချို့မှာ စိုးရိမ်ရသည့် အခြေအနေရှိကြောင်း တူရကီအစိုးရ သတင်းတွင်ဖော်ပြသည်။

တူရကီအစိုးရနှင့် ပီကေကေအဖွဲ့အကြား အပစ်အခတ်ရပ်စဲထားမှုသည် ယမန်နှစ်ဇူလိုင်လ နှောင်းပိုင်းက ပျက်ပြားသွားပြီးနောက် တူရကီစစ်ဘက်က ယင်းနိုင်ငံအရှေ့တောင်ပိုင်းဒေသတွင် ရှိသော ပီကေကေအဖွဲ့ကို အဓိကထိုးစစ်များ ဆင်နွှဲလျက် ရှိသည်။

**ဆင်ဟွာ။**



# နှလုံးနှင့် သွေးကြောပိုက်သွင်းစမ်းသပ်၊ ကုသစက် ခုတင်(၅၅၀)ဆံ့ကလေးဆေးရုံကြီး(ရန်ကင်း)၌ဖွင့်

**ရန်ကုန် မတ် ၂၆**

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက် (MDG Goal)များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရည်မှန်းချက် (၄)နှင့် (၅)တွင်ပါဝင်သည့် မိခင်နှင့်ကလေးများ သေဆုံးမှုလျှော့ချရေးအတွက် စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငါးနှစ်အောက်ကလေး သေဆုံးမှုများကို လေ့လာကြည့်ပါက မွေးပြီးတစ်ပတ်အတွင်းအရွယ်တွင် သေဆုံးမှုအမြင့်ဆုံးဖြစ်သည်ကိုတွေ့ရှိရပါကြောင်း၊ မွေးကင်းစအရွယ်ကလေးငယ်များသည် အလွန်နုနယ်သော အရွယ်များဖြစ်ကြပြီး Infection – Prone ဖြစ်သည်ကိုလည်း တွေ့ရှိရပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ကလေးဆေးရုံကြီး (ရန်ကင်း)၌ Infection Control အတွက် အဆင့်အတန်းမြင့်ပြီး ခေတ်မီစက်ကိရိယာများ တပ်ဆင်ထားသည့် Neonatal ICU ကို တည်ဆောက်ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း၊ အလားတူ နှလုံးရောဂါဝေဒနာရှင် ကလေးငယ်များအတွက် နှလုံးနှင့်သွေးကြောပိုက်သွင်းစမ်းသပ်၊ ကုသစက်ကိုလည်း တပ်ဆင်ဖွင့်လှစ်ပေးပြီး ဖြစ်ပါကြောင်း။

ကျန်းမာရေးဝန်ထမ်းများကလည်း နိုင်ငံတော်၏စေတနာဖြင့် အသစ်တပ်ဆင်ဖွင့်လှစ်လိုက်သော Neonatal ICU နှင့် Cardiac Catheterization Laboratory တို့ကို စနစ်တကျအသုံးပြုကာ ဝေဒနာရှင်ကလေးငယ်များအား နွေးထွေးစွာဆက်ဆံပြီး ရောဂါသက်သာပျောက်ကင်းအောင် စေတနာထား၍ ပြုစုကုသပေးကြရန် တိုက်တွန်းပါကြောင်း မတ် ၂၆ ရက်က ရန်ကုန်မြို့ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး(ရန်ကင်း)၌ ကျင်းပသည့် နှလုံးသွေးကြော ပိုက်သွင်းစမ်းသပ်၊ ကုသစက်ဖွင့်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ပြောကြားသည်။



မွေးရာပါနှလုံးရောဂါဝေဒနာရှင် ကလေးငယ်များအား ကုသမှုပေးရာတွင် ပိုမိုထိရောက်မှုရှိစေရန်အတွက် နိုင်ငံတော်၏ပံ့ပိုးမှုဖြင့် ဝယ်ယူတပ်ဆင်ခဲ့သော နှလုံးနှင့် သွေးကြောပိုက်သွင်းစမ်းသပ်၊ ကုသစက် (Cardiac Catheterization Laboratory) ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး (ရန်ကင်း)၌ မတ် ၂၆ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ဆေးတက္ကသိုလ်(၁) ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးနှင့် ဆေးတက္ကသိုလ်(၂) ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာအေးအောင်တို့က ဖွင့်လှစ်ပေးကြပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်နှင့်အဖွဲ့သည် နှလုံးနှင့် သွေးကြောပိုက်သွင်းစမ်းသပ်၊ ကုသစက်တပ်ဆင်အသုံးပြုမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မွေးကင်းစကလေး အထူးကြပ်မတ် ကုသဆောင် (Neonatal ICU) ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန်နှင့် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်တို့က ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီးက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မွေးကင်းစကလေး အထူးကြပ်မတ် ကုသဆောင်အတွင်း ကလေးငယ်များအား ကုသပေးနေမှုများကို ကြည့်ရှုစစ်ဆေးကာ ဒီဇိုင်းရေးဆွဲတပ်ဆင်သည့် ကိုရီးယားပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လေသန့်စင်ခန်း၊ မိခင်နို့တိုက်ကျွေးခန်းများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ရန်ကင်းကလေးဆေးရုံကြီးတွင် နှလုံးနှင့် သွေးကြောပိုက်သွင်းစမ်းသပ်၊ ကုသစက်ကို တပ်ဆင်လိုက်သည့်အတွက် အဆိုပါစက်ကိုအသုံးပြု၍ နှလုံးရောဂါဝေဒနာရှင်ကလေးငယ်များအား သွေးကြောမှတစ်ဆင့် နှလုံးအထိရောက်အောင် Catheter ထည့်ပြီး နှလုံး၏ကျဉ်းနေသော အပေါက်များကို Ballom ထည့်ပြီး ချဲ့ခြင်း၊ Septal Defect များကို ဖာထေးပေးခြင်းတို့ကို ဆောင်ရွက်ကုသပေးနိုင်တော့မည်ဖြစ်သကဲ့သို့ ခေတ်မီပြီး နိုင်ငံတကာစံချိန်စံညွှန်းနှင့်ကိုက်ညီသည့် မွေးကင်းစကလေး အထူးကြပ်မတ်ကုသဆောင်တွင်လည်း မွေးကင်းစကလေးလူနာများကို ထိရောက်သည့် ပြုစုကုသမှုများ ဆောင်ရွက်ပေးနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်းများဆင်း

**ရန်ကုန် မတ် ၂၆**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ဝန်ထမ်း ၅၇ ဦးတို့၏ ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်းအမှတ်စဉ်(၂၇)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနတို့မှ ဝန်ထမ်း ၂၈ ဦးတို့၏ ပစ္စည်းထိန်းသင်တန်း အမှတ်စဉ်(၄)သင်တန်းများဆင်းပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဦးက အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။ သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၅ ရက်မှ မတ် ၂၅ ရက်ထိ ရက်သတ္တ ခြောက်ပတ်ကြာမြင့်ခဲ့သည်။ **(သတင်းစဉ်)**

# တိုင်းရင်းဆေးပညာစုပေါင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မတ် ၂၆**

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)နှင့် ရန်ကုန်တိုင်းရင်းဆေးရုံကြီး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)တို့ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာစုပေါင်းဆွေးနွေးပွဲကို မတ် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ရန်ကုန်တိုင်းရင်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဗဟို)ဥက္ကဋ္ဌ သမားတော်ကြီး ဦးသန်းညွန့်၊ ဒု-ဥက္ကဋ္ဌ ဦးပေါ်ညိမ်းနှင့် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဦးသောင်းနိုင်တို့က ဆောင်ရွက်ကြကာ အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းရင်းဆေးသမားတော် ဦးသောင်းလွင်က သွေးတိုးရောဂါနှင့် တိုင်းရင်းဆေးပညာစာတမ်းကို ဖတ်ကြားပြီး တက်ရောက်လာကြသည့် တိုင်းရင်းဆေးဆရာကြီးများနှင့် တိုင်းရင်းဆေးရုံမှ ဝန်ထမ်းများက သိလိုသည်များကို မေးမြန်းခြင်းနှင့် ဆွေးနွေးခြင်းတို့အပေါ် ပြန်လည်သုံးသပ်အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# ပီပင်ရင်း-နန်းတက်-ပါးတော် ကျောက်ချောလမ်းဖွင့်

**မြောက်ဦး မတ် ၂၆**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်တွင် (၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပီပင်ရင်း- နန်းတက်- ပါးတော် ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ရက်က ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းခင်က ပီပင်ရင်း-နန်းတက်-ပါးတော်လမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပီပင်ရင်း-နန်းတက်-ပါးတော် ကျောက်ချောလမ်း ပြီးစီးခြင်းနှင့်ပတ်သက်၍ ကျေးရွာသူ ကျေးရွာသားများကိုယ်စား ဒေသခံပြည်သူ ဦးမောင်သာစိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါ ပီပင်ရင်း- နန်းတက်- ပါးတော်လမ်းကို ခရိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **ခရိုင်(ပြန်/ဆက်)**

# စည်းကမ်းမဲ့ကြော်ငြာများ ဖြုတ်သိမ်းဖယ်ရှားရာတွင် ပုဇွန်တောင်မြို့နယ်၌ ကျူရှင်ကြော်ငြာအများဆုံးပါဝင်

**ရန်ကုန် မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းဆုံလမ်းခွများ၊ လူစည်ကားရာနေရာများ၌ စည်းကမ်းမဲ့ကြော်ငြာများမှာ အမြင်မတင့်တယ်သဖြင့် လိုက်လံဖြုတ်သိမ်းဖယ်ရှားရာတွင် ယခုရက်ပိုင်းအတွင်း ကျူရှင်ကြော်ငြာအများဆုံးပါဝင်ကြောင်း မတ် ၂၆ ရက်က ပုဇွန်တောင်မြို့နယ်အတွင်း ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ကြော်ငြာထားသော စီးပွားရေးကြော်ငြာများကို လိုက်လံဖြုတ်သိမ်းဖယ်ရှား



ဆောင်ရွက်နေသည့် လုပ်ငန်းခွင်မှ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်က ပြောသည်။

"စာမေးပွဲကြီးပြီးသွားလို့ ကျောင်းတွေ ပိတ်လိုက်တယ်ဆိုပေမယ့် လာမယ့်စာသင်နှစ်အတွက် ကျူရှင်တွေက အပြိုင်အဆိုင်ကြော်ငြာနေကြတယ်။ လမ်းဘေးက ဓာတ်တိုင်၊ သစ်ပင်တွေမှာ ကျူရှင်ကြော်ငြာတွေက အများဆုံးပဲ" ဟု ၎င်းက ပြောသည်။

အဆိုပါ ပုဇွန်တောင်မြို့နယ်သည် မြို့တွင်း ခြောက်မြို့နယ်၌ ပါဝင်သဖြင့် စီးပွားရေးအကွက်အကွင်း ကောင်းမှုကြောင့် စီးပွားရေးလုပ်ငန်းရှင်များ အားထားရာမြို့နယ်ဖြစ်သည်။

အလားတူ ဈေးကွက်တွင် အားပြိုင်မှုများရှိနေသဖြင့် အပြိုင်အဆိုင် ကြော်ငြာနေကြသော်လည်း သက်ဆိုင်ရာဌာနမှ ခွင့်ပြုချက်ရယူခြင်း မရှိသောကြောင့် ယခုကဲ့သို့ ဖြုတ်သိမ်းဖယ်ရှားရခြင်းဖြစ်ကြောင်း သိရသည်။

**(မောင်သုည)**

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

# ကွန်ကရစ်ဓာတ်တိုင်များ အစားထိုးလဲလှယ်

**အုတ်ဖို မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်အတွင်းရှိ ၄၀၀ ဗို့ဓာတ်အားလိုင်းမှ ဆွေးမြည့်သစ်သားတိုင်နှင့် သံတိုင် ၃၁၁ တိုင်တို့ကို ကွန်ကရစ်တိုင် သံလက်တန်းဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးဘတ်ဂျက်ရန်ပုံငွေဖြင့် မြို့နယ်လျှပ်စစ်မှူး ဦးအောင်ကိုကို ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ မတ် ၂၀ ရက်တွင် လုပ်ငန်းများပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးပြီး လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(၄၉၇)**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များပြသ

**မော်လမြိုင် မတ် ၂၆**

(၄၂)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားကို မော်လမြိုင်မြို့ မွန်ပြည်နယ်ခန်းမ၌ မတ် ၁၉ ရက်ကကျင်းပရာ မွန်ပြည်နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်ပြခန်းကို မွန်ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

(၇၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဆောင်းပါး

# စွန့်စားရဲရင့် အောင်ပွဲဆင့် အလှမ်းပွင့်တို့ ဝေးပါစေ

သတင်းဆောင်းပါး - သပြေ

ဝန်းကျင်တစ်ခွင်လုံးကို အချက်အချာကျကျ စိုးမိုးထားသည့် တောင်ကုန်းထိပ်တွင် လက်နက်ကြီးဗုံးသီးများ အဆက်မပြတ် ကျရောက်ပေါက်ကွဲနေသည်။ ယမ်းခိုးနှင့် မီးခိုးများ တစ်လိပ်လိပ်တက်နေသည့် မှုန်ဝါးနေသော မြင်ကွင်းကြားမှ လက်နက်ငယ် တုံ့ပြန်သံများကလည်း တဒိုင်းဒိုင်းဖြင့် မြိုင်ဆိုင်စွာ ထွက်ပေါ်နေဆဲဖြစ်သည်။ ရန်သူ၏ပစ်ကွင်းမြင်ကွင်းအောက်မှ ပွတ်ကာသီကာဖြင့် ဝပ်တွားချဉ်းကပ်နေကြသော တပ်မတော်သားတို့၏ ဝဲ၊ ယာတွင် ကျည်ဆန်ထိမှန်ပေါက်ကွဲမှုများက လက်ခနဲ၊ လက်ခနဲ ဖြာထွက်သွားသည်။

ရန်သူ၏အပေါ်စီးမှဖိ၍ပစ်ခတ်မှုကို ခံနေရသည့်အပြင် ရန်သူ့မိုင်းကွင်းကို ရှင်းလင်းချိန်မရဘဲ ဖြတ်သန်းချဉ်းကပ်နေကြသော်လည်း အန္တရာယ်ကို သတိပြုမိကြဟန်မတူ၊ "ပစ်ခတ်မှု"နှင့် "ရွေ့လျားမှု"ကို ဟန်ချက်ညီပေါင်းစပ်ပြီး "ပစ်ကူရယူသော ရန်သူစခန်းသိမ်းတိုက်ပွဲ"ကို တပ်မတော်သားများက ရဲဝံ့စွန့်စားစွာဆင်နွှဲနေခြင်းပင်။


"ပစ်ကူရပ်တာနဲ့ ပစ်တက်တက်ပြီး ကျားထိုးနိုင်အောင်ကပ်ထားကြ"ဟု ပစ်ခတ်သံများကြားမှ ဦးဆောင်ချဉ်းကပ်နေသည့် တပ်ကြပ်ကြီးထန်းဟာက ထပ်ဆင့်အမိန့်ပေးလိုက်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်နှင့်ကျောက်မဲမြို့နယ်အတွင်းရှိ တစ်နေရာတွင် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်နေခြင်းမှ ကာကွယ်နိုင်ရန် တပ်မတော်က နယ်မြေရှင်းလင်းနေခြင်းဖြစ်သည်။

ရှမ်းပြည်နယ်မြောက်ပိုင်း နယ်မြေအတွင်း ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၅ ရက်မှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်အထိ တိုင်းရင်းသားလက်နက်ကိုင်နှစ်ဖွဲ့တို့ တိုက်ပွဲပေါင်းအကြိမ် ၂၀ ခန့် ဖြစ်ပွားခဲ့သည်။ ယင်းလက်နက်ကိုင်အဖွဲ့များက ကျေးရွာများကို မီးရှို့သည့်အပြင် ရွာသူရွာသားများကို ဖမ်းဆီးသတ်ဖြတ်မှုမှစပြီး ရဟန်းသံဃာများကို ဖမ်းဆီးမှုများအထိ ပြုလုပ်လာခဲ့သည်။

"၂၀၁၆ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၅ ရက်အထိ ကျောက်မဲခရိုင်အတွင်းမှ ဒေသခံပြည်သူ အမျိုးသား ၁၄၆၇ ဦးနဲ့ အမျိုးသမီး ၂၁၉၀ ပေါင်း ၃၆၅၇ ဦးဟာ ကျောက်မဲမြို့ပေါ်နဲ့ မိုးမိတ်၊ နမ့်ခမ်းမြို့နယ်တွေထဲက ကျေးရွာတွေကို တိမ်းရှောင်နေကြရပါတယ်"ဟု စစ်ဆင်ရေးထွက်ခွာခဲ့စဉ် ကျောက်မဲမြို့ရောက်ရှိချိန်၌ တာဝန်ရှိသူတစ်ဦး၏ ရှင်းပြမှုကို ပြန်လည်သတိရပြီး စစ်ဘေးဒုက္ခသည်များအတွက် ကိုယ်ချင်းစာမိသည်။

အဆိုပါတိုက်ပွဲများနှင့် ပတ်သက်ပြီး တပ်မတော်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် နှစ်ဖက်အဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းဖြေရှင်းနေမှုများကို မြေပြင်သတင်းများ ရယူစုဆောင်းခဲ့သည်။ နှစ်ဖက်အဖွဲ့အစည်းများ၏ ထုတ်ပြန်ကြေညာချက်များကိုလည်း စောင့်ကြည့်ခဲ့ပြီး နယ်မြေကျော်လွန်ဝင်ရောက်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကို သတ်မှတ်ထားရှိသည့်နေရာသို့ ပြန်လည်ထွက်ခွာပေးရန် ကန့်ကွက်စာပို့ခဲ့သည်။

တပ်မတော်သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးမှုတွင် စေတနာမှန်ဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည်။ တစ်နိုင်ငံလုံးတွင် ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိနိုင်ရန် အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ရှမ်းပြည်နယ်မြောက်ပိုင်းနယ်မြေအတွင်း တိုက်ပွဲဖြစ်ပွားမှုများနှင့် ပတ်သက်ပြီး တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ဖြေရှင်းနေမှုကို စောင့်ကြည့်ခဲ့သည်။



၂၀၁၅ ခုနှစ် မေလဆန်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့မြောက်ဘက် စီကော်လုံဒေသရှိ ပွိုင့်-၂၂၀၂ တောင်ကုန်းအား သိမ်းပိုက်ရန် တပ်မတော်သားများ ချဉ်းကပ်တိုက်ပွဲဝင်နေစဉ်။ (မြဝတီ)

"ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကျောက်မဲမြို့နယ်ဒေသအတွင်း ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများ ဒုက္ခများစွာ ကြုံတွေ့နေရသဖြင့် တိုက်ပွဲများ အမြန်ရပ်ဆိုင်းနိုင်ရေးနှင့် စစ်ဘေးရှောင်ပြည်သူများ၏ လူမှုဒုက္ခများအား အမြန်ဆုံးဖြေရှင်းရေး ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးကို တိုက်တွန်းပါကြောင်း" ကျောက်မဲ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်က ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့က ပြုလုပ်သည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးတွင် အရေးကြီးအဆိုတင်သွင်းခဲ့ရာ ဖေဖော်ဝါရီလ ၁၇ ရက်နေ့က ပြုလုပ်ခဲ့သည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ပြီး အတည်ပြုခဲ့ကြသည်။

ထို့ကြောင့်လည်း တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒို့တာဝန်အရေးသုံးပါးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်ထိခိုက်နေခြင်းမှ ကာကွယ်နိုင်ရန် နမ့်ဆန်နှင့် ကျောက်မဲမြို့နယ်များအတွင်း ရောက်ရှိလှုပ်ရှားနေကြသော လက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို မလွှဲရှောင်သာသည့်အခြေအနေတွင် ဝင်ရောက်ရှင်းလင်းရသည်။

"ဝဲစားတွေပစ်အားကျသွားပြီဟေ့၊ ပစ်ကူရနေတုန်းမှာ ညှိပြီးကပ်ထားကြ"ဟု တပ်စုမှူး ဗိုလ်စောလာထော်ဝါးက တိုက်စစ်အဟုန်ကို ထိန်းညှိအမိန့်ပေးရင်း ချဉ်းကပ်မှုကို အရှိန်မြှင့်နေသည်။

ဒို့တာဝန်အရေးသုံးပါးကို ခြိမ်းခြောက်လာသော ရန်သူကို တပ်မတော်သားများက "ဝဲစား"ဟု ကင်ပွန်းတပ်ခေါ်ဝေါ်နေကြသည်။ ရန်သူ၏ တုံ့ပြန်ပစ်ခတ်မှုက ရုတ်တရက်လျော့နည်းသွားသည်။ ထိုသို့ ပစ်ခတ်သံများ ရုတ်ခြည်းလျော့ကျသွားခြင်းမှာ ၎င်းတို့တပ်စွဲထားသော ခြေကုပ်စခန်းမှ စွန့်ခွာသွားကြပြီလား၊ ဒါမှမဟုတ် လက်နက်ကြီးပစ်ကူပေးနေချိန်မှာ အပစ်ဆိုင်းပြီး အကာအကွယ်ယူနေကြတာလား၊ ပစ်ကူရပ်ချိန်ကို စောင့်ပြီး ပစ်ကူရပ်သည်နှင့် ခေါင်းထောင်ပြီးပစ်ခတ်ဖို့ ဗျူဟာပြောင်းခြင်းလားစသည့် ဖြစ်နိုင်ခြေနည်းလမ်းမျိုးစုံကို သုံးသပ်တွက်ဆနေရသည်။

ရည်မှန်းချက် ရန်သူ့တောင်ကုန်း၏ မြေအနေအထားသည် ခံစစ်ဆင်နေသည့် ရန်သူဘက်ကို အခြေအနေပေးလွန်းနေသည်။ ရန်သူက အင်အားအနည်းငယ်စီဖြန့်ခွဲပြီး အဆင့်ဆင့် ခံစစ်ဆင်ထားသည်။ ခံစစ်မျက်နှာစာကျဉ်းကျဉ်းထားပြီး သဘာဝအတားအဆီးများကို နင်းမိုင်း၊ တိုက်မိုင်းစသည့် လူလုပ်အတားအဆီးများဖြင့် ပေါင်းစပ်ပြီးလည်း ထောင်ချောက်ဆင်ထားသေးသည်။

ထိုကဲ့သို့ အနေအထားမျိုးကို ငယ်စဉ်က ထိုင်းနိုင်ငံနှင့် နယ်စပ်တစ်လျှောက်တွင်ရှိသည့် ရန်သူစခန်းသိမ်းတိုက်ပွဲကြီးများ ဆင်နွှဲခဲ့ချိန်က တွေ့ကြုံခဲ့ဖူးသည်။ ယမန်နှစ် ပွင့်လင်းရာသီကလည်း တရုတ်နိုင်ငံနယ်စပ်နှင့် ထိစပ်နေသော ရန်သူ့ကျောက်တောင်ကုန်းစခန်းများကို တိုက်ခိုက်သိမ်းပိုက်ခဲ့စဉ်က အလားတူ ထပ်မံကြုံတွေ့ခဲ့ရပြန်သေးသည်။

ထိုသို့ ရင်ဆိုင်ရချိန်တွင် အနီးကပ်ချဉ်းကပ်တိုက်ခိုက်ရသည့် မြေပြင်တိုက်ပွဲဝင်တပ်ဖွဲ့ဝင်များအတွက် အခက်အခဲနှင့် အန္တရာယ်မျိုးစုံကို ကြုံတွေ့ရသကဲ့သို့ ပစ်ကူပေးရသည့် တပ်ဖွဲ့မှာလည်း တစ်ဖက်နိုင်ငံအတွင်းသို့ ဗုံးကျည်များ ကျော်လွန်ကျရောက်ပေါက်ကွဲမှု မရှိစေရေး ထိန်းသိမ်းပစ်ခတ်ရသည်။

ထိုကဲ့သို့ ဖြစ်နိုင်ခြေကို စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရမည့် ညွှန်ကြားချက်ရရှိချိန်ကတည်းက ကြိုတင်မြော်တွေးတွက်ဆပြီး စစ်ဆင်ရေးဝင်ရောက်ရမည့် နယ်မြေဒေသအကြောင်း (အထူးသဖြင့်) **"ရန်သူ၊ ရာသီဥတု၊ မြေအခြေအနေ"**တို့ကိုလေ့လာပြီး အသေးစိတ်ပြင်ဆင်ထားပြီးလည်း ဖြစ်သည်။

ရာသီဥတုမှာလည်း **"နေ့ပူညချမ်း တပေါင်းလသရမ်း"**ဟု ခေါ်ဆိုကြရသည့် ဆောင်းအကုန် နွေအကူးကာလဖြစ်သည်။ ပူလွန်း အေးလွန်းခြင်းမရှိသော သင့်တင့်သည့် ရာသီဥတုဖြစ်ပြီး နေ့တာအနည်းငယ်တိုကာ ညတာရှည်သည်။ ဆီးနှင်းကျရောက်မှု စဲသွားပြီး မြောက်လေတိုက်ခိုက်မှုလည်း လျော့နည်းနေပြီ။ "တပေါင်းလည်းကူး မိုးသားကျူး"ဆိုသကဲ့သို့ မိုးလေမိုးတိမ်များက တရိပ်ရိပ်ဖြင့် ဟိုသည်ပြေးလွှားနေကြသည်။ ဝန်းကျင်တစ်ခွင်ရှိ သစ်ပင်များတွင် ရွက်ဟောင်းတို့ကြွေ၍ ရွက်သစ်တို့ဝေနေကြပြီ။ ရာသီပန်းများလည်း အစွမ်းကုန်ဖူးပွင့်နေကြသည်။ စင်စစ်အားဖြင့် သာယာလှပသောရာသီဖြစ်ပါသည်။

"နွေအလှက တို့နဲ့မဆိုင်ဘူး၊ ငိုင်မနေနဲ့"ဟု ရေတံခွန်ငယ်များနှင့် စိမ်းမြသော ချောင်းရေကိုဖြတ်ကူးစဉ် ပတ်ဝန်းကျင်အလှကို ငေးမောမိသည့် တပ်သားမိုးကျော်အား ၎င်း၏ တပ်စိတ်မှူးဖြစ်သူ တပ်ကြပ်အမ်ဇော်ရိန်က စစ်ရေးသတိရှိဖို့ တီးတိုးပြောဆိုသံကို ကြားရသည်။ ထိုကဲ့သို့သတိပေးသံက ပွင့်လင်းရာသီ သွားလမ်းလာလမ်းသာချိန်များတွင် စစ်ဆင်ရေးတာဝန် အများဆုံးပြုလုပ်ရလေ့ရှိသည့် တပ်မတော်သားဘဝကိုအခံရခက်စေသည်။

> **"ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏"ဆိုသည့် တပ်မတော်သားတို့၏ နေ့စဉ် နံနက်နှင့် ညနေတိုင်း ရွတ်ဆိုလျက်ရှိသော သစ္စာအဓိဋ္ဌာန်(၄)ချက်မှ နောက်ဆုံးအချက်က စိတ်အစဉ်ကို လွှမ်းမိုးသွားသည်။ ဒို့တာဝန်အရေးသုံးပါးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်အတွက် တပ်မတော်သားများသည် ခြေ၊ လက်၊ ကိုယ်အင်္ဂါအစိတ်အပိုင်းမှစ၍ အသက်ခန္ဓာအထိ ပေးဆပ်စွန့်လွှတ် စတေးခံဝံ့ကြသော "တုနိုင်းဖွယ်ရာမရှိသည့် မြင့်မြတ်သော ဂုဏ်ဒြပ်"ပင်ဖြစ်။**

သို့သော်လည်း တပ်မတော်သားတို့၏ ရင်ဖွင့်သံကရိုးသားပွင့်လင်းသည်ဟု နားလည်လိုက်သည်။ ရက်ကြီးအခါကြီးများ၌ အများပြည်သူတို့ ပျော်ပွဲရွှင်ပွဲများ ဆင်ယင်ကျင်းပနေချိန်မျိုးတွင်ပင် မလွဲမရှောင်သာဘဲ စစ်ခင်းနေကြရသည်။

ယမန်နှစ် သင်္ကြန်ကာလကလည်း နိုင်ငံတစ်ဝန်းရှိ ပြည်သူများ ပျော်ရွှင်စွာရေကစားမှုနှင့် ကောင်းမှုကုသိုလ် ပြုလုပ်နေချိန်တွင် တရုတ်နိုင်ငံနှင့် ထိစပ်လျက်ရှိသည့် နယ်စပ်ဒေသတွင် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်လာသည့် အန္တရာယ်ပေါ်ပေါက်ခဲ့သည်။

ထိုကဲ့သို့ နိုင်ငံ့အရေးကြုံတိုင်း တပ်မတော်သည် အချိန်၊ နေရာ၊ ရာသီဥတုမရွေး၊ တွန့်ဆုတ်နှောင့်နှေးမှုမရှိဘဲ ရင်ဆိုင်ခဲ့သည်။ တပ်မတော်သားတို့သည် သားစွန့်၊ မယားစွန့်ပြီး စစ်ဆင်ရေးတာဝန်ကို ကာလကြာရှည် ထွက်ခွာထမ်းဆောင်ကြရသည်။ ခြေ၊ လက်၊ ကိုယ်အင်္ဂါမှစ၍ အသက်ခန္ဓာကိုပင် စွန့်လွှတ်ပေးဆပ်ဝံ့သူများဖြစ်ကြပါသည်။

"ဂျိမ်း"ဆိုသည့် မိုင်းကွဲသံက လက်နက်ကြီးပစ်ခတ်သံနှင့် ဗုံးသီးကျရောက်ပေါက်ကွဲသံများကို ဖုံးလွှမ်းသွားသည်။

**စာမျက်နှာ ၇ သို့** ❖



၂၀၁၅ ခုနှစ် မေ ၁၄ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့မြောက်ဘက် စီကော်လုံဒေသရှိ ပွိုင့်-၂၂၀၂ တောင်ကုန်းအား တပ်မတော်က သိမ်းပိုက်ပြီးနောက် နိုင်ငံတော်အလံလွှင့်ထူ၍ အောင်ပွဲခံစဉ်။ (မြဝတီ)




❖ **စာမျက်နှာ ၆ မှ**

ရှေ့တန်းတပ်စိတ်မှ ရဲဘော်တစ်ဦး မိုင်းထိကြောင်းသိရပြီး နောက် လက်ဆင့်ကမ်း ပွေ့ထုတ်လာသော တပ်သားမိုးကျော်ကို ယာဘက်ခြေထောက်၌ ဒူးအောက်မှ ပြတ်တောက်ဒဏ်ရာဖြင့် တွေ့မြင်လိုက်ရသည်။ မြင်ကွင်းက မလှပ၊ နွေညသြသံချိုနှောမှုကိုလည်းမကြားရ၊ ခါနွေဆန်းတပေါင်းလ၏ နွေဦးသရုပ်သဏ္ဌာန်တို့ ညစ်နွမ်းရပြီ၊ စစ်၏အနိဋ္ဌာရုံများပင်။

"ပစ်ကူရပ်ပြီ၊ ပစ်တက်တက် ကျားထိုး"ဟူသော စစ်မိန့်သံနှင့်အတူ တပ်မတော်သားတို့၏ "ကျား" "ကျား"ဟူသည့် ကြုံးဝါးသံများက ရန်သူ့စခန်းတစ်ခုလုံးကို လွှမ်းမိုးသွားသည်။ ကြိုတင်ပေါင်းစပ်ညှိနှိုင်းထားသော ရက်စွဲနှင့်အချိန်များဖြစ်သည့် (ယ)ရက်နှင့် (န) နာရီတွင် လက်နက်ကြီးပစ်ကူရပ်သည်နှင့် ရန်သူ့စခန်းတောင်ကုန်းထိပ်အနီးတွင် ချဉ်းကပ်ထားသည့် တပ်မတော်သားများက ရန်သူကိုအနီးကပ်တိုက်ခိုက်မှုဖြင့် စခန်းသိမ်းတိုက်ပွဲ ဆင်နွှဲလိုက်ခြင်းဖြစ်သည်။

"အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ- ဟေ့" ဆိုသည့် ကြွေးကြော်သံများက ယမ်းငွေ့များကြားမှ ထွက်ပေါ်လာပြီး ရှမ်းမြောက်တစ်ခွင်မှသည် မိုးယံသို့ လွင့်ပျံ့သွားသည်။ "(၇၁)နှစ်မြောက် တပ်မတော်နေ့အတွက် ကျွန်တော်တို့တပ်ရဲ့ ဂုဏ်ပြုလက်ဆောင်ကို ပေးလိုက်နိုင်ပါပြီ"ဟု ဗိုလ်စောလာထော်ဝါးက ဆက်သွယ်ရေးစက်ဖြင့် သတင်းပို့လာသည်။

ရန်သူခြေကုပ်ယူ တပ်စွဲထားသောတောင်ကုန်းကို တပ်မတော်ကသိမ်းပိုက်လိုက်ပြီး စခန်းကုန်းထိပ်ရှိ ရန်သူ၏ ပစ်ကတုတ်ဘန်ကာပေါ်တွင် နိုင်ငံတော်အလံကို လွှင့်ထူလိုက်သည်ကို လှမ်းမြင်ရပြီ။ နိုင်ငံတော်အလံကို ချွေး၊ သွေးတို့ပေစွန်းနေသော လက်အစုံဖြင့် ကျစ်လျစ်စွာကိုင်တွယ်ထိန်းသိမ်းစိုက်ထူထားသော တပ်ကြပ်ကြီးထန်းဟာ၏ လက်အစုံမှာလည်း ပြေလျော့လာရာမှ တဖြည်းဖြည်းနှင့် ငြိမ်သက်သွားသည်။

**"ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏"**ဆိုသည့် တပ်မတော်သားတို့၏ နေ့စဉ်နံနက်နှင့် ညနေတိုင်း ရွတ်ဆိုလျက်ရှိသော သစ္စာအဓိဋ္ဌာန်(၄)ချက်မှ နောက်ဆုံးအချက်က စိတ်အစဉ်ကို လွှမ်းမိုးသွားသည်။ ဒို့တာဝန်အရေးသုံးပါးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်အတွက် တပ်မတော်သားများသည် ခြေ၊ လက်၊ ကိုယ်အင်္ဂါအစိတ်အပိုင်းမှစ၍ အသက်ခန္ဓာအထိ ပေးဆပ်စွန့်လွှတ် စတေးခံဝံ့ကြသော **"တုနိုင်းဖွယ်ရာမရှိသည့် မြင့်မြတ်သောဂုဏ်ဒြပ်"**ပင်ဖြစ်သည်။

"တို့နိုင်ငံရဲ့ပကတိလိုအပ်ချက်က တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးရရှိဖို့ပဲ။ အဲဒါတွေရရှိဖို့ တို့တပ်မတော်ဟာ နိုင်ငံတော်အစိုးရ၊ လွှတ်တော်များ၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့ ပူးပေါင်းဆောင်ရွက်နေတယ်"ဟု တပ်မတော်အကြီးအကဲ၏ မှာကြားချက်ကို ထပ်ဆင့်ရှင်းပြခဲ့သည့် တပ်ရင်းမှူး၏ စစ်ထွက်မိန့်ခွန်းကို ပြန်လည်အမှတ်ရလာသည်။

ယမ်းငွေ့များကလွင့်ပြယ်သွားပြီး မြင်ကွင်းလည်း ရှင်းလာသည်။ ပန်းသဇင်ရနံ့နှင့်အတူ သရဖီ၊ အင်ကြင်းပန်းရနံ့တို့ အပြိုင်ရောနှောပျံ့လွင့်လာသည်။ ဆောင်း၏ ပန်းရနံ့များ မပျက်ပြယ်သေးဘဲ နွေပန်းရနံ့များက သင်းပျံ့လာခြင်းဖြစ်သည်။ ဆောင်းပြောင်းနွေဦး ကာလ သဘာဝအလှ၏ အဓိပ္ပာယ်သည် ပိုမိုပြည့်စုံနေတော့သည်။ ။

## ၂၀၁၆ ခုနှစ် (၇၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

(၇၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကဗျာ

## တပေါင်းမော်ကွန်း

☆ နွေမိန်တပေါင်း၊ နေရှိန်လောင်း
ရွက်ဟောင်းတွေလည်းကြွေခဲ့ပြီ။

☆ ရက်စက်မှုပေါင်း၊ သရဖူဆောင်း
နှစ်ပေါင်းကြာလည်းမမေ့ပြီ။

☆ နယ်ချဲ့ဖက်ဆစ်၊ ယုတ်မာညစ်
ဖြစ်စဉ်သမိုင်းရိုင်းခဲ့ပြီ။

☆ ပြည်သူနှင့်တပ်၊ ကျောချင်းကပ်
မြင့်မြတ်တိုက်ပွဲ၊ နွှဲခဲ့ပြီ။

☆ မြန်မာ့သတ္တိ၊ ကမ္ဘာသိ
ကျသည့်သွေးကပြခဲ့ပြီ။

☆ တပ်မတော်ပြည်သူ၊ အောင်ပွဲယူ
လွှင့်ထူအောင်လံဝင့်ခဲ့ပြီ။

☆ သားကောင်းဇာနည်၊ ဘာမထီ
မြန်ပြည်သမိုင်းမွှေးခဲ့ပြီ။

☆ ရဲရဲနီမောင်း၊ သမိုင်းကြောင်း
နှစ်ပေါင်းကြာလည်းမမေ့ပြီ။

မောင်ထည်ဝါ(ပျော်ဘွယ်)

## ၁၃၇၇/၁၃၇၈ ခုနှစ်အတွက် မဟာသင်္ကြန် ကျ-အကြတ်-အတက်-နှစ်ဆန်း(၁)ရက်နှင့် ဝါဆို-ဝါကပ်-လ-ရက်များ

၁။ **မဟာသင်္ကြန် ကျရက်**

ဇေယတု မြန်မာသက္ကရာဇ် ၁၃၇၇ခုနှစ် နှောင်းတန်ခူးလဆန်း(၆)ရက်၊ ရခိုင်သက္ကရာဇ် ၁၃၇၇ ခုနှစ် တာကူးလဆန်း(၆)ရက်၊ ခရစ်နှစ် ၂၀၁၆ ဧပြီလ(၁၃)ရက် ဗုဒ္ဓဟူးနေ့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် ညနေစက် ၁၀ နာရီ ၄၃ မိနစ် ၅၂ စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

၂။ **မဟာသင်္ကြန် အကြတ်ရက်**

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် နှောင်းတန်ခူးလဆန်း (၇)ရက် ကြာသပတေးနေ့၊ (၈) ရက် သောကြာနေ့၊
ရခိုင်သက္ကရာဇ် ၁၃၇၇ ခုနှစ် တာကူးလဆန်း ၇ရက် ကြာသပတေးနေ့၊ ၈ ရက် သောကြာနေ့၊
ခရစ်နှစ် ၂၀၁၆ ခုနှစ် ဧပြီလ ၁၄ ရက် ကြာသပတေးနေ့၊ ၁၅ ရက် သောကြာနေ့တို့သည် မဟာသင်္ကြန် အကြတ်ရက် (အကြတ်ရက် ၂ ရက်)ဖြစ်ပါသည်။

၃။ **မဟာသင်္ကြန် အတက်ရက်**

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် နှောင်းတန်ခူးလဆန်း ၉ ရက်၊
ရခိုင်သက္ကရာဇ် ၁၃၇၇ ခုနှစ် တာကူးလဆန်း ၉ရက်၊
ခရစ်နှစ် ၂၀၁၆ ဧပြီလ ၁၆ရက် စနေနေ့ နံနက်ပိုင်း ၂ နာရီ ၄၈မိနစ် ၃၄ စက္ကန့်အချိန်တွင် မဟာသင်္ကြန် တက်ပါသည်။

၄။ **မြန်မာ-ရခိုင် နှစ်ဆန်း ၁ ရက်**

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် ဦးတန်ခူးလဆန်း ၁၀ရက်၊
ရခိုင်သက္ကရာဇ် ၁၃၇၈ ခုနှစ် တာကူးလဆန်း ၁၀ရက်၊
ခရစ်နှစ် ၂၀၁၆ ဧပြီလ ၁၇ရက် တနင်္ဂနွေနေ့သည် မြန်မာ-ရခိုင်နှစ်ဆန်း ၁ ရက်နေ့ဖြစ်ပါသည်။

၅။ **ရဟန်းတော်များအတွက် ဝါဆို-ဝါကပ်-လ-ရက်များ**

ဤ ၁၃၇၈ ခုနှစ်တွင် လထပ်ရက်ငင်မရှိပါ၍ ဗုဒ္ဓဘာသာ သာသနာတော်ဝန်ထမ်း ရဟန်းတော်အရှင်မြတ်တို့မှာ မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်၊ ရခိုင်သက္ကရာဇ် ၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်၊ ခရစ်နှစ် ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၀ ရက် ဗုဒ္ဓဟူးနေ့တွင် ပထမပုရိမ ဝါကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။ ဒုတိယပစ္ဆိမဝါကို မြန်မာ-ရခိုင် ဝါခေါင်လပြည့်ကျော် ၁ ရက်၊ ဩဂုတ်လ ၁၉ရက် သောကြာနေ့တွင် ကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

## ဓမ္မာစရိယစာမေးပွဲ တတိယနေ့ကျင်းပ

**နေပြည်တော် မတ် ၂၆**

သာသနာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၁၆ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို မတ် ၂၆ ရက်(တတိယနေ့)တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၁ ဌာန၌ စာဖြေသံဃာတော်များနှင့် သီလရှင်များ စာရင်းသွင်း ၁၅၈၃၂ ပါးအနက် ၁၁၉၈၇ ပါး ဖြေဆိုကြသဖြင့် ၇၅ ဒသမ ၇၁ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**



**သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၁၆ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို မတ် ၂၄ ရက် (ပထမနေ့)နှင့် မတ် ၂၅ ရက် (ဒုတိယနေ့)တို့တွင် အင်းစိန် အောင်ဆန်းအထက(၃)ကျောင်း၌ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ စာဖြေသံဃာတော်နှင့် သီလရှင် ၂၁၉ ပါးတို့ ဓမ္မာစရိယစာမေးပွဲ ဖြေဆိုနေသည်ကို တွေ့ရစဉ်။** (ကြေးမုံ)

ပြည်တွင်းရေးရာ

# မုံရွာမြို့ လယ်တီဆရာတော်ကြီး၏မေတ္တာရေစင် တစ်ပဲသာရေတွင်းမှ ရေကို အနီးမှသာမက အဝေးမှပင် တကူးတကမေတ္တာရေအဖြစ် လာရောက်ခပ်ယူမှုများရှိနေ

**မုံရွာ မတ် ၂၆**

မုံရွာမြို့၏ ရေထွက်အကောင်းဆုံးနေရာအဖြစ် သတ်မှတ်ထားသောလယ်တီရပ်ကွက် မြောက်ဘက် မြို့ရေပေးဝေရေးစက်များအနီးမှ ပထမလယ်တီဆရာတော်ကြီး တူးဖော်အသုံးပြုခဲ့သော မေတ္တာရေစင် တစ်ပဲသာ ရေတွင်းမှသောက်ရေကို လယ်တီရပ်ကွက်တွင်းမှခပ်ယူသုံးစွဲရုံသာမက အဝေးမှလာသော ဧည့်သည်များသည် ဆရာတော်ကြီး၏ မေတ္တာရေကို အရခပ်ယူလျက်ရှိကြောင်း သိရသည်။ လယ်တီမေတ္တာရေစင် တစ်ပဲသာ ရေတွင်းကို ၁၉၈၅ ခုနှစ် မေ ၂၈ ရက်က ပြန်လည်ဆယ်ယူပြုပြင်ထားပြီး အဆိုပါရေတွင်းမှရေသည် ချိန်ဆက်ကြည့်လျှင် အခြားသောရေတို့ထက် အလေးချိန်တစ်ပဲ အမြဲသာနေသည့် ထူးခြားချက်ရှိကြောင်း သိရသည်။

"လွန်ခဲ့တဲ့ ၁၉၈၅ ခုနှစ် ဧပြီလက မုံရွာမှာ အလွန်ပူပြင်းခဲ့တဲ့ နှစ်၊ လဖြစ်ခဲ့ပါတယ်။ ကဆုန်လရောက်တာတောင် မိုးကမရွာသေးတာပါ။ တစ်မနက်ခင်းမှာ လယ်တီနဝမဆရာတော် ဘဒ္ဒန္တကေလာသဟာ လယ်တီရေတွင်းကို ကြည့်ရှုပြီး ကျောင်းအပြန်လမ်းမှာ လယ်တီလူငယ်တစ်စုနဲ့ တွေ့ရတယ်။ လူငယ်စုကို ဆရာတော်က ရေတွင်းပြန်ဆယ်လိုကြောင်းမိန့်တော့ လူငယ်တွေကလည်း ကိုယ်တိုင်တူးဖော်ကုသိုလ်ပြုချင်ကြတဲ့အကြောင်း လျှောက်ထားကြတဲ့အတွက် ၁၃၄၇ ခုနှစ် နယုန်လဆန်း ၁၀ ရက်မှာ ပြန်တူးခဲ့ကြပြီး အုတ်ရိုးခါးပုံတိုက်(ဒူးတိုက်)အရှေ့ဘက်မျက်နှာမှာ ၂၈-၅-၈၅ လို့ ရက်စွဲရေးထိုးထားပါတယ်။ အဲဒီနေ့က ပူပြင်းခြောက်သွေ့လွန်းတဲ့ မုံရွာမြို့လယ်တီရပ်မှာ မိုးရိပ်မိုးခြေမရှိဘဲ သဲသဲမဲမဲကြီးကို မိုးရွာသွန်းခဲ့ပါတယ်"ဟု လယ်တီရပ်နေ သက်ကြီးတစ်ဦးက ပြောပြသည်။ လယ်တီဆရာတော်ကြီး စတင်အသုံးပြုခဲ့သော ရေထွက်ကို နောက်ပိုင်းတွင် ရေစက်ဗိုလ်ကြီး ဦးလှဆိုသူက ရေတွင်းအဖြစ်တူးဖော်၍ ကျောက်ရိုးချအုတ်စီပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ ၁၉၁၉ ခုနှစ်တွင် မုံရွာမြို့ ရေပေးဝေရေးလုပ်ငန်းကို မုံရွာမြူနီစီပယ်ကော်မတီက စတင်ဆောင်ရွက်ခဲ့ကာ အချင်း ၁၈ ပေရှိ ရေတွင်းကြီး လေးတွင်း တူးဖော်ခဲ့ကြရာ အနီးရှိ လယ်တီဆရာတော်ကြီး၏ ရေတွင်းမှာလည်း မြူနီစီပယ်ရေတွင်း အဝန်းအဝိုင်းအတွင်း ကျရောက်သည်။ လယ်တီကျောင်းသည်ပင်လျှင် မြူနီစီပယ်ရေကိုသာသုံးစွဲနေသောကြောင့် လယ်တီဆရာတော်ကြီး၏ တစ်ပဲသာရေတွင်းမှာ သုံးစွဲသူအလွန်းနည်းပါးခဲ့ရာမှ



ရေတွင်းမှာလည်း ရွှံ့ညွန်များဖုံးအုပ်နေတော့သည်။ ၁၉၈၅ ခုနှစ်တွင် ပြန်လည်ဆယ်ယူပြုပြင်ခဲ့ကြရာ ၂၀၀၉ ခုနှစ်တွင် ထိုစဉ်က အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက လယ်တီရေတွင်းကို နှစ်ထပ်သွပ်မိုး ဗိမာန်အဖြစ် ဆောက်လုပ်လှူဒါန်းခဲ့သည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# စဉ့်ကူးမြို့နယ်တွင် ရေကုန်ရေခန်း မြောင်းဝန်းချငါးဖမ်းဆီးသည့်ဓလေ့ ယနေ့တိုင်ရှိနေဆဲ

**စဉ့်ကူး မတ် ၂၆**

"ထမင်းအသက် ခုနစ်ရက်၊ ရေ၏အသက် တစ်မနက်" ဟု အဆိုရှိသည့်အတိုင်း ရေသည် လူသားတို့အတွက် မရှိမဖြစ် အထူးကျေးဇူးကြီးမားသည်။ စဉ့်ကူးမြို့နယ်၏ အကျယ်ဧရိယာနယ်မြေ သုံးပုံနှစ်ပုံကို အမိဧရာဝတီမြစ်ကြီး ရစ်ခွေဖြတ်သန်းစီးဆင်းလျက်ရှိသည်။ ဧရာဝတီမြစ်ကြီး အမြဲဖြတ်သန်းစီးဆင်းခွင့်ရရှိသည့် စဉ့်ကူးမြို့နယ်အတွင်း ကျွန်းပိုင်းဒေသကျေးရွာများရှိ လယ်ယာကိုင်းကျွန်းများတွင်လည်း မြေဆီမြေနှစ်များ နှစ်စဉ်ပို့သက်နုန်းများအဖြစ် တက်ရှိနေမှုကြောင့် ကောက်ပဲသီးနှံများ ဖြစ်ထွန်းပြီး အထွက်နှုန်းများ ကောင်းမွန်လျက်ရှိသည်။

ယခုနှစ် သီးနှံစိုက်ပျိုးရာသီတွင် ဆောင်းမြေပဲများ အထူးအထွက်တိုးပြီး မြေပဲတစ်တင်းကျတွင် မြေပဲအတောင့် ၇၅ တင်းနှုန်းအထက်ထွက်ရှိကာ ဈေးကောင်းရရှိပြီး ယခုနှစ်သည် တောင်သူများအတွက် ဝင်ငွေကောင်းသောနှစ်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဧရာဝတီမြစ်ကြီး ဖြတ်သန်းစီးဆင်းနေသည့် ကျေးဇူးကြောင့် စဉ့်ကူးမြို့နယ်သူ မြို့နယ်သားတို့ ရေအတွက် မည်သည့်အခါကမျှ အခက်အခဲများ မကြုံတွေ့ခဲ့ရပေ။

ထို့အပြင် အလယ်မှ ဖြတ်သန်းစီးဆင်းနေသည့် ဧရာဝတီမြစ်ကြီးကြောင့် မြို့နယ်အတွင်းတွင် မြစ်ချောင်းအင်းအိုင်များစွာရှိသည့်အလျောက် ငါးသယံဇာတများလည်း ပေါကြွယ်ဝပြီး အင်းအလုံးပေါင်း ၃၉ လုံးရှိကာ ငါးလုပ်ငန်းဦးစီးဌာနမှ နိုင်ငံတော်အတွက် အင်းလေလံများခေါ်ကာ ပြင်ဦးလွင်ခရိုင်အတွင်း အများဆုံးဝင်ငွေ ရှာပေးသော မြို့နယ်တစ်မြို့နယ်ဖြစ်ခဲ့သည်။

ယခုအခါ အင်းရာသီများကုန်ဆုံးပြီး အင်းရေခန်းစပြုချိန်ဖြစ်၍ ရေလုပ်သားများအနေဖြင့် ငါးများကို ရေကုန်ရေခန်း ဖမ်းယူလေ့ရှိသည့်အလျောက် နောက်ဆုံး ငါးများဖမ်းယူရာတွင် မြောင်းဝန်းချ၍ ငါးများဖမ်းဆီးကြကြောင်းနှင့် ထိုသို့မြောင်းဝန်းချငါးဖမ်းခြင်းဓလေ့သည် ယနေ့တိုင်ရှိနေကြောင်း သိရသည်။

မြောင်းဝန်းချငါးဖမ်းခြင်းဆိုသည်မှာ ငါးဖမ်းရာသီကုန်ချိန်တွင် အင်းအတွင်းမှ ရေများ ဧရာဝတီမြစ်အတွင်း အမြင့်မှ အနိမ့်ပိုင်းသို့ ပြန်လည်စီးဆင်းလျက်ရှိရာ ရေစီးဆင်းရာလမ်းကြောင်းအတိုင်း မြောင်းဝန်းဖောက်၍ ယင်းများပိတ်ပြီး အပေါက်တစ်ခုတည်းထားရှိကာ ၎င်းအပေါက်မှ ရေများစီးဆင်းစေပြီး ထိုရေနှင့်အတူ ပါလာသော ငါးများကို ပိုက်အိတ်ထဲသို့ ဝင်စေအောင် ပြုလုပ်ထားသောနည်းဖြစ်သည်။ ထိုသို့ မြောင်းဝန်းတစ်လျှောက် ယင်းပေါ်မှတစ်ဆင့် ပိုက်အိတ်ထဲသို့ ရေများနှင့်အတူ ငါးများပါစီးဆင်းစေခြင်းဖြင့် ငါးအကြီးအသေး ငါးများအားလုံး အလွယ်တကူဖမ်းမိစေခြင်းဖြစ်သည်။

"မြောင်းဝန်းချခါစတော့ တစ်နေ့ ငါး ၁၀ ပိဿာမှ ၁၅ ပိဿာထိရပါတယ်။ ခုရေနည်းသွားတော့ ငါးအထွက်နည်းသွားတယ်။ တစ်နေ့ ငါးပိဿာလောက်ပဲရတော့တယ်။ ဒီနှစ် အင်းရာသီမှာ ရေဝင်ရောက်မှုနည်းတော့ ငါးဝင်ရောက်မှုလည်း နည်းတယ်။ ငါးက အရနည်းပေမယ့် ငါးဈေးကောင်းတော့မရှုံးပါဘူး"ဟု အင်းဒိုင်ထံမှ မြစ်စွတ်ချောင်းပေါက်ကိုတစ်ဆင့် ဝယ်ယူသူ ရေလုပ်သားတစ်ဦးက ပြောပြသည်။ အင်းရာသီကုန်၍ ရေနည်းသည့်ကာလတွင် အင်းရေများ မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းစေပြီး မြောင်းဝန်းထောင်ငါးဖမ်းသည့်ဓလေ့များ ပျောက်ကွယ်လုနီးပါးရှိသော်လည်း စဉ့်ကူးမြို့နယ်တွင် မြောင်းဝန်းချ ရေကုန်ရေခန်း ငါးဖမ်းသည့်ဓလေ့များ ယနေ့တိုင်ရှိနေသေးကြောင်း သိရသည်။

**ဝင်းမောင်(စဉ့်ကူး)**

# ငါ့သရောက်မြို့နယ်တွင် အပူဒဏ်ကာကွယ်နိုင်ရန်အတွက် ထန်းရွက်များကို ဒေသခံပြည်သူများ ဝယ်ယူအသုံးပြုမှုများလာ

**ငါ့သရောက် မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများနှင့် အညာကျေးလက်ဒေသများမှ ကျေးလက်နေပြည်သူများသည် ယခုနှစ်တွင် အယ်နီညိုရာသီ၏ အပူဒဏ်ကို ကာကွယ်နိုင်ရန်ရည်ရွယ်၍ အပူဒဏ်ကာကွယ်နိုင်မည့် ထန်းရွက်များကို အိမ်အမိုး၊ အကာများပြုလုပ်ရန် ဝယ်ယူအသုံးပြုမှုများလာကြောင်း သိရသည်။ ထိုသို့ ထန်းရွက်များဝယ်ယူအသုံးပြုသူ များပြားနေခြင်းကြောင့် ထန်းရွက်ရောင်းချသည့် ထန်းပိုင်ရှင်များ ဝင်ငွေရရှိ၍ အဆင်ပြေနေကြကြောင်း ငါ့သရောက်မြို့ အမှတ်(၂) ပျဉ်းပင်ရပ်ကွက်မှ အမျိုးသမီးတစ်ဦးက ပြောပြသည်။

ငါ့သရောက်မြို့နယ်တွင် မြို့ရော တောရွာမကျန် အပူဒဏ်ကိုကာကွယ်နိုင်ရန်အတွက် ထန်းရွက်များကို နှစ်စဉ်ဝယ်ယူ အသုံးပြုမှုများရှိသော်လည်း ယခုနှစ်နွေရာသီသည် ယခင်နှစ်များထက် ပိုပြီးပူပြင်းမှုများကြောင့် ဒေသခံပြည်သူများအနေဖြင့် ထန်းရွက်များကို ဝယ်ယူအသုံးပြုမှုများနေခြင်းဖြစ်ကြောင်း သိရသည်။ သို့သော် ငါ့သရောက်မြို့နယ်တွင် ယခုနှစ် ထန်းရွက်ဝယ်ယူရာ၌ ယခင်နှစ်တွေထက် ဈေးနှုန်းသက်သာကြောင်းလည်း သိရသည်။

"ကျွန်တော်တို့မြို့နယ်မှ ဒေသခံပြည်သူတွေက အပူဒဏ်ကာကွယ်နိုင်အောင်ဆိုပြီး ထန်းရွက်တွေဝယ်ကာ အိမ်အမိုး၊ အကာများ ဆောက်လုပ်နေထိုင်ကြပါတယ်။ ထန်းရွက်မိုးပြီးနေမယ်ဆိုရင်လည်း တကယ်အေးမြစေတာပါ။ ဒီနှစ်နွေဟာ အလွန်ပူတော့ သွပ်မိုးအိမ်တွေမှာ ဘယ်လိုမှကို မနေနိုင်ကြပါဘူး။ ဒါ့ကြောင့် ထန်းရွက်ကို ဝယ်ယူအသုံးပြုသူ များလာတယ်လို့လည်း ထင်ပါတယ်။ ဒါပေမယ့် ဒီနှစ်တော့ ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ ထန်းရွက်ဈေးက မနှစ်ကထက် ဈေးနှုန်းသက်သာပါတယ်။ မနှစ်ကထန်းရွက်တစ်ရွက်ကို ငွေ ၇၅ ကျပ် ပေးဝယ်ရတယ်။ ဒီနှစ်ထန်းရွက်တစ်ရွက် ငွေကျပ် ၆၀ ခန့်သာ ပေးဝယ်ရတာကြောင့် ဝယ်ယူအသုံးပြုတဲ့သူတွေအတွက် ဈေးနှုန်းလည်းသက်သာတော့ အဆင်ပြေတာပေါ့ဗျာ။ ဒါ့ကြောင့် ပြည်သူတွေကလည်း အအေးဓာတ်ရရှိစေမယ့် ထန်းရွက်တွေကို အသုံးပြုမှုများလာပါတယ်"ဟု ငါ့သရောက်မြို့ အမှတ်(၂)ဈေးကုန်းရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# တောင်ယာလုပ်ငန်းခွင်နားချိန်တွင် သစ်သီးဝလံများရောင်းချ၍ နွေရာသီစားဝတ်နေရေးဖူလုံ

**မင်းဘူး မတ် ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူး-စကု ကားလမ်းမကြီးဘေးတွင် နွေရာသီကာလ၌ မင်းဘူးမြို့နယ်အတွင်းရှိ လက်ပံတစ်ပင်ကျေးရွာနေ ပြည်သူအချို့ သစ်သီးဝလံများဝယ်ယူ၍ အလုပ်ရှားပါးသည့် နွေရာသီတွင် စားဝတ်နေရေး ဖူလုံနိုင်ရန်အတွက် ကားလမ်းဘေးတွင် တဲများထိုး၍ သစ်သီးဝလံများရောင်းချကြသည်ဟု လက်ပံတစ်ပင်ကျေးရွာမှ ကိုမင်းငြိမ်းက ပြောသည်။

မြန်မာပြည်အနှံ့ ဘုရားဖူးသွားပြည်သူများမှာ ယင်းလမ်းမကြီးပေါ်ကနေ မင်းဘူး-စကုမြို့နယ်နှင့် မကွေးမြို့နယ်ရှိ အထင်ကရသမိုင်းဝင်ဘုရားများဖြစ်သော ကျောင်းတော်ရာဘုရား၊ မင်းဘူးဘုရား၊ စက္ကိန်းတဲဘုရား၊ နဂါးပွက်တောင်၊ မြသလွန်ဘုရား၊ ရွှေစက်တော် ဘုရားပွဲတော်များကို လှည့်လည်ဖူးကြရာတွင် ယင်းလမ်းပေါ်မှ ဖြတ်သန်းသွားလာသဖြင့် လက်ပံတစ်ပင်ကျေးရွာနေ ပြည်သူအချို့သည် မုံရွာမြို့မှ ဖရဲသီး၊ သခွားသီး၊ သခွားမွှေး၊ ထိုင်ဝမ်ဖရဲသီးတို့ကို ကားအစီးပြတ်ဝယ်ယူ၍ ကားလမ်းမကြီးဘေးတွင် နှစ်စဉ်နွေရာသီကာလ စားဝတ်နေရေး ဖူလုံနိုင်ရန်အတွက် တဲများထိုး၍ ရောင်းချကြသည်ဟု သိရသည်။

မုံရွာမြို့မှဖရဲသီးအလုံးတစ်ထောင်ခန့်ပါရှိသော ကားအစီးပြတ်တစ်စီး ဝယ်လျှင် ကားခ ကျပ် ၂၅၀၀၀၀ ပေးရသည်ဟု သစ်သီးဝလံများရောင်းချသူ ကိုမင်းငြိမ်းကပြောသည်။ ကားတစ်စီးစာ သစ်သီးဝလံများကို ၁၅ ရက် သို့မဟုတ် တစ်လခန့် ရောင်းချမှ ငွေကျပ် တစ်သိန်း၊ ကိုးသောင်းခန့်သာ ကျန်ရှိကြောင်း ၎င်းကပြောသည်။

ဖရဲသီးတစ်လုံး ကျပ် ၈၀၀ မှ ကျပ် ၁၅၀၀ အထိ ရောင်းချကြောင်း၊ သခွားသီးတစ်လုံးမှာ ကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ အထိ ရောင်းချကြောင်း၊ ထိုသစ်သီးဝလံရောင်းချသည့် တဲတန်းများသည် ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူးလ မိုးဦးမကျခင်ကျေးရွာအတွင်း စိုက်ပျိုးရာသီမရောက်ခင်အထိ ရောင်းချကြောင်း ယင်းသစ်သီးဝလံများ ရောင်းချသည့် ဈေးသည်များက ပြောပြသည်။ လက်ပံတစ်ပင်ကျေးရွာသည် မိုးရာသီနှင့် ဆောင်းရာသီများသာ တောင်ယာလုပ်ငန်းများကို မိုးရေဖြင့် နှမ်း၊ မြေပဲ၊ ဆီထွက်သီးနှံများကို စိုက်ပျိုးကြရသဖြင့် နွေရာသီတွင် အလုပ်အကိုင်မရှိကြ၍ မင်းဘူး-စကု ကားလမ်းဘေးတွင် သစ်သီးဝလံများ ရောင်းချခြင်း၊ ရန်ကုန်-မန္တလေးစသော မြို့များကိုထွက်၍ လက်သမား၊ ပန်းရန် စသောလုပ်ငန်းများ လုပ်ကိုင်ကြကာ နွေရာသီစားဝတ်နေရေးအတွက် ခိုလှုံကြရမည့်နေရာများကိုထွက်၍ အလုပ်လုပ်ကိုင်ကြကြောင်း သိရသည်။

**(နှင်းမိုးဝေ)**

## ပြည်တွင်းရေးရာ

# ဦးနှောက်အမြှေးရောင်ရောဂါမဖြစ်စေရေး မိသားစုအားလုံး တစ်ကိုယ်ရေသန့်ရှင်းအောင်နေထိုင်ဖို့လို



ရန်ကုန် မတ် ၂၆

**မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)ကကြီးမှူး၍ ကူးစက်မြန်ဦးနှောက်အမြှေးရောင်ရောဂါ အကြောင်းဟောပြောပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန် အသင်း၌ ကျင်းပသည်။(ယာပုံ) ဟောပြောပွဲတွင် ပါမောက္ခ ဦးရဲမြင့်ကျော်၊ ပါမောက္ခ ဒေါ်ခင်ညိုသိန်းနှင့် ပါမောက္ခ ဒေါ်နီလာလွင်တို့က လက်ရှိမြန်မာနိုင်ငံအတွင်းဖြစ်ပွားနေသော ကူးစက်မြန်ဦးနှောက်အမြှေးရောင်ရောဂါအကြောင်း အသိပညာပေးဟောပြောကြသည်။ ကူးစက်မြန်ဦးနှောက်အမြှေးရောင်ရောဂါနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဆရာဝန်ကြီး များအား မြန်မာ့သတင်းစဉ်က မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**

### ပါမောက္ခဦးရဲမြင့်ကျော်(ပါမောက္ခဌာနမှူး၊ ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်ကလေးဆေးရုံကြီး အတိုင်ပင်ခံဆရာဝန်ကြီး)

ကူးစက်မြန် ဦးနှောက်အမြှေးရောင်ရောဂါဆိုတာ ဟိုတုန်းကလည်း ရှိခဲ့ဖူးတယ်။ အခုကတော့ ဖြစ်တာ နည်းနည်းစိတ်တယ်။ အထူးသဖြင့် အထက်မြန်မာပြည်မှာ စိတ်တယ်။ ရန်ကုန်မှာတော့ တွေ့တာနည်းနည်းလေးပဲ ရှိသေးတယ်။ ဒါနဲ့ပတ်သက်ပြီး ပြည်သူလူထုက စိုးရိမ်ပြီး အကြောက်လွန်တာမျိုးလည်း မဖြစ်စေချင်ဘူး။ သတိ မထားမိလိုက်တာမျိုးလည်း မဖြစ်စေချင်ဘူး။ သတင်းစာ တွေ၊ ဂျာနယ်တွေ၊ မီဒီယာတွေမှာ ကျွန်တော်တို့ ရှင်းပြနေ တာကိုဂရုစိုက်နားထောင်ပေးပြီး ကောလာဟလတွေကို လျှော့နားထောင်ပေးကြပါလို့ ပြောချင်တယ်။ အဓိကက အရေပြားပေါ်မှာ သွေးထွက်တဲ့အကွက်မျိုးတွေ့ရင် အရေး ကြီးတယ်။ သွေးပေါင်ကျပြီး ခြေဖျား၊ လက်ဖျားအေးရင် သတိထားရပါမယ်။

ဒီရောဂါလက္ခဏာတွေက အခြားရောဂါမှာ ဖြစ်နိုင် သလို ဒီရောဂါမှာလည်း ဖြစ်နိုင်တဲ့အတွက် ပိုသတိထား ကြဖို့လိုပါတယ်။ တစ်အိမ်တည်းမှာ နှစ်ယောက်ဖြစ်တယ်။ တစ်ယောက်က ရောဂါလက္ခဏာပဲတွေ့တယ်။ ဆုံးသွား တယ်။ သက်သေမပြလိုက်နိုင်ဘူး။ နောက်တစ်ယောက် ကတော့ သက်သေပြလိုက်နိုင်တယ်။ အဲဒါနဲ့စိတ်ပူပြီး အဲဒီနားတစ်ဝိုက်က ကလေးတွေကို ခေါ်စစ်လိုက်တော့ မတွေ့ရဘူး။ မန္တလေး၊ မိတ္ထီလာဘက်မှာ ၁၀ ယောက်တွေ့ ရတော့ အဲဒီမှာ ပိုသတိထားနေရတယ်။ ကာကွယ်ဆေးက လောလောဆယ်မှာ မြန်မာပြည်မှာ မရှိသေးဘူး။ အိမ်နီး နားချင်းနိုင်ငံတွေမှာ ထိုးနေတဲ့ကာကွယ်ဆေးတွေ ထဲမှာလည်း အခုဖြစ်ပွားတဲ့ရောဂါအတွက် ဆေးအုပ်စု မရှိသေးဘူး။ မိုးရာသီမှာ ပြန့်ပွားနှုန်းနည်းပြီး ခြောက်သွေ့ ပူပြင်းတဲ့အချိန် ပိုပြီးအဖြစ်များပါတယ်။ မှန်မှန်လက်ဆေးပါ။ ဖုန်ထူတဲ့နေရာမသွားဖို့ ဥပမာ လူထူတဲ့နေရာမျိုး၊ ပွဲဈေး လိုနေရာမျိုး အဓိကရှောင်ရပါမယ်။ အယ်နီညိုနဲ့လည်း သက်ဆိုင်ပါတယ်။ ပူပြင်းခြောက်သွေ့တဲ့ အယ်နီညိုရာသီ ဥတုအခြေအနေမျိုးမှာ ဖြစ်နိုင်ပါတယ်။ အခြားဖြစ်နိုင်တဲ့ ရောဂါတွေကတော့ တစ်ကိုယ်ရည်သန့်ရှင်းမှု နည်းတဲ့အခါ ဝမ်းပျက် ဝမ်းလျှောရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေ၊ ဂျပန်ဦးနှောက်ရောင်ရောဂါတွေဖြစ်တတ်ပါ တယ်။ ရေကောင်းရေသန့်ရဖို့ရှားလာရင် ရောဂါတွေ ဖြစ်လာနိုင်တယ်။ ပြည်သူတွေကို အကြောက်လည်း မလွန် စေချင်ဘူး။ သတိတော့ထားစေချင်ပါတယ်။

### ဒေါက်တာအေးမောင်ဟန် (အငြိမ်းစားပါမောက္ခ၊ ဂုဏ်ထူးဆောင်ပါမောက္ခ၊ ဆေးတက္ကသိုလ်-၁၊ ကလေးကျန်းမာရေးပညာဌာန)

အခုကလေးတွေမှာဖြစ်တဲ့ ဦးနှောက်အမြှေးရောင် ရောဂါက အရင်တုန်းကလည်းဖြစ်ခဲ့ဖူးတယ်။ ရုတ်တရက် ဖြစ်ပွားနှုန်း၊ သေပျောက်နှုန်းများလာတဲ့ ရောဂါမျိုး။ ဒါပေမယ့် လူတိုင်းဖြစ်ဖို့ မရှိဘူး။ မဖြစ်အောင်ကာကွယ်ဖို့ တာဝန်ရှိပါတယ်။

တကယ်လို့ အပြင်းဖျားတယ်၊ အန်တယ်၊ ခေါင်းကိုက် တယ်ဆိုရင် ချက်ချင်းနီးစပ်ရာဆရာဝန်နဲ့တိုင်ပင်ပြီး ဆောင်ရွက်ပါ။ ဆရာဝန်တွေကလည်း လိုတာတွေလုပ်ပေး ပါမယ်။ အထိတ်တလန့်ဖြစ်တာမှန်တယ်။ ဒါပေမယ့် စိုးရိမ်ရမယ့်အခြေအနေမှာတော့ မရှိပါဘူး။ ရောဂါ ပြန့်မသွားအောင် အမြန်ဆုံးကာကွယ်တဲ့လုပ်ငန်းတွေ လုပ်တယ်။ လိုအပ်တဲ့ဆောင်ရွက်မှုတွေကို လုပ်နေပါတယ် လို့ ပြောချင်ပါတယ်။

### ဒေါက်တာသန်းထွန်းအောင်(ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

ကူးစက်မြန်ဦးနှောက်အမြှေးရောင်ရောဂါက အရင် ကလည်းဖြစ်ပါတယ်။ အဓိကက ပူပြင်းတဲ့အယ်နီညိုရာသီ ဥတုနဲ့တွေ့လို့ဖြစ်တာပါ။ ပူပြင်းတဲ့နေရာ အဲဒီပိုးက ဖုန်တွေထဲမှာရှိနေတဲ့ ဘက်တီးရီးယားပိုးကြောင့်ဖြစ်တာပါ။ ရှူရှိုက်ပြီး နှာခေါင်းကတစ်ဆင့် ပိုးကိုသယ်ဆောင်တာပါ။ ကလေးငယ်တွေ နှစ်ရက်ကနေ ၁၀ ရက်အထိ ဖျားတယ်။ အန်တယ်၊ အရေပြားမှာ အကွက်တွေ တွေ့တာတော့ တော်တော်ရှားပါတယ်။ အခုဖြစ်တာက ဦးနှောက်အမြှေး ရောင် ဘီပိုးပါ။ လူစုလူဝေးရှိတဲ့ နေရာတွေကို ရှောင်ဖို့၊ မသွားဖို့၊ မကြာခဏ လက်ဆေးဖို့၊ ကလေးတွေကို မခေါ် မဖြစ်ခေါ်မယ်ဆိုရင် နှာခေါင်းစည်းတွေတပ်ထားဖို့ လိုပါ တယ်။ ဖြစ်နိုင်ရင် အေးတဲ့နေရာမှာနေပါ။ အပြင်ကို လည်းလိုအပ်မှထွက်ပါ။ ၂၄ နာရီအတွင်း ကုသနိုင်ရင် အသက်ရှင်ပါတယ်။ နောက်ကျရင် စိုးရိမ်ရပါတယ်။ ပညာပေးနှိုးဆော်ချက်တွေကို လိုက်နာပေးပါ။ ဒါဆို ကာကွယ်နိုင်မှာပါ။

### ပါမောက္ခဒေါ်ခင်ညိုသိန်း (ပါမောက္ခဌာနမှူး၊ ကလေးကျန်းမာရေးပညာဌာန ဆေးတက္ကသိုလ်(၂) (ရန်ကုန်)၊ ရန်ကင်းကလေးဆေးရုံကြီး အတိုင်ပင်ခံဆရာဝန်ကြီး)

ဦးနှောက်နဲ့အမြှေးရောင်ရောဂါဖြစ်တဲ့ လက္ခဏာ တွေ့တာ ရှစ်နှစ်သမီး ကလေးတစ်ယောက်ထဲပါ။ မတ် ၁၈ ရက် သောကြာနေ့ ည ၁၀ နာရီခွဲမှာ ရန်ကင်း ကလေးဆေးရုံကို ရောက်လာပါတယ်။ မိနစ် ၄၀ အတွင်း မှာ ကလေးကွယ်လွန်သွားတယ်။ အမျိုးသားကျန်းမာရေး ဓာတ်ခွဲဌာနကို သွေးနဲ့ခါးဆစ်ရိုးဆီ စစ်လိုက်တော့ စနေ နေ့မှာ အဖြေတွေ့ရတယ်။ ကူးစက်မြန်ဦးနှောက်နဲ့ အမြှေး ရောင်ရောဂါဆိုတာ တွေ့ပါတယ်။ ရန်ကုန် တိုင်းပြည်သူ့ ကျန်းမာရေးဦးစီးဌာနက ဒီကလေးနေတဲ့ ဒဂုံတောင်ပိုင်း (၂၁)ရပ်ကွက် စည်ပင်ဝင်းမှာရှိတဲ့ကလေးတွေ၊ ဖျားနေတဲ့ ကလေးတွေကို စနေနေ့မှာ ရန်ကင်းကလေးဆေးရုံကို ခေါ်လာပါတယ်။ အဲဒီကလေးတွေရဲ့ သွေးတွေကို အမျိုး သားကျန်းမာရေးဓာတ်ခွဲဌာနကို ပို့လိုက်တယ်။ အနီးကပ် စောင့်ကြည့်တယ်။ တနင်္ဂနွေမှာ အဖြေပြန်ထွက်လာတယ်။ အဲဒီရောဂါလက္ခဏာမတွေ့ဘူး။ ကလေးအချို့ ဆေးရုံက ဆင်းသွားတယ်။

ဒီရောဂါဖြစ်နေတယ်ဆိုရင် စစ်မယ်၊ သူနဲ့အနီးကပ် ရှိသူတွေ ဆက်မပြန့်ပွားအောင် ကာကွယ်ထိန်းချုပ်တဲ့ လုပ်ငန်းတွေ ဆက်လုပ်မယ်။ အခုကတော့ ရန်ကုန်မှာ အဲဒီကလေးနေတဲ့ ဒဂုံတောင်ပိုင်းကတစ်ဆင့် တခြား ကလေးတွေကို ကူးစက်ခြင်းမရှိအောင် တားဆီးထိန်းချုပ် နိုင်ခဲ့တယ်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာနကနေ စောင့်ကြပ်ကြည့်ရှုနေပါတယ်။ ဦးနှောက်နှင့်အမြှေးရောင် ရောဂါရဲ့လက္ခဏာက များသောအားဖြင့် ဖျားမယ်၊ မှိန်းမယ်၊ အနီစက်ပေါ်မယ်။ တစ်ခါတလေ ဇက်တောင့်တဲ့ ရောဂါဖြစ်မယ်။ ၄၈ နာရီအတွင်းမှာ Shock ရနိုင်တယ်။ အနီစက်က တစ်စက် နှစ်စက်မဟုတ်ဘဲ ချက်ခြင်းကြီး ပြန့်မယ်။ ကလေးက အရမ်းမှိန်းမယ်၊ ဖျားမယ်၊ တက်မယ်၊ အေးစက်သွားမယ်။ သွေးလွန်တုပ်ကွေးနဲ့ ခပ်ဆင်ဆင် တူပါတယ်။ သေချာသိဖို့က သွေးစစ်ကြည့်မှသာ သိနိုင် မှာပါ။ ကလေးတွေဖျားတဲ့အခါ နီးစပ်ရာကျန်းမာရေး ဌာနပြဖို့လိုအပ်ပါတယ်။

ကူးစက်မြန် ဦးနှောက်အမြှေးရောင်ရောဂါအကြောင်း နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာသမားတော်ကြီးများ၏ ကျန်းမာရေးအသိပညာပေးမှုကြောင့် ပြည်သူများ၊ မိဘ အုပ်ထိန်းသူများအကြားတွင် ကျန်းမာရေးအသိ ပိုမိုရရှိ လာကြကာ အတိုင်းအတာတစ်ခုအထိ အကျိုးကျေးဇူး ရရှိလာမည်ဖြစ်ကြောင်း ပညာပေးဟောပြောပွဲမှ အပြန် တွင် ခံစားမိခဲ့ရပါသည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

### ❒ ကန်တော်ကြီးမှ

သင်္ကြန်ကာလနီးလာပြီဖြစ်သော်လည်း အပူရှိန်မြင့်မားသည့် အယ်နီညို ရာသီ၏ စိန်ခေါ်မှုရှေ့ပြေးအဖြစ် နိုင်ငံအနှံ့ မြို့ရွာဒေသများရှိ မြစ်၊ ချောင်း၊ အင်းအိုင်တို့၌ ရေများခန်းခြောက်မှု၊ ရေပြတ်လပ်မှုများဖြစ်ပေါ်နေချိန် ဖြစ်သည်။ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များက ရေပြတ်လပ်သည့် ရပ်ကွက်/ကျေးရွာများရှိ ပြည်သူများထံ သောက်ရေသုံး ရေများကို ဖြန့်ဝေပေးနေကြသည်ကိုတွေ့နေရသည်။

သန့်ရှင်းသောသောက်ရေသုံးရေများ အရေးပေါ်လိုအပ်သည့်နေရာများသို့ အချိန်မီကူညီပံ့ပိုးပေးနိုင်ရန်မှာ ရှိနှင့်ပြီးသော ရေကောင်း ရေသန့် ရေအရင်း အမြစ်များကို မပျက်စီး၊ မပြုန်းတီး၊ မလေလွင့်ရလေအောင် လူကြီးလူရွယ် ကလေးငယ်မှစ၍ အားလုံးက အသိရှိရှိဖြင့် ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် လိုအပ်လှသည်။

ရန်ကုန်မြို့လယ်ရှိ ကန်တော်ကြီးရေကန်သည် သောက်နိုင်၊ သုံးနိုင်သည့် ရေချို ရေသန့်ကန်ဖြစ်သည်။ သဘာဝကဖန်တီးပေးထားသည့် ကန်တော် ကြီးကန်နှင့် ကန်ပတ်လည် စိမ်းလန်းစိုပြည်နေစေရေး၊ ကန်တော်ကြီးရေ သန့်ရှင်းကြည်လင်နေစေရေးတို့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက အပန်းဖြေအနားယူကြသူများအား အသိပညာပေးနေသကဲ့သို့ ကန်တော်ကြီးကန်ပတ်လမ်းနှင့် ကန်တော်ကြီးဝင်းအတွင်းရှိ စားသောက် ဆိုင်ကြီး၊ ဆိုင်ငယ်အားလုံးကို စွန့်ပစ်ပစ္စည်းများ သတ်မှတ်စည်းကမ်းနှင့်အညီ စွန့်ပစ်ရေးအသိပေးနေသည့်အပြင် ရေကန်သန့်ရှင်းစေရန်နှင့် အမှိုက်သရိုက် အညစ်အကြေးများ၊ ဒိုက်ပင်၊ မှော်ပင်၊ ဗေဒါပင်များ မပေါက်ပွားစေရန် စက် ယန္တရားများဖြင့် စဉ်ဆက်မပြတ် ခုတ်ထွင်ရှင်းလင်းနေသည်ကို တွေ့ရသည်။ ဤသည်မှာ ရှိနှင့်ပြီးသော ရေအရင်းအမြစ်တစ်ခုကို စုပေါင်းထိန်းသိမ်းနေခြင်း ပင်ဆိုနိုင်သည်။

၂၀၁၀ ပြည့်နှစ် မေ ၂၄ ရက်က ပထမအကြိမ်နှင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၉ ရက်က ဒုတိယအကြိမ် မီးလောင်ကျွမ်းခဲ့သော ရန်ကုန်မြို့ မင်္ဂလာတောင် ညွန့်မြို့နယ်ရှိ အဆင့်မြင့်မင်္ဂလာဈေးမီးလောင်မှုဖြစ်စဉ်တွင် မီးပိုမိုလောင်ကျွမ်း ဆုံးရှုံးမှုမရှိရလေအောင် အချိန်မီ မီးငြိမ်းသတ်နိုင်မှုမှာ မီးသတ်တပ်ဖွဲ့ဝင်များ၏ သက်စွန့်ကြိုးပမ်းမီးငြိမ်းသတ်နိုင်မှုကြောင့်ဖြစ်သကဲ့သို့ မီးသတ်ရေသယ် ယာဉ်များ၊ မီးသတ်ယာဉ်များအကြီး၊ အသေး စီးရေပေါင်းများစွာက မင်္ဂလာ ဈေးအနီးရှိ ကန်တော်ကြီးရေပြင်မှ ရေဂါလန်သန်းပေါင်းများစွာကို ယာဉ်ခေါက် ရေပေါင်းထောင်ချီ၍ အချိန်မီသယ်ယူ မီးငြိမ်းသတ်နိုင်မှုကြောင့်လည်း ပါဝင် သည်ကိုတွေ့မြင်ရသည်။

ယမန်နှစ်က သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီသည် ကန်တော်ကြီးကန်ပတ်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်း အပါအဝင်တို့၌ မဏ္ဍပ်ကြီး ၃၉ ခု ချထားပေးခဲ့သော်လည်း ယခုနှစ်တွင် ကန်တော်ကြီးရေ ပိုမိုထိန်းသိမ်း၍ အရေးပေါ်လိုအပ်ပါက အသုံးပြုနိုင်ရေး ရည်ရွယ်ကာ ကန်တော်ကြီးကန်ပတ်လမ်းတစ်ခုတည်းတွင် ရေကစားမဏ္ဍပ် ကြီး ကိုးခုသာ စိစစ်ခွင့်ပြုရန် လျာထားကြောင်းသိရသည်။

ကန်တော်ကြီးရေကို အကျိုးရှိစွာအသုံးပြုနိုင်မည့် အစီအမံဖြစ်ခြင်းကြောင့် ယင်းအစီအမံကို ကြိုဆိုပါသည်။ ယခုနှစ် ရေကစားရက်သည် ယခင်နှစ်ထက် တစ်ရက်ပိုမို(အကြတ်နှစ်ရက်)ခြင်းကြောင့် ယင်းအစီအမံအပြင် ရေဇူးအားပြင်း သည့်ရေပိုက်ကြီးများဖြင့် ရေပက်ခြင်း၊ မလိုအပ်သောအချိန် ရေပိုက်ခေါင်း၊ ရေဘားများဖွင့်ထားခြင်း စသည့်ကိစ္စများကိုပါ တိတိကျကျညွှန်ကြားခြင်းဖြင့် ကန်တော်ကြီးရေ ပိုမိုထိန်းသိမ်းမှုကို အထောက်အကူပြုနိုင်မည်ဟု ယုံကြည် ပါသည်။

သို့ဖြစ်ရာ သဘာဝကပေးထားသည့် ရန်ကုန်မြို့ ကန်တော်ကြီး သဘာဝ ရေကန်ကြီး ရေရှည်တည်တံ့ သန့်ရှင်းကြည်လင်သပ်ရပ်နေရေးအတွက် အားလုံး က အသိနှင့်ယှဉ်၍ ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုမည်ဖြစ်ကြောင်း အသိပေး ရေးသားလိုက်ရပါသည်။

**(ကိုချစ်)**

# ပြည်ပမှ တင်သွင်းလာသော မော်တော်ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေးမှုအခြေအနေ

**ရန်ကုန် မတ် ၂၆**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက် အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်း စတင်ဆောင်ရွက်ခဲ့သည့် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ် မတ် ၂၄ ရက်အထိ ၅၃ လတာကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၅၂၉၅၄ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် (CD) ကျပ်သန်း ၇၄၁၃၇၀ ဒသမ ၅၀၊ ကုန်သွယ်လုပ်ငန်းခွန် (CT) ၆၄၉၇၆၃ ဒသမ ၁၉ ကျပ်သန်း စုစုပေါင်း ၁၃၉၁၁၃၃ ဒသမ ၆၉ ကျပ်သန်းအား ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါအကောက်ခွန် (CD)နှင့် ကုန်သွယ်လုပ်ငန်းခွန် (CT) များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့်ယာဉ်များအနက် ယာဉ်အို၊ ယာဉ်ဟောင်းအစားထိုးလဲလှယ်ရေးစီမံချက်အတွက် ၁၃၆၄၂၉ စီး၊ ကား အရောင်းပြခန်းများအတွက် အစီး ၁၁၇၁၈၀၊ သဘော်သားပါမစ်ဖြင့် တင်သွင်း မှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှု များအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် အစီး ၇၃၀၊ ပြည်ပနေအလုပ် လုပ်ကိုင်သူများပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများ အတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၆၉၉၆၃ စီးတို့ဖြစ်ကြောင်း သိရသည်။

**(ဝင်းမြင့်)**

# မြန်မာပန်းပုပညာရှင်များ ဇာတ်ကြီးဆယ်ဘွဲ့ အနုစိတ်လက်ရာများကို ထုလုပ်မှုများလာ



**မန္တလေး မတ် ၂၆**

"ဘုရားမတင် နတ်မဝင် လူတွင်ပန်းဆယ်မျိုး"ဟု ဆိုထားသည်။ မြန်မာနိုင်ငံတွင် အစဉ်အဆက် ပန်းပုပညာကို မြတ်နိုးစွာ တန်ဖိုးထားတတ်ကြသည်။ ရှေးအခါမှစ၍ ပုံတူပန်းပုများကို အမြတ်တနိုးထုဆစ်ခဲ့ကြသည်။ မြန်မာပန်းပုဈေးကွက်တွင် ပုံတူလိုင်း၊ ရုပ်လိုင်း၊ ၃၇ မင်းလိုင်း၊ ဆင်လိုင်းနှင့် အခြားလိုင်းများစွာရှိသည်။ ပန်းပုထုရာတွင် ကျွန်းသား၊ ကုက္ကိုသားများကို အများဆုံး အသုံးပြုကြသည်။ နေ့နံသားများအတွက်မူ အသားမျိုးစုံအသုံးပြုကြသည်။

ယခင်က နိုင်ငံခြားဈေးကွက်အတွက် ဆင်ပန်းပုနှင့် လောကနတ်ပန်းပုကို အဓိကထားကြသည်။ ဆင်ပန်းပုတွင် ငါးလက်မအရွယ်မှစကာ ထုဆစ်ကြသည်။ ဆိုက်ကြီးများကို ရွှေလီဈေးကွက်သို့ တင်ပို့ကြသည်။ လောကနတ်ပန်းပုလိုင်းတွင် ပန်းပုဆရာ စိတ်ကြိုက်ဖန်တီးတတ်ကြသည်။ စတင်ထုဆစ်ချိန်တွင် တပည့်များကို လက်သင်သဘောအဖြစ် အကြမ်းထည်များကို ထုဆစ်သင်ကြားစေသည်။ လောကနတ် ရုပ်လုံးအကြမ်းပေါ်သည်နှင့် ဆရာဖြစ်သူကိုယ်တိုင် စနစ်တကျထုဆစ်ကြသည်။

လောကနတ်ပန်းပုသည် အနုစိတ်၍ လက်ဝင်လွန်းလှသည်။ လက်ရာမြောက်စွာ ထုဆစ်ကြရပြီး အမှားမခံပေ။ ကနုတ်ပန်းများ၊ စည်းများမှအစ မျက်လုံး၊ မျက်ခုံး၊ ခြေလက်အားလုံး လက်ရာမြောက်စွာ ထုဆစ်ကြရသည်။ လောကနတ်ပန်းပုလိုင်းသည် ပြည်တွင်းဈေးကွက်ကို အားထားရသည်။ လောကနတ်ပုံများကို ဟိုတယ်များ၊ ဧည့်ခန်းများတွင် အလှဆင်လေ့ရှိကြသည်။ လက်ရှိတွင် လောကနတ်ပန်းပုဈေးကွက် အေးနေပြီး လောကနတ်ပန်းပုရုပ်တုသည် ပန်းပုဆရာ၏ စိတ်ဝင်စားမှုပေါ်မူတည်၍ လက်ရာကွာခြားသွားတတ်ပြီး ဈေးနှုန်းလည်း ကွာခြားကြောင်း သိရသည်။

လက်ရှိကာလတွင် မြန်မာ့ပန်းပုပညာရှင်များမှာ သစ်သားတစ်ခုတည်းကိုပင် ဇာတ်ကြီးဆယ်ဘွဲ့ရုပ်ကြွများကို စုပေါင်းထုဆစ်ကြသည်။ ပန်းပုလက်ရာမြောက် ဇာတ်ကြီးဆယ်ဘွဲ့ပန်းပုအတွက် ပန်းပုပညာရှင်လေးဦးခန့် ပေါင်းစပ်ထုလုပ်ကြသည်။ ထုလုပ်မှုအဆင့်ဆင့်တွင် အသေးစိတ်မှအစ ဂရုစိုက်ထုလုပ်ကြသည်။ လက်ရှိကာလ ပန်းပုလုပ်ငန်းတွင် သစ်သားတစ်ခုတည်းကိုပင် အနုစိတ်ထုဆစ်မှုများစွာ ပြုလုပ်မှုများပြားလျက်ရှိကြောင်း ပန်းပုလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။ **(တိမ်တမန်)**

# အပူဒဏ်ကြောင့် မော်တော်ယာဉ်များ မီးလောင်မှုမဖြစ်စေရေး အထူးဂရုပြုရန်လိုအပ်

**မုံရွာ မတ် ၂၆**

မုံရွာအခြေပြု၍ အပူပိုင်းဒေသများသို့ သွားလာမောင်းနှင်နေကြသော မော်တော်ယာဉ်များအနေဖြင့် ယာဉ်မောင်းနေစဉ်နှင့် ရပ်နားထားစဉ်တို့တွင် အလိုအလျောက် မီးလောင်မှုမဖြစ်စေရန် ယာဉ်များကြိုတင်စစ်ဆေးမှုများကို သတိထားရန်လိုကြောင်း မုံရွာမြို့အခြေစိုက် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းက ပြောသည်။

မော်တော်ယာဉ်များ၏ အင်ဂျင်ခန်းအတွင်း သန့်ရှင်းမှုရှိစေရေး၊ ဆီပိုက်များ ယိုစိမ့်မှုမရှိစေရေးအတွက် အလေးပေးဆောင်ရွက်ရန် လိုအပ်သလို ယာဉ်မောင်းများအနေဖြင့် ယာဉ်မတော်တဆမှုမှ ကာကွယ်ရန်အတွက် သတ်မှတ်မိုင်နှုန်းအတိုင်း ဂရုစိုက်မောင်းနှင်ကြရမည်ဖြစ်ကြောင်း၊ ယာဉ်မောင်းနေစဉ်အချိန်၌ ယာဉ်နှင့်လမ်းအခြေအနေကို အခါမလပ် ဂရုစိုက်သတိထားကာ ဖုန်းပြောခြင်း၊ သီချင်းနားထောင်ခြင်း၊ ဗီဒီယိုကြည့်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ မူးယစ်သေစာသောက်စားခြင်း၊ လက်တစ်ဖက်တည်းဖြင့် မောင်းနှင်ခြင်းတို့ကို ရှောင်ရှားရန်လိုအပ်ကြောင်း သတိပေးထားသည်။

ခရီးသွားများ ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် စစ်ဆေးရမည့်အချက်များသတ်မှတ်ပြီး တာဝန်ရှိ ဌာနအဖွဲ့အစည်းများနှင့်အတူပူးပေါင်း၍ မော်တော်ယာဉ်နှင့် ပတ်သက်သည့် သက်တမ်းရှိ ယာဉ်သက်သေခံလက်မှတ်၊ ယာဉ်ကိုယ်ထည်ပိုင်း၊ တာယာနှင့် အစိတ်အပိုင်းများအားလုံး အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်အသုံးပြုနိုင်မှု၊ လူစီးထိုင်ခုံများတပ်ဆင်ထားရှိမှု၊ အရေးပေါ်ထွက်ပေါက်များ အသုံးပြုနိုင်မှု၊ အရေးပေါ်အခြေအနေ အသုံးပြုနိုင်ရန် မီးသတ်ဆေးဘူး၊ တူ၊ ပုဆိန်၊ ယာဉ်တွင် တပ်ဆင်သည့်ရောင်ပြန်နှင့် ယာဉ်ရပ်နားရာတွင် အသုံးပြုမည့်တြိဂံရောင်ပြန်ပါရှိမှုစသည်တို့ကို စစ်ဆေးလျက်ရှိကြောင်း ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးကော်မတီမှ သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ဘေးအန္တရာယ်ရှိ အဆောက်အအုံများသတ်မှတ်နိုင်ရေး စိစစ်ရေးကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး မတ် ၂၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးအစည်းအဝေးခန်းမ၌ မတ် ၂၃ ရက် နံနက် ၁၁ နာရီခွဲက မတ် ၂၂ ရက်တွင် မင်္ဂလာဈေး မီးလောင်ကျွမ်းခဲ့ခြင်းနှင့် ပတ်သက်၍ ဘေးအန္တရာယ်ရှိ အဆောက်အအုံများ သတ်မှတ်နိုင်ရေး ကွင်းဆင်းစစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် စိစစ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညွန့်မောင်၊ အတွင်းရေးမှူး ဦးခင်မောင်တင်နှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဆောက်လုပ်ရေးဦးစီးဌာန တည်ဆောက်ရေးအထူးအဖွဲ့-၂၊ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ညွန့်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (မန္တလေး) တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ထွေး၊ နည်းပညာတက္ကသိုလ်(မန္တလေး) မြို့ပြအင်ဂျင်နီယာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာလှမျိုးအောင်နှင့် အင်ဂျင်နီယာများ တက်ရောက်ဆွေးနွေးကြသည်။

ရှေးဦးစွာ ဒုတိယမြို့တော်ဝန်က မီးလောင်ဆုံးရှုံးခဲ့ရသည့် ဆိုင်ခန်းပိုင်ရှင်များက ၎င်းတို့ပစ္စည်းများ သယ်ယူရာတွင် မည်သည့်ထောက်ခံစာမှ လိုအပ်ခြင်းမရှိဘဲ ဈေးအကျိုးတော်ဆောင်၊ ဈေးတာဝန်ခံများနှင့် စိစစ်ပြီး ပြန်လည်သယ်ယူနိုင်ကြောင်း၊ စနစ်တကျသယ်ယူနိုင်ရေးအတွက် ဝင်ပေါက်နှင့် ထွက်ပေါက်များကို သီးသန့်စီစဉ်ပေးထားပြီး သက်ဆိုင်ရာတို့က လုံခြုံရေးဆောင်ရွက်ပေးနေကြောင်း ပြောကြားသည်။

ဆက်လက်၍ အတွင်းရေးမှူးက မီးဘေးသင့် အဆောက်အအုံဖြစ်သည့်အတွက် အန္တရာယ်ရှိ၊ မရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများ၊ မန္တလေးမြို့တော်စည်ပင်သာယာကော်မတီမှ အင်ဂျင်နီယာများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် နည်းပညာတက္ကသိုလ် (မန္တလေး)မှ ပညာရှင်များနှင့် စစ်ဆေးရေးအဖွဲ့ဖွဲ့စည်း၍ စစ်ဆေးကာ ဆုံးဖြတ်သွားမည်ဖြစ်ပြီး ကြားကာလတွင် ဆိုင်ခန်းရှင်များ ပစ္စည်းသယ်ယူရန်နှင့် မြို့တော်စည်ပင်မှ သန့်ရှင်းရေးဆောင်ရွက်သွားနိုင်ရေးကို စီစဉ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာနမှ ညွှန်ကြားရေးမှူးက လက်ရှိ မီးဘေးဒဏ်ခံထားရသည့် အဆောက်အအုံများ လတ်တလော စစ်ဆေးမှုများအရ ဆိုင်ခန်းပိုင်ရှင်များနှင့် လူနေတိုက်ခန်းနေထိုင်သူများအနေဖြင့် ၎င်းတို့ပစ္စည်းများကို စနစ်တကျသယ်ယူရာတွင် အန္တရာယ်မရှိကြောင်း၊ စလစ်ပြင်များ၊ ပိုင်တိုင်များ မီးဘေးသင့်ခဲ့သော်လည်း ပစ္စည်းသယ်ယူနိုင်သည့် အနေအထားထိရှိနေပြီး နောက်ပိုင်းတွင် နည်းပညာများဖြင့် အဆင့်ဆင့်စစ်ဆေးမှုများ လုပ်ဆောင်ရန်လိုကြောင်း အကြံပြုပြောကြားသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (မန္တလေး)မှ ဦးသန့်ဇင်ထွေးကလည်း မီးဘေးသင့်အဆောက်အအုံဖြစ်၍ လက်ရှိစစ်ဆေးမှုများအရ ပစ္စည်းသယ်ယူမှုများတွင် အန္တရာယ်ကင်းသော်လည်း တိကျသည့်ကြံ့ခိုင်မှုအဖြေရရှိရေးအတွက် မီးလောင်မှုအပိုင်းလိုက် အင်ဂျင်နီယာနည်းပညာများ၊ ကိရိယာများဖြင့် ဆက်လက်စစ်ဆေးရမည်ဖြစ်ပြီး စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ရမှာဖြစ်ကြောင်း အကြံပြုတင်ပြသည်။

ထို့နောက် ကော်မတီဝင်များနှင့် တက်ရောက်လာသူများက မီးဘေးသင့် မင်္ဂလာဈေးအဆောက်အအုံနှင့် ပတ်သက်သည့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဆိုင်ခန်းရှင်များနှင့် လူနေတိုက်ခန်းများမှ ပစ္စည်းသယ်ယူရေးလုပ်ငန်းများ၊ သန့်ရှင်းရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(တင်မောင်၊ မင်းထက်အောင်)**

# အယ်နီညိုဖြစ်စဉ်ကြောင့် စားအုန်းဆီထွက်ရှိမှုလျော့လာသဖြင့် ပြည်ပစားအုန်းဆီဈေးနှုန်း မြင့်တက်လာ

**ရန်ကုန် မတ် ၂၆**

အယ်နီညိုဖြစ်စဉ်ကြောင့် စားအုန်းဆီထွက်ရှိမှုလျော့နည်းလာသဖြင့် ပြည်ပစားအုန်းဆီဈေးနှုန်း မြင့်တက်လာသည်။ ဖေဖော်ဝါရီနောက်ဆုံးပတ်မှ မတ်လ ဒုတိယပတ်ကုန်ခါနီးအထိ ပြည်ပစားအုန်းဆီတစ်တန်ဈေးနှုန်း ပျမ်းမျှ ဒေါ်လာ ၆၅၀ ဝန်းကျင်၊ တစ်ပိဿာအရင်းဈေးနှုန်း ပျမ်းမျှ ကျပ် ၁၄၈၀ ဝန်းကျင်သာရှိခဲ့သည်။

မတ် ၂၁ ရက်က စားအုန်းဆီဈေးကွက်တွင် D.O စာရွက် (ဆီထုတ်ယူခွင့်)တစ်ပိဿာ ၁၅၈၅ ကျပ်၊ အလှယ်လက်ကားလက်ငင်းတစ်ပိဿာ ၁၆၀၅ ကျပ်နှုန်းသို့ မြင့်တက်လာသည်။

စားအုန်းဆီများ ပြည်ပမှဝယ်ယူတင်သွင်းရာတွင် ဝယ်ယူပြီး ၁၀ ရက်ခန့်အကြာတွင် ပြည်တွင်းသို့ရောက်ရှိသည်။ အထက်ဖော်ပြပါရက်ပိုင်းများတွင် ပြည်ပမှဝယ်ယူခဲ့သော စားအုန်းဆီများမှာ ယခုရက်ပိုင်း ရန်ကုန်ဈေးကွက်အတွင်းရှိနေသည့် ဆီများဖြစ်သည်။ သို့ဖြစ်ရာ ယခုရက်ပိုင်း ရန်ကုန်ဈေးကွက်တွင် ရောင်းချနေသော စားအုန်းဆီများ၏ တစ်ပိဿာ အရင်းဈေးမှာ ပျမ်းမျှငွေကျပ် ၁၄၈၀ ဝန်းကျင်သာဖြစ်သည်။

မတ် ၂၁ ရက်တွင် ပြည်ပစားအုန်းဆီ FOB တစ်တန်လျှင် ဒေါ်လာ ၆၉၀ ဖြင့် တစ်ပိဿာအရင်းဈေး ၁၅၆၅ ကျပ်နှုန်းရှိလာပြီး ဆီဈေးကွက်တွင် ဆီထုတ်ယူခွင့် D.O စာရွက် တစ်ပိဿာရောင်းဈေး ၁၅၈၅ ကျပ်၊ အလှယ် ၁၆၀၅ ကျပ်ဖြစ်လာချိန်တွင် တစ်ပိဿာအရင်းဈေးထက် ကျပ်တစ်ရာ၊ ပိဿာ၁၁၀ ဝင် ဆီတစ်ပီပါလျှင် ကျပ်တစ်သောင်း၊ ဆီတစ်တန် (၅ပီပါ)လျှင် ကျပ်ငါးသောင်းဝန်းကျင်ကို ပြည်ပမှဆီတင်သွင်းသူများ၊ ယခင်ရက်ပိုင်းဆီဝယ်ထားသူများ၊ ပုဂ္ဂလိကကုမ္ပဏီများမှ ပင်လယ်ရေကြောင်းဖြင့် သင်္ဘောစီးရေ ၁၁၀ ဖြင့် စားအုန်းဆီတန်ချိန် ၅၀၂၅၃၆၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖေဖော်ဝါရီလအထိ သင်္ဘောစီးရေ ၁၁၇ စီးဖြင့် တန်ချိန် ၅၂၀၄၁၈ တန် တင်သွင်းခဲ့ကြောင်း ဖော်ပြထားသည်။

၂၀၁၂-၂၀၁၃ ခုနှစ်၏ ပထမရှစ်လအတွင်း စားအုန်းဆီတန်ချိန် ၂၀၈၆၄၂ တန်၊ ၂၀၁၃-၂၀၁၄ ခုနှစ်၏ ပထမရှစ်လအတွင်း တန်ချိန် ၂၈၂၉၉၂ တန်သာတင်သွင်းမှုရှိရာ ယင်းနှစ်များတွင် လစဉ်ပျမ်းမျှသုံးသောင်းဝန်းကျင်သာတင်သွင်းမှုရှိခဲ့သည်။ ယခုအခါ ကန်ဆီအပြင် ကုန်သေတ္တာများဖြင့် ပုလင်းသွတ်ဆီ၊ ပုံးဆီများပါ တံဆိပ်အမျိုးမျိုးဖြင့် ဈေးကွက်သို့ဝင်ရောက်မှုများလာသည်။

ရန်ကုန်စားအုန်းဆီဈေးကွက်အတွင်း ပြည်ပဈေးမတက်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တင်သွင်းလာသောဆီသင်္ဘောများ မရောက်လာခြင်း၊ ရောက်ရှိသော်လည်း ဆီချနိုင်မှုမရှိခြင်း အခက်အခဲများကြောင့် ဆီဈေးနှုန်းများ မြင့်တက်မှုများရှိတတ်သည်။ ယခုရက်ပိုင်း ပြည်ပမှဆီသင်္ဘောများ ဆီသိုလှောင်ကန် အခက်အခဲကြောင့် ပင်လယ်ဝတွင် စောင့်ဆိုင်းနေရသည်အထိ စားအုန်းဆီပြည့်စုံလုံလောက်မှုရှိသော်လည်း ပြည်ပဈေးမြင့်တက်မှုကိုအကြောင်းပြု၍ အရင်းဈေးထက်တစ်ပိဿာ ကျပ်တစ်ရာဝန်းကျင် ဈေးမြင့်လာသည်။ ယင်းသို့ဈေးမြင့်လာမှုကြောင့် စားအုန်းဆီအသုံးပြုစားသောက်ဖွယ်ရာများ ဈေးမြှင့်တက်လာမည်ကို ယခုရက်ပိုင်း အကျိုးအမြတ်အဖြစ် များစွာရရှိသည်ဟု ဆီဈေးကွက်မှ သိရသည်။

၂၀၁၆ ဇန်နဝါရီနောက်ဆုံးပတ်အတွင်း စားအုန်းဆီတစ်ပိဿာဆိပ်ကမ်းရောက်အရင်းဈေးပျမ်းမျှ ကျပ် ၁၄၀၀ ဝန်းကျင်ရှိပြီး ၁၀ ရက်ခန့်အကြာ ဖေဖော်ဝါရီလ ပထမပတ်အတွင်းတွင် ရန်ကုန်ဆီဈေးကွက်တွင် ပျမ်းမျှတစ်ပိဿာ ရောင်းဈေး D.O စာရွက်ဈေးကျပ် ၁၄၁၀၊ အလှယ်ဈေး ပျမ်းမျှ ၁၄၂၅ ကျပ်သာရှိခဲ့သည်။ ပြည်ပမှ တင်သွင်းလာသောစားအုန်းဆီအရင်းဈေးနှင့် ကွာခြားမှုနည်းစွာ ရန်ကုန်ဆီဈေးကွက်တွင် ရောင်းဝယ်ခဲ့ကြသည်ဟု ဈေးနှုန်းဟောင်းများမှ သိရသည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း စားအုန်းဆီတိုက်ရိုက်ဖြန့်ဖြူးနေသော ဆီတင်သွင်းသည့် ကုမ္ပဏီတစ်ခုသည် မတ်လဒုတိယပတ် အစပိုင်းရက်တွင် အလှယ်တစ်ပိဿာ လက်ကားဈေး ၁၅၀၅ ကျပ်နှုန်းရောင်းချခဲ့ပြီးနောက် မတ် ၂၁ ရက်အထိ အရောင်းခေတ္တပိတ်ထားသည်ဟု ဝယ်ယူနေကျနယ်မှ ကုန်သည်တစ်ဦးက ပြောသည်။

ရန်ကုန်ဆိပ်ကမ်း သီလဝါနယ်မြေတွင် ဆီတန်ချိန် ၆၀၀၀ ဆံ့ ဆီသိုလှောင်ကန်ခြောက်လုံး၊ သာကေတ ပဲခူးမြစ်ကမ်းတွင်တန် ၂၀၀၀ ဆံ့ ဆီသိုလှောင်ကန် တစ်လုံး၊ ကြည့်မြင်တိုင် ဗားကရာသဲကွင်း ဆိပ်ကမ်းနယ်မြေတွင် ဆီတန်ချိန် ၂၃၀၀၀ ဆံ့ဆီသိုလှောင်ကန် ၁၉ လုံးရှိရာ စုစုပေါင်းဆီတန်ချိန် ၃၁၀၀၀ သိုလှောင်နိုင်သည်။

ဆန်ဈေးနှုန်းများ ၂၀၁၅ နှစ်လယ်မှစ၍ ဈေးမြင့်တက်ပြီး ပြန်လည်ကျဆင်းမှု ယခုအချိန်အထိ မရှိသေးသကဲ့သို့ စားအုန်းဆီဈေးနှုန်းများ အရင်းဈေးနှုန်းထက် ပိုမိုဈေးတင်ရောင်းချလာမှုအပေါ် ဆီရောင်းဝယ်သူများအနေဖြင့် ဝေဖန်ပြောဆိုမှုများရှိလာသည်ဟု သိရသည်။

အယ်နီညိုဖြစ်စဉ်ကြောင့် စားအုန်းဆီထွက်ရှိမှုလျော့လာသဖြင့် ပြည်ပစားအုန်းဆီဈေးနှုန်း မြင့်တက်လာကြောင်း သိရသည်။

**(မောင်စေအောင်)**

❑

# မန္တလေးတိုင်းဒေသကြီးအတွင်း ကူးစက်မြန်ဦးနှောက်အမြှေးရောင်ရောဂါကြောင့် ကလေးငယ်ရှစ်ဦးသေဆုံး၊ အရှိန်အဟုန်မြှင့်ကာကွယ်မှုများလုပ်ဆောင်

**မန္တလေး မတ် ၂၆**

မန္တလေးတိုင်းဒေသကြီးအတွင်း တစ်ကိုယ်ရေမသန့်ရှင်းခြင်းနှင့် ဖုန်ထူထပ်မှုများကြောင့်ဖြစ်ပွားသည့် ကူးစက်မြန်ဦးနှောက်အမြှေးရောင်ရောဂါကြောင့် မတ်၂၃ ရက်အထိ စာရင်းများအရ ကလေးငယ် ၁၄ ဦး ဖြစ်ပွားပြီး ရှစ်ဦးသေဆုံးခဲ့ကာ ကာကွယ်နှိမ်နင်းမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းနိုင်က ပြောသည်။

မတ် ၅ ရက်မှ စတင်ဖြစ်ပွား၍ ဖြစ်ပွားသေဆုံးသူများမှာ သာစည်မြို့နယ် ကျေးရွာခြောက်ရွာတွင် ကိုးနှစ်အောက် ကလေးငယ်များဖြစ်ပြီး ယင်းကျေးရွာများသည် အပူပိုင်းဒေသ ဖုန်ထူထပ်သောကျေးရွာများ ဖြစ်သည်။

"ဒီရောဂါက အပူပိုင်းဇုန်မှာ ရှိနေတယ်။ တချို့ကျတော့ ရောဂါလက္ခဏာမပြဘူး။ ကိုယ်ခံအားနည်းတဲ့ ကလေးငယ်တွေမှာဖြစ်တတ်တဲ့ Neisseria meningitidis (ဦးနှောက်အမြှေးရောင်)ရောဂါပါ။ တစ်ကိုယ်ရေသန့်ရှင်းရေးနဲ့ ဖုန်ထူထပ်တဲ့နေရာတွေ မသွားဖို့လိုတယ်" ဟု ၎င်းက ပြောသည်။

ဖြစ်ပွားမှုမှာ သာစည်မြို့နယ်အတွင်းမှ အင်းကုန်းရွာတွင် တစ်ဦးဖြစ်ပွား၍ တစ်ဦးသေဆုံး၊ ပြွန်ကန်ရွာတွင် ငါးဦးဖြစ်ပွား၍ နှစ်ဦးသေဆုံး၊ ဘုရားလေးကုန်းရွာတွင် တစ်ဦးဖြစ်ပွား၍ တစ်ဦးသေဆုံး၊ သမန်းကန်ရွာတွင် သုံးဦးဖြစ်ပွား၍ တစ်ဦးသေဆုံး၊ အောင်မြင်သာရွာတွင် သုံးဦးဖြစ်ပွား၍ နှစ်ဦးသေဆုံး၊ မောင်းတိုင်ရွာတွင် တစ်ဦးဖြစ်ပွား၍ တစ်ဦးသေဆုံးခဲ့ရာ ကျေးရွာခြောက်ရွာတွင် ၁၄ ဦး ဖြစ်ပွားပြီး ရှစ်ဦးသေဆုံးခဲ့သည်။

"ဖြစ်ခဲ့တဲ့ရွာတွေက နီးစပ်တော့ တစ်ရွာနဲ့တစ်ရွာ သွားလာကြတယ်။ ကလေးချင်းဆော့ကစားကြရာကလည်း ကူးစက်တယ်။ ဦးနှောက်အမြှေးရောင်ရောဂါ Type ငါးမျိုးမှာ အခုဖြစ်နေတာက TypeB ဖြစ်လို့ ထိုးတဲ့ကာကွယ်ဆေးမရှိသေးဘူး။ ကာကွယ်မှုတွေ အရှိန်အဟုန်နဲ့ လုပ်နေပါတယ်။ အပူနဲ့ဆက်စပ်တာဖြစ်လို့ နေပူထဲကနေပြန်လာပြီး ရေချိုးတာမျိုးရှောင်သင့်တယ်။ နှာခေါင်းစည်းတပ်ဖို့နဲ့ လက်ကိုစင်ကြယ်အောင်ဆေးဖို့ လိုပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းပြီး ဌာနမှ ကျန်းမာရေးဝန်ထမ်းများဖြင့် တစ်ရက် နှစ်ကြိမ်စစ်ဆေးမှုများလုပ်ဆောင်၍ ဖျားနာလူနာရှိလျှင် ပိုးသတ်ဆေးနှင့် လိုအပ်သည့်ဆေးများထိုးနှံပေးကာ နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ခြင်း၊ ကျန်းမာရေးအသိပေးဗီနိုင်းများဖြင့် အသိပေးခြင်း၊ လက်ကမ်းစာစောင်ဝေငှခြင်းတို့ဖြင့် ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# မင်္ဂလာဈေးရှိ ပုံကျဈေးသည်များအတွက် ယာယီဈေးဆိုင်ခန်းများ မဲစနစ်ဖြင့်ချထားပေး

**မန္တလေး မတ် ၂၆**

မန္တလေးမြို့ မင်္ဂလာဈေးမီးလောင်ကျွမ်းပြီးနောက် ၎င်းဈေးရှိပုံကျဈေးသည်များ ယာယီဈေးရောင်းချ နိုင်ရန်အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီမှ မတ် ၂၆ ရက်က ချမ်းအေးသာစံမြို့နယ် ၃၁ လမ်း၊ လမ်း(၇၀)နှင့်(၇၁)လမ်းကြားတွင်ယာယီဈေးနေရာ အဖြစ်သတ်မှတ်၍ ဆိုင်ခန်း နေရာများအား မဲစနစ်ဖြင့် ချထားပေးခဲ့ကြောင်း သိရသည်။

"ပုံကျဈေးသည်တွေအတွက် နေ့စဉ်ဝင်ငွေရဖို့လိုအပ်တဲ့အတွက် ယခုနေရာကို ယာယီဈေးအဖြစ် ရောင်းချနိုင်အောင်စီစဉ်ပေးခဲ့တာပါ။ကျန်တဲ့အတည်တကျဆိုင်တွေအတွက်ကိုလည်း မကြာခင်မှာပဲဆိုင်ခန်းနေရာတွေကို ဆက်လက်ချထားပေးဖို့ စီစဉ်နေပါတယ်"ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်(၂) ဦးရွှေဝင်းက ပြောသည်။

ယခုဖွင့်လှစ်ပေးသည့်ယာယီဈေးနေရာတွင် ပုံကျဆိုင်ခန်းပေါင်း ၂၅၅ ခန်းအား တစ်ဆိုင်လျှင် ၆ ပေပတ်လည်အကျယ်အဝန်းဖြင့် ရောင်းချသည့်ပစ္စည်းအမျိုးအစားလိုက် Aအုပ်စုမှ Gအုပ်စုအထိခွဲခြား၍နေရာချထားပေးခဲ့သည်။

"အခုလိုယာယီဈေးဆိုင်ခန်းတွေအမြန်ချထားပေးတဲ့အတွက် ကျွန်မတို့ဈေးသည်တွေအနေနဲ့ ဝမ်းသာကျေနပ်ပါတယ်။ တစ်နေ့ကုန်ရောင်းချခွင့်ပေးဖို့တောင်းဆိုပါတယ်။နောက်ပြီး ယာယီဈေးကနေ ဈေးသစ်ဖွင့်နိုင်အောင်လည်းအမြန်ဆုံးဆောင်ရွက်ပေးစေလိုပါ"ဟု ကုန်စိမ်းဈေးသည် ဒေါ်မြလေးက ပြောသည်။

အဆိုပါယာယီဈေးတွင် ပုံကျဈေးသည်များဖြစ်သည့် ကုန်စိမ်း၊ သစ်သီး၊ကုန်ခြောက်၊ သား/ငါး၊ လေလံ (ဝက်၊ ဆိတ်၊ အမဲ)နှင့် စားသောက်ဆိုင်တို့ဖြစ်ပြီး ကုန်စိမ်းနှင့်သစ်သီးရောင်းချသူ ၁၁၅ ဆိုင်၊ ကုန်ခြောက်ရောင်းချသူ ၇၆ ဆိုင်၊ သား/ငါး ရောင်းချသူ ၄၁ ဆိုင်၊ လေလံ (ဝက်၊ ဆိတ်၊ အမဲ) ရောင်းချသူ ငါးဆိုင်နှင့် စားသောက်ဆိုင်ရောင်းချသူ ၁၈ ဆိုင်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကျေးလက်ဒေသအရောက် မြွေနှင့်ပတ်သက်သော အသိပညာပေးမှုများ အားနည်းနေသေး

**မုံရွာ မတ် ၂၆**

အန္တရာယ်များသော မြွေအန္တရာယ်ကို စုပေါင်းကာကွယ်ရန်လိုသလို တစ်ဦးချင်းအနေဖြင့်လည်း ကာကွယ်ရန်လိုအပ်ပြီး မြွေနှင့်ပတ်သက်သော အသိပညာပေးမှုများ ကျေးလက်တောရွာများအရောက် ဆောင်ရွက်မှုများနည်းနေကြောင်း အရာတော်မြို့နယ် စပါးစိုက်ကျေးရွာဒေသခံတစ်ဦးက ပြောသည်။

"ကျေးလက်မှာနေတဲ့သူအများစုက သူတို့သိထားတဲ့အတိုင်း ဒဏ်ရာကိုမီးစနဲ့ထိုးတာ၊ ဓားနဲ့ခွဲတာ၊ ပွတ်တာနှိပ်တာ၊ ဆေးလိမ်းတာ၊ မြွေကိုက်ခံရသူကို အရက်တိုက်တာ၊ အဆိပ်ကြောင့် ကယောင်ကတမ်းဖြစ်တာကို အပမှီတယ်ဆိုပြီး လွဲမှားတဲ့အယူသီးမှုတွေနဲ့ လုပ်နေတာတွေရှိနေပါသေးတယ်။ အဲဒီလို အယူသီးတာတွေကြောင့် မြွေဆိပ်တွေဟာ ပြန်ရည်ကြောကတစ်ဆင့် ခန္ဓာကိုယ်ကို ပျံ့နှံ့သွားတာဖြစ်လို့ မလိုလားစရာဖြစ်ရပ်တွေ ကြုံနေကြရပါတယ်"ဟု အရာတော်ဒေသ ကျေးလက်နေသူတစ်ဦးက ပြောသည်။

မြွေကိုက်ခံရမှုဖြစ်ပွားရာနေရာများမှာ လယ်ယာတောများတွင် အဓိကအဖြစ်များပြီး ကောက်ရိတ်ကာလ မြွေအန္တရာယ်ကာကွယ်ရန် စပါးမရိတ်မီ မီးတုတ်များဖြင့် မြွေများကိုခြောက်လှန့်၍ မောင်းထုတ်ရန်လိုအပ်ပြီး လယ်ယာတောထဲသွားသည့်အခါ လည်တံရှည်ဖိနပ်များစီးရန် လိုအပ်သလို ကောက်ရိတ်သောအခါ ရော်ဘာလက်အိတ်ရှည်များ၊ ခြေအိတ်ရှည်များစွပ်၍ အကာအကွယ်ပြုလုပ်ထားရန်များကို အမြဲသတိပေးသင့်ကြောင်း သိရသည်။

မြွေကိုက်လူနာရှိလျှင်ဆေးရုံအရောက် အမြန်ဆုံးပို့ဆောင်ရမည်ဖြစ်သလို မြွေကိုက်လူနာကို ရှေးဦးသူနာပြုစုနည်းဖြင့် အသက်ကယ်ပြုစုနိုင်ရန်လိုအပ်သည်။ ထို့ထက်အရေးပါလှသော မြွေဆိပ်ဖြေဆေးများ အလုံအလောက်ထားရှိရေးများကို လုပ်ဆောင်ထားလျှင် ဆင်းရဲချမ်းသာမရွေး မြွေကိုက်ခံရပါက အသက်ဆုံးရှုံးမှု လုံးဝရှိနိုင်မည်မဟုတ်ကြောင်းသိရသည်။

မြွေများသည် အစာရှာရင်း လူတို့၏နေအိမ်ထဲသို့ဝင်လာတတ်ပြီး အိမ်ထဲရှိချောင်ကြိုချောင်ကြားများ၌ ဝင်ခိုနေတတ်ကာ မြွေဝင်နိုင်မည့်အပေါက်များကို အုတ်ခဲဖြင့်ပိတ်ဆို့ထားရမည်ဖြစ်သလို မြွေပေါသောအရပ်၌ နေထိုင်သူများအနေဖြင့် အိမ်ထဲသို့ မြွေမဝင်နိုင်အောင် အဟန့်အတားအကာအကွယ်များ ပြုလုပ်ထားရန်လိုအပ်သည်။

မြန်မာနိုင်ငံတွင် အဓိကတွေ့ရှိသော အဆိပ်ရှိမြွေများမှာ မြွေဟောက်၊ မြွေပွေး၊ ငန်းတော်ကြား၊ ငန်းမြွေ၊ သံခေါင်းစွပ်၊ ဂျပ်မြွေ၊ မြွေစိမ်းမြီးချောက် စသည်တို့ဖြစ်ပြီး အဆိုပါမြွေများသည် သစ်ရွက်ပုံ၊ သစ်ခေါင်း၊ ချုံပုတ်တွင်းများ၊ ကောက်လှိုင်းပုံ၊ ဝါးပုံနှင့် သစ်ပင်များပေါ်တွင် ခိုအောင်းနေထိုင်တတ်ကြပြီး အစာစားရန်၊ မိတ်လိုက်ရန် အပြင်ထွက်လေ့ရှိကာ ရေလည်းကူးတတ်ကြကြောင်း သိရသည်။ မြွေများအနေဖြင့် လူကိုကြောက်ရွံ့တတ်သည့်သဘောရှိပြီး လူတို့က တက်နင်းမိ၊ ကိုင်တွယ်မိသည့်အခြေအနေမျိုးကြောင့် တုံ့ပြန်ကိုက်ပေါက်ခြင်းဖြစ်ကာ ထူးခြားသည်မှာ မြွေပွေးများသည် အကောင်ကြီးများထက် အကောင်ငယ်များက အဆိပ်ပိုပြင်းသည့်အပြင် ရန်မူတတ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် မြွေကိုက်ခံရမှုနှင့် မြွေကိုက်၍ သေဆုံးမှုနှုန်း အများဆုံးနိုင်ငံများတွင် ပါဝင်ပြီး ၁၉၉၃ ခုနှစ်က မြွေကိုက်မှုအကြိမ် ၁၄၀၀၀ ကျော်ရှိခဲ့ပြီး ၂၀၀၀ ကျော်ခန့် သေဆုံးခဲ့ကြောင်း သိရသည်။ ဤကိန်းဂဏန်းသည် ဆေးရုံရောက်လာသော စာရင်းများအရဖြစ်ပြီး ပြင်ပ၌မြွေကိုက်ခံရသောလူနာများ မပါရှိကြောင်းသိရသည်။ မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၁၁ အရ အရေးကြီးသောရောဂါများ၏ ဦးစားပေးစာရင်းတွင် ရောဂါပေါင်း ၄၂ မျိုးအနက် မြွေကိုက်ရောဂါမှာ ၁၁ နေရာတွင်ရှိပြီး မြွေကိုက်၍သေဆုံးမှုတွင် အဆိပ်ပြင်းသောမြွေများကြောင့် အဓိကဖြစ်ရကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

❒

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**

# ရမည်းသင်းမြို့နယ်အတွင်း သစ်သားလှည်းဘီးများလုပ်ကိုင်လျက်ရှိ

**ရမည်းသင်း မတ် ၂၆**

တောင်သူများ လယ်ယာလုပ်ငန်းခွင်တွင် သွားလာရေးနှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုကြသောလှည်း၏ အဓိကအစိတ်အပိုင်း သစ်သားလှည်းဘီးများကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဝါးရုံတော်အုပ်စု ဝါးရုံတောအရှေ့ရွာ၊ အနောက်ရွာတွင် ယနေ့ထက်တိုင်ပြုလုပ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ ထိုသို့ သစ်သားလှည်းဘီးများ ပြုလုပ်လုပ်ကိုင်ခြင်းကို ရှေးယခင်ကပင် ပြုလုပ်ခဲ့ပြီး ယခုအခါ သစ်သားလှည်းဘီးပြုလုပ်သူ လေးဦးရှိသည်ဟု သိရသည်။

သစ်သားလှည်းဘီး ပြုလုပ်ရာတွင် ကျွန်းသား၊ ပိတောက်သားတို့ကို အသုံးပြု၍ ပြုလုပ်ကြပြီး လှည်းဘီး၏ ဒေါက်၊ တံကူ (ပတ်ဝိုင်း)တို့ကို ကျွန်းသားဖြင့် ပြုလုပ်ကြကာ လှည်းဘီး၏ အလယ်တည့်တည့် လှည်းဝင်ရိုးတပ်ဆင်ရန်အတွက် အဓိကဖြစ်သော ပဒေါင်းလုံးကို ပိတောက်သားဖြင့် ပြုလုပ်ကြသည်ဟု သိရသည်။

လှည်းဘီးတွင်ပါဝင်သော တံကူ (ပတ်ဝိုင်း) ဒေါက်ပြုလုပ်ရာတွင် သစ်သားကို အတိုင်းအတာအတိုင်းဖြတ်တောက်၍ ပုံကြမ်းလောင်း အချောကိုင်ခြင်းစသည်တို့ဖြင့် ပြုလုပ်ပြီးစီးနိုင်သော်လည်း ပဒေါင်းလုံးပြုလုပ်ရာတွင် ဆောက်ပြား၊ ဆောက်ခုံး၊ ဇောင်းဆောက်များဖြင့် ပွတ်စင်အသုံးပြုကာ အဆင့်ဆင့်ပြုလုပ်ရသည်ဟု သိရသည်။

သစ်သားလှည်းဘီး ပြုလုပ်ရန်အတွက် ပြုလုပ်မည့်သစ်သားကို သုံး၊ လေးနှစ် အသားကျ၊ အသားခြောက်အောင်ထားပြီး ပြုလုပ်မှသာ လှည်းဘီးများ အသားကျမှန်ခြင်း၊ အတိမ်း၊ အခွင်မဖြစ်ဘဲ စံရွေးကျဖြစ်၍ အသုံးပြုသူများအတွက် ရေရှည်အသုံးခံသည်ဟု သိရသည်။

သစ်သားလှည်းဘီးကို သစ်သားအစိုဖြင့် ပြုလုပ်ပါက ရက်တိုတိုအတွင်း လျင်မြန်စွာပြီးစီးနိုင်သော်လည်း အသုံးပြုသူများအတွက် ရေရှည်မခံကြောင်း သိရသည်။ လှည်းဘီးတစ်စုံ ပြုလုပ်ရာတွင် တစ်လခွဲခန့်ကြာပြီး သစ်သားလှည်းဘီးတစ်စုံလျှင် ကျပ်ခြောက်သိန်းမှ ခုနစ်သိန်းဝန်းကျင် ရောင်းရကြောင်း သိရသည်။

သစ်သားလှည်းဘီး လုပ်ကိုင်သူများသည် လှည်းဘီးများ အသစ်လုပ်ကိုင်ခြင်းအပြင် တောင်သူများ လယ်ယာလုပ်ငန်းအားလပ်ချိန် လှည်းဟောင်းများ၏ လှည်းဘီးများ ပြန်လည်ပြုပြင်ရာတွင်လည်း ဒေါက်၊ တံကူ၊ သံခွေ၊ ပဒေါင်းလုံး၏ လက်ရင်းခွေ၊ လက်ဖျားခွေ(အတွင်း၊ အပြင်) အစရှိသည့် အစိတ်အပိုင်းများ ပြန်လည်ပြင်ဆင်ပြုလုပ်ခြင်းလုပ်ငန်းကိုလည်း ပြုလုပ်ဆောင်ရွက်ကြ၍ ဝင်ငွေရကြသည်ဟု သိရသည်။

သစ်သားလှည်းဘီး ဝယ်ယူသူများ၏ တစ်နှစ်လျှင် လှည်းဘီး ခုနစ်စုံဝန်းကျင်ရောင်းရသော်လည်း ယခုအခါ လှည်းအသုံးပြုသူနည်းသောကြောင့် တစ်နှစ်လျှင် သစ်သားလှည်းဘီး နှစ်စုံ၊ သုံးစုံသာရောင်းရကြောင်း သိရသည်။

တောင်သူများ လယ်ယာလုပ်ငန်းခွင်၌ အသုံးပြုသော လှည်းအတွက် အဓိကလိုအပ်ချက်ဖြစ်သော သစ်သားလှည်းဘီးပြုလုပ်ခြင်းလုပ်ငန်းကို ရမည်းသင်းမြို့နယ် ဝါးရုံတောအုပ်စု ဝါးရုံတော အရှေ့ရွာ၊ အနောက်ရွာတွင် ယနေ့ထက်တိုင် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**



## ကြေးမုံ ရုပ်ရှင်အညွှန်း

ဖြိုး‌စန္ဒာမြင့်

# ရင်သပ်ရှုမောဖွယ် စွန့်စားခန်းများနဲ့ ခြယ်မှုန်းထားတဲ့ Kung Fu Panda 3

၂၀၁၆ ခုနှစ်မှာ ထွက်ရှိခဲ့တဲ့ အမေရိကန်-တရုတ် ပူးတွဲထုတ်လုပ်ခဲ့တဲ့ ကွန်ပျူတာအန်နီမေးရှင်း ဇာတ်ကား Kung Fu Panda 3 ဟာ ရင်သပ်ရှုမောဖွယ် စွန့်စားခန်းများနဲ့ ခြယ်မှုန်းထားတဲ့ သရီးဒီ အက်ရှင်ဇာတ်ကားတစ်ကား ဖြစ်ပါတယ်။

နဂါးစစ်သည်တော်လို့ခေါ်တဲ့ ပန်ဒါဝက်ဝံသူရဲကောင်း ပိုရဲ့ နှစ်ပေါင်းများစွာ ပျောက်ဆုံးနေတဲ့ ဖခင်ရင်းဖြစ်သူဟာ ပိုဆီကို မထင်မှတ်ဘဲ ရုတ်တရက်ရောက်လာပြီး သူ့အားလျှို့ဝှက်ပြီး အဆင့်မြင့်တဲ့ ချီကိုယ်ခံစွမ်းအားတွေကို လေ့ကျင့်သင်ကြားနိုင်ရန် ပျော်ရွှင်စရာကောင်းတဲ့ ပန်ဒါတွေနေတဲ့ရွာကို ခေါ်ဆောင်သွားပါတယ်။

ဒါပေမယ့် အဲဒီအချိန်မှာ သဘာဝလွန် စွမ်းအားတွေ ပိုင်ဆိုင်နေတဲ့ မကောင်းဆိုးဝါးသိုင်းသမားလူဆိုးကြီး တစ်ဦးထွက်ပေါ်လာခဲ့ပြီး တရုတ်ပြည်တစ်နံတစ်လျားက အခြားကွန်ဖူးဆရာတွေကို လိုက်လံတိုက်ခိုက်နေပါတယ်။

အဲဒါကြောင့် ပန်ဒါသူရဲကောင်း ပိုဟာ သူတို့ရဲ့ ပန်ဒါဝက်ဝံရွာကို တိုက်ခိုက်လာတဲ့ သိုင်းသမားလူဆိုးကြီး ရန်က ကာကွယ်ဖို့အတွက် ပျော်ပျော်နေတတ်ပြီး ကိုးရိုးကားရားနိုင်လှတဲ့ ပန်ဒါရွာသားတွေကို သူတတ်မြောက်ထားတဲ့ ချီစွမ်းအားကျင့်စဉ် ကိုယ်ခံပညာတွေကို နေ့စဉ်လုပ်ငန်းတွေကတစ်ဆင့် ခွန်အားအဖြစ် အသုံးချနိုင်ရန် ကွန်ဖူးပန်ဒါဝက်ဝံများအဖြစ် ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးပြီး သဘာဝလွန်စွမ်းအင်တွေပိုင်ဆိုင်နေတဲ့ သိုင်းသမားလူဆိုးကြီးကို စုပေါင်းရင်ဆိုင်တိုက်ခိုက်ကြပုံကို ရင်သပ်ရှုမောဖွယ် စွန့်စားခန်းများဖြင့် ပုံဖော်ရိုက်ကူးထားတဲ့ အန်နီမေးရှင်း ဇာတ်ကားတစ်ကား ဖြစ်ပါတယ်။




ဒီဇာတ်ကားမှာ ဂျက်ကီချန်း၊ မင်းသမီး အိန်ဂျလီနာဂျိုလီနဲ့ သူ့ရဲ့ ကလေးငယ်လေးဦးကလည်း အသံသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားပါတယ်။

ယခုနှစ် ဇန်နဝါရီလမှာ စတင်ဖြန့်ချိပြသခဲ့ပြီး မတ် ၁၁ ရက်မှာ ယူကေနိုင်ငံရဲ့ ရုပ်ရှင်ရုံတွေမှာပြသခဲ့တဲ့ဒီဇာတ်ကားကို မြန်မာနိုင်ငံမှာလည်း မင်္ဂလာ(၂) မြေနီကုန်း၊ ရွှေဆောင်(၂)နဲ့ မင်္ဂလာဒိုင်းမွန်း Cineplex တို့မှာ ယခုလ ၂၅ ရက်မှာ စတင်ရုံတင်ပြသခဲ့ပါတယ်။

## လေးနှစ်အတွင်း ကြည့်ရှုသူအများဆုံးစံချိန်သစ် တင်နိုင်ခဲ့တဲ့ "Descendants of the Sun"




လတ်တလော တောင်ကိုရီးယားနိုင်ငံနဲ့ တရုတ်နိုင်ငံတွေမှာ တစ်ပြိုင်နက်ရုံတင်ပြသလျက်ရှိတဲ့ တောင်ကိုရီးယား ဒရမ်မာဇာတ်လမ်းတွဲရုပ်ရှင်သစ် "Descendants of the Sun"ဟာ လွန်ခဲ့တဲ့လေးနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံမှာ ရုံတင်ပြသခဲ့တဲ့ရုပ်ရှင်တွေအနက် လူကြည့်အများဆုံးရုပ်ရှင်အဖြစ် စံချိန်သစ်တစ်ရပ်တင်နိုင်ခဲ့ကြောင်း စွန်ပီဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ဇာတ်လမ်းအပိုင်းပေါင်း ၁၆ ပိုင်းပါဝင်တဲ့ ယင်းရုပ်ရှင်ရဲ့ ကိုးပိုင်းမြောက်ဇာတ်လမ်းကို ပြီးခဲ့တဲ့ မတ် ၂၃ ရက်က ထုတ်လွှင့်ပြသခဲ့မှုအပြီးမှာတော့ ယင်းရုပ်ရှင်ဟာ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်က ထုတ်လွှင့်ပြသခဲ့ပြီး လေးနှစ်အတွင်း လူကြည့်အများဆုံးရုပ်ရှင်အဖြစ် စံချိန်တင်ထားခဲ့တဲ့ "Moon Embracing the Sun" ရုပ်ရှင်ကို ကျော်လွန်ကာ စံချိန်သစ်တင်နိုင်ခဲ့တာဖြစ်ကြောင်း သိရပါတယ်။

KBS ရုပ်သံလိုင်းက ထုတ်လွှင့်ပြသလျက်ရှိတဲ့ အဆိုပါရုပ်ရှင်မှာ တောင်ကိုရီးယားရဲ့ ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်တဲ့ ဆောင်းဟေကိုက ဆရာဝန်မလေးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး သူနဲ့တွဲဖက်ကာ တက်သစ်စမင်းသားဆောင်ဂျွန်ကီက စစ်ဗိုလ်တစ်ဦးအဖြစ် ပါဝင်ထားပါတယ်။ အဆိုပါရုပ်ရှင်ကို တရုတ်နိုင်ငံမှာ ထုတ်လွှင့်ပြသခဲ့ရာမှာလည်း လူကြည့်အများဆုံး တောင်ကိုရီးယားရုပ်ရှင်အဖြစ် ရပ်တည်နေခဲ့ပါတယ်။ ယင်းရုပ်ရှင်မှာပါဝင်တဲ့ မင်းသားဆောင်ဂျွန်ကီဟာလည်း တရုတ်နိုင်ငံမှာ လတ်တလော အကျော်ကြားဆုံးသော အနုပညာရှင်ဖြစ်လာခဲ့ပြီး ယင်းရုပ်ရှင်နဲ့ ပါဝင်သရုပ်ဆောင်ထားတဲ့ အနုပညာရှင်တွေအပေါ် အလွန်အကျွံမစွဲလမ်းဖို့ တရုတ်နိုင်ငံက တာဝန်ရှိသူတွေက ပြည်သူတွေကို သတိပေးရသည်အထိ အောင်မြင်ခဲ့တဲ့ ရုပ်ရှင်လည်း ဖြစ်ပါတယ်။ တောင်ကိုရီးယားမီဒီယာအချို့ရဲ့ ဖော်ပြချက်အရ ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ဂီတို့နှစ်ဦးဟာ အပြင်လောကမှာလည်း ချစ်သူတွေဖြစ်နေကြတယ်ဆိုတဲ့ကောလာဟလတွေ ထွက်ခဲ့ပေမယ့် ကာယကံရှင်တွေဘက်က လတ်တလောအချိန်အထိ တစ်စုံတစ်ရာထုတ်ဖော်ပြောကြားခဲ့တာမျိုးတော့ မရှိသေးပါဘူး။

# ဂျက်စပဲရိုးရုပ်ရှင်သစ်မှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ပေါလ်မက်ကာ့နီ

ပင်လယ်ဓားပြကြီး ဂျက်စပဲရိုး အဓိကဇာတ်ဆောင်အဖြစ်ပါဝင်ထားတဲ့ ဟောလိဝုဒ်ရဲ့နာမည်ကျော် ပင်လယ်ဓားပြရုပ်ရှင် "Pirates Of The Caribbean"ရဲ့ ပဉ္စမမြောက်ရုပ်ရှင်မှာ နာမည်ကျော်တေးရေး၊ တေးဆို ပေါလ်မက်ကာ့နီ ပါဝင်သရုပ်ဆောင်ခဲ့ကြောင်း မစ်ရာဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ပေါလ်မက်ကာ့နီဟာ နောက်ဆုံးရိုက်ကူးခဲ့တဲ့ ဂျက်စပဲရိုးရုပ်ရှင် "Pirates Of The Caribbean: Dead Men Tell No Tales"ရဲ့ ထပ်ဆောင်းရိုက်ကူးခဲ့တဲ့ပြကွက်မှာ မင်းသား ဂျောနီဒပ်နဲ့ တွဲဖက်ပါဝင်သရုပ်ဆောင်ခဲ့တာဖြစ်ပြီး မကြာသေးမီက ရိုက်ကူးပြီးစီးခဲ့တယ်လို့ သိရပါတယ်။ ယခုလိုသရုပ်ဆောင်တစ်ဦးအဖြစ် ရုပ်ရှင်မှာပါဝင်ခဲ့တာဟာ ပေါလ်မက်ကာ့နီအတွက် ဒုတိယအကြိမ်ဖြစ်ပြီး သူပါဝင်သရုပ်ဆောင်ခဲ့တဲ့ဇာတ်လမ်းအသေးစိတ်ကိုတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပါဘူး။



ယခုရိုက်ကူးပြီးစီးခဲ့တဲ့ ဂျက်စပဲရိုးရုပ်ရှင်သစ်မှာ ယခင်ရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ အဓိကဇာတ်လိုက်တွေ ပြန်လည်ပါဝင်မှာဖြစ်ပေမယ့် ရုပ်ရှင်သစ်မှာ ယခင်ထွက်ရှိခဲ့တဲ့ရုပ်ရှင်တွေနဲ့မတူဘဲ မင်းသားဂျော်နီဒပ် ပါဝင်သရုပ်ဆောင်ထားတဲ့ ပင်လယ်ဓားပြကြီး ဂျက်စပဲရိုးရဲ့ အခန်းတွေကို လျှော့ပြီး မင်းသားအော်လန်ဒိုဘလွန်းပါဝင်သရုပ်ဆောင်ထားတဲ့ ဂျဗီယာဘာဒန်ရဲ့အခန်းတွေကို ပိုမိုအလေးပေးရိုက်ကူးထားကြောင်း သိရပါတယ်။ ရုပ်ရှင်သစ်မှာတော့ ဂျဗီယာဘာဒန်ကို ဗီလိန်တစ်ဦးအဖြစ် တွေ့မြင်ရမှာပါ။

"Pirates Of The Caribbean: Dead Men Tell No Tales" ကို လာမယ့် မေ ၂၆ ရက်မှာ စတင်ရုံတင်သွားမှာဖြစ်ပြီး ယင်းရုပ်ရှင်ဟာ ဂျက်စပဲရိုးရုပ်ရှင်တွေရဲ့ နောက်ဆုံးရုပ်ရှင်ဖြစ်နိုင်ကြောင်း မင်းသားဂျော်နီဒပ်က ထုတ်ဖော်ပြောကြားခဲ့ဖူးပါတယ်။

အေးပြည့်
စုစည်းရေးသားသည်

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၇ - ၃ - ၂၀၁၆ (တနင်္ဂနွေနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

၅း၃၀ (၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်
၈း၃၅ အောင်မြင်သူနှင့်အတူ (Ready ငါး သေတ္တာပိုင်ရှင် ဦးမိုးမြင့်ကျော်နှင့် တွေ့ဆုံခြင်း)
၉း၃၅ အနုပညာသတင်းအစီအစဉ်
၁၀း၃၅ ကဗျာရိပ်မြုံ "နတ်သမီးချစ်လိမ့်မည်"
၁၁း၁၅ "ဗဟုသုတရှာမှီးရာ စာအုပ်စာပေဖတ်ရှုပါ"
၁၁း၃၅ ချစ်သောဤကမ္ဘာမြေ
၁၂း၃၅ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၂း၅၀ ဖြူ/မည်းရုပ်ရှင် "သူရဲကောင်းလေးများ" (ဇော်ဝမ်း၊ ဗိုလ်ဗကို၊ မေဝင်းမောင်) (ဒါရိုက်တာ-မောင်တင်ဦး)
၃း၃၅ Business News
၄း၁၅ "ဘောလုံးအားကစားနည်းရဲ့ အခြေခံနည်းစနစ်များ" (အလယ်တန်း ကစားသမား) (အပိုင်း-၂)
၄း၃၅ ရွှေ့ပြောင်းအလုပ်သမား အစီအစဉ်
၅း၁၅ "ရိုင်းပင်းကူညီကြက်ခြေနီ"
၅း၃၅ ပြည်သူတို့ရဲ့ စကားသံများ
၆း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၇း၁၅ တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်သီချင်းများ (အပိုင်း-၃)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ
၈း၃၅ သမိုင်းဝင်ကျေးမှုအမွေများ စုစည်းရာဘူမိနတ်သန် အမျိုးသားပြတိုက် (နေပြည်တော်)
၉း၀၀ ပြည်တွင်းသတင်း -Tasty Trip -ဆိုကြမယ်၊ပျော်ကြမယ် [(၇၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်]

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့် -မိုးလေဝသအစီအစဉ် -တေးဂီတအစီအစဉ်
၆း၃၀ Special Movie "King Kaung"
၉း၄၀ တေးဂီတအစီအစဉ်
၁၀း၀၀ မြန်မာ့ရုပ်ရှင် "အမိမြေမှ သားကောင်းများ"
၁၂း၀၀ အစီအစဉ်ပြီး၏

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၄၀ "သုခချမ်းသာရကြောင်းဖြာ အကြောင်း" တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ)
၈း၀၅ ဘဝတစ်ကွေ့မှတ်တမ်း
၈း၃၅ Cartoon Series (Welcome To Sky Ville)
၉း၀၀ Weekly Sports Diary
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၆၁)
၁၁း၀၅ Star တို့ရဲ့လက်ရာ
၁၁း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကရေးရယ်ရှည်စေလို" (အပိုင်း-၅၁+၅၂)
၂း၂၅ အကယ်ဒမီရွှေကြိုတို့၏ ရင်ခုန်သံများ
၂း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၁၄)
၃း၃၅ Healthy Life
၅း၀၅ သွားစို့တူပျော် မော်တင်စွန်း ဘုရားပွဲတော် (အပိုင်း-၂)
၅း၂၀ "မိုးပန်းပွင့်၏ သင်္ကေတ" ရုပ်ရှင်ဇာတ်ကားကြီး ရိုက်ကူးမှုပုံရိပ်များ
၅း၄၅ ပရိမီယာ ချစ်သူများရဲ့ ရင်ခုန်သံ
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၁၅)
၇း၂၅ Fashion Week
၇း၅၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [အရိပ်မည်း (အပိုင်း-၁)]
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၆၂)
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၅၃+၅၄)
၁၀း၅၅ World of Knowledge (Wild Case File -Croc Shock)

### မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၆း၄၅ မြန်မာသံစဉ်ချိုနားဝင်
၈း၀၅ အမျိုးသားရေးတေးကဗျာ
၈း၁၅ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ အင်္ဂလိပ်စာသုတ
၈း၅၅ မြန်မာပြည်တွင်ထုတ်လုပ်သည်
၁၁း၀၀ English For Myanmar
၁၁း၀၈ မျိုးချစ်တပ်မတော်
၁၁း၁၅ Lucky Door
၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပြန်လည်တွေ့ဆုံခြင်း
၁း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသချေ် (အပိုင်း-၄၇)
၂း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၄း၂၅ လှုပ်တစ်ပြက်
၄း၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၅၅ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဖေဖေကြီးကိုချစ်တယ် အပိုင်း(၈)
၅း၄၅ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၁၀ ဘဝကြေးမုံ
၆း၃၅ လူစွန့်စားခရီးသွားနေသည်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သောဧကရီ (အပိုင်း-၁၄)
- VOA အင်္ဂလိပ်စာသင်ခန်းစာ
- ပဟေဠိနန်းတော်
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
-(၇၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် ချစ်ရမှုနေပျော်မှာ ဒွေး၊ စုလှိုင်နှင်း၊ မြတ်သစ်နှင့် သရုပ်ဆောင်များ ဒါရိုက်တာ-တင်သန်းဦး

# ယူရို- ၂၀၁၆ ပြိုင်ပွဲအတွက် အဆင်သင့်ဖြစ်နေပြီဖြစ်တဲ့

## ပြင်သစ်ရဲ့ချန်ပီယံခြေစွမ်း

နယ်သာလန်နဲ့ ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချစ်ကြည်ရေး ခြေစမ်းပွဲမှာ ပြင်သစ်အသင်းက နယ်သာလန်ပရိသတ်တွေရဲ့ရှေ့မှာ အိမ်ရှင်အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ယူပြပြီး ယူရိုပြိုင်ပွဲအတွက် အဆင်သင့်ဖြစ်နေပြီဆိုတာ ဥရောပအင်အားကြီးပြိုင်ဘက်တွေကို သတိပေးလိုက်ပါတယ်။

ပြင်သစ်အသင်းက ပွဲအစမှာကတည်းက နယ်သာလန်အသင်းဘက်ကို ခြေအသာနဲ့ ထိုးဖောက်ကစားနိုင်ခဲ့ပြီး ပထမပိုင်းပွဲအစ ၆ မိနစ်မှာ ဂရစ်ဇ်မန်းရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ခဲ့သလို နောက် ၁၀ မိနစ်မပြည့်ခင်မှာပဲ ဂီရော့ဒ်က တစ်ဂိုးထပ်ပြီးသွင်းယူခဲ့တာကြောင့် ပထမပိုင်းအပြီးမှာ နှစ်ဂိုးပြတ်နဲ့ ဦးဆောင်ခဲ့ပါတယ်။ဒါပေမယ့် ဒုတိယပိုင်းမှာတော့ နယ်သာလန်အသင်းကစားပုံတက်လာပြီး ပွဲချိန် ၄၇ မိနစ်မှာ ဒီဂျောင်၊ ၈၆ မိနစ်မှာ အဖယ်လိုင်းတို့က ချေပဂိုးတွေ သွင်းယူပေးခဲ့လို့ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်နေခဲ့ပါတယ်။ ဒါပေမယ့် ချေပဂိုးပေးပြီးပြီးချင်း ပွဲချိန် ၈၇မိနစ်မှာတော့ ပြင်သစ်ကွင်းလယ်ကစားသမား မာတူဒီက အနိုင်ဂိုးကို သွင်းယူပေးခဲ့လို့ ပြင်သစ်က အိမ်ရှင်နယ်သာလန်အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ယခုပွဲရဲ့ ထူးခြားချက်တစ်ခုကတော့ ပြီးခဲ့တဲ့ မတ်၂၄ရက်က ကွယ်လွန်သွားခဲ့ပြီဖြစ်တဲ့ နယ်သာလန် ဂန္ထဝင်တိုက်စစ်မှူး ဂျိုဟန်ခရိုက်ဖ်ကို ဂုဏ်ပြုသောအားဖြင့် ခရိုက်ဖ်ဝတ်ဆင်ခဲ့တဲ့ ဂျာစီနံပါတ်(၁၄)ကို ကိုယ်စားပြုပြီး ပွဲချိန် ၁၄ မိနစ်မှာ ကစားပွဲကို ခေတ္တရပ်နားစေခဲ့ခြင်းပဲဖြစ်ပါတယ်။ နှစ်ဖက်အသင်းကစားသမားတွေ၊ နည်းပြအဖွဲ့ဝင်တွေအားလုံးဟာ ပရိသတ်တွေဘက်ကို လှည့်ပြီး ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ခန့်ငြိမ်သက်ကာ နယ်သာလန်အသင်းခေါင်းဆောင်ဟောင်းကြီးကို ဂုဏ်ပြုခဲ့ကြပါတယ်။ ဒ့ါအပြင် ဒီပွဲရဲ့ အနိုင်ဂိုးကို သွင်းယူခဲ့တဲ့ ပြင်သစ်ကစားသမား မာတူဒီ ဝတ်ဆင်တဲ့ ကျောနံပါတ်က နံပါတ်(၁၄)ဖြစ်နေတာဟာ တိုက်ဆိုင်မှုတစ်ခုပဲ ဖြစ်ပါတယ်။ ကင်ဆာရောဂါနဲ့ ကွယ်လွန်သွားတဲ့ ခရိုက်ဖ်ဟာ ကွယ်လွန်ချိန်မှာ အသက်(၆၈)နှစ်ရှိနေပြီဖြစ်ပါတယ်။

အခြားဥရောပခြေစမ်းပွဲစဉ်တွေမှာတော့ စီရိုနယ်လ်ဒိုရဲ့ ပေါ်တူဂီက ဘူလ်ဂေးရီးယားကို အိမ်ကွင်းမှာပဲ တစ်ဂိုး-ဂိုးမရှိနဲ့ အရေးနိမ့်ခဲ့ပြီး မြောက်အိုင်ယာလန်က ဆွစ်ဇာလန်ကို တစ်ဂိုး-ဂိုးမရှိ၊ အာမေးနီယားနဲ့ ဘီလာရုစ်တို့ ဂိုးမရှိသရေ၊ ဘော့စနီးယားက လူဇင်ဘတ်ကို သုံးဂိုး-ဂိုးမရှိ၊ ဆလိုဗက်ကီယားနဲ့ လက်ဗီးယားတို့ ဂိုးမရှိသရေရလဒ်တွေ ထွက်ပေါ်ခဲ့ပါတယ်။






ရီးယဲလ်မက်ဒရစ်နောက်ခံလူ ဗာရာနီအား မန်ယူမှတောက်လျှောက်ကမ်းလှမ်းမှုပြုနေပြီး မန်ယူသို့ရောက်ရှိရန် အနီးစပ်ဆုံး အခြေအနေတစ်ရပ်ကို ရောက်ရှိနေပြီဟု ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်းက ပထမဦးဆုံးအကြိမ်ပြောကြားလိုက်သည်။ သို့သော် ဇီဒန်းက ဗာရာနီမှာ ရီးယဲလ်၏အနာဂတ်တွင် အရေးပါသည့်ကစားသမားဖြစ်သည့်အတွက် လက်ရှိ ကလပ်အသင်းတွင်သာ ဆက်ရှိနေရန်လိုအပ်ကြောင်း တိုက်တွန်းခဲ့သည်။

Express Sports ၏ ဖော်ပြချက်အရ မော်ရင်ဟိုမှာ မန်ယူအသင်းနှင့် ပေါင် ၄၇ သန်းတန် သုံးနှစ်စာချုပ်ချုပ်ဆိုထားပြီး လာမည့်နွေတွင် မန်ယူအသင်းကို စတင်တာဝန်ယူသွားမည်ဖြစ်ရာ “လုံခြုံရေးသည် ပထမ” ဟူသော သူ၏မူဝါဒအရ ကျစ်လျစ်သော နောက်တန်းအင်အားဖြင့် အောင်ပွဲများ ပြန်လည်ရယူရန် ရည်မှန်းနေခြင်းဖြစ်သည်။ ထို့ကြောင့် သူ ရီးယဲလ်အားတာဝန်ယူ ကိုင်တွယ်စဉ်က ပြင်သစ်ကလပ်လန်းစ်မှ ရီးယဲလ်သို့ ခေါ်ယူခဲ့သူ ဗာရာနီအား ပြန်လည်ခေါ်ယူရန် ကြိုတင်စီစဉ်နေခြင်းဖြစ်သည်။

ဗာရာနီသည် ယခုနှစ်ဘောလုံးရာသီတွင်ပုံမှန်ပွဲထွက်ခွင့်မရရှိဘဲ ၁၈ ပွဲသာ ဝင်ရောက်ကစားခွင့် ရရှိထားသောကြောင့် ရီးယဲလ်မက်ဒရစ်မှ ထွက်ခွာရန် ပိုမိုအလားအလာများနေခြင်းဖြစ်သည်။ အသက်(၂၂)နှစ်အရွယ်ရှိ ဗာရာနီသည် ပြင်သစ်သတင်းစာ L'Equipe နှင့် အင်တာဗျူးပြုလုပ်ရာ၌ သူ့အနေဖြင့် ဘာနေဗျူးတွင် ဆက်ရှိမည်လားဆိုသည့် မေးခွန်းအတွက် အဖြေမရှိသေးကြောင်း၊ သို့သော် ပွဲတိုင်းကိုဝင်ရောက်ကစားခွင့်ရချင်ကြောင်း၊ နည်းပြမှာ သူ၏ဆန္ဒကို သိရှိသော်လည်း ဆုံးဖြတ်ချက်ပေးရာတွင် ကန့်သတ်ချက်ရှိနေကြောင်းသာ ဖြေကြားခဲ့သည်။

ရီးယဲလ်နည်းပြ ဇီဒန်းက “ရီးယဲလ်က ဗာရာနီကိုခေါ်ဖို့ မော်ရင်ဟိုကို ကျွန်တော်ပဲ အကြံပေးခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် စာချုပ်ချုပ်ဆိုခေါ်ယူဖို့တော့ သူ့ဟာသူ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ ကောလာဟလတွေထွက်နေတယ်ဆိုတာ အမှန်တရားနဲ့ နီးစပ်ပေမယ့် သူဟာ အခုထိ ရီးယဲလ်ကစားသမားအဖြစ်ပဲရှိပါသေးတယ်။ သူ့ရဲ့ ကစားသမားဘဝတစ်လျှောက်လုံး ရီးယဲလ်မှာပဲရှိစေချင်ပါတယ်”ဟု တုံ့ပြန်ပြောကြားလိုက်သည်။

**မေလွဲသင်း–စုစည်းရေးသည်**

### အင်္ဂလန်တိုက်စစ်အတွက် ရွန်းနီနှင့်ဟယ်ရီကိန်းတို့အား တွဲဖက်ကစားစေရန်မသင့်ဟု ဟာမန်းသုံးသပ်

အင်္ဂလန်အသင်း၏ တိုက်စစ်တွင် ဝိန်းရွန်းနီနှင့် ဟယ်ရီကိန်းတို့နှစ်ဦးအား တစ်ပြိုင်နက်တည်း ထည့်သွင်းကစားစေလျှင် အသင်း၏ ဟန်ချက်ညီမျှမှုကို ထိခိုက်စေမည်ဖြစ်ကြောင်း ယခင်လီဗာပူးကွင်းလယ်ကစားသမားဟောင်း ဟာမန်းက အဖြေထုတ်လိုက်သည်။ ဟာမန်းက အင်္ဂလန်နည်းပြ ရွှိုင်းဟော့ဂ်ဆန်အနေဖြင့် အလေးအနက်ပြုရမည့်အချက်မှာ ရွန်းနီကိုသုံးလျှင် ဟယ်ရီကိန်းကို တွဲသုံး၍မရကြောင်း၊ နှစ်ဦးထဲမှ တစ်ဦးကို စတားရစ်ချ်၊ ဂျေမီဗာဒီတို့နှင့် တွဲကစားစေခြင်းဖြင့် နေရာလွတ်များ ပိုမိုရရှိလာနိုင်ကြောင်း အကြံပြုစကားဆိုခဲ့သည်။

စပါးမှ အဲရစ်ဒိုင်ယာနှင့် လက်စတာမှ ဒရင့်ဝေါတာတို့အား ကွင်းလယ်နေရာအတွက် အထိုင်ချကာ တွဲဖက်ကစားစေခြင်းက ဗဟိုကွင်းလယ်အင်အားကို ပိုမိုတောင့်တင်းစေမည်ဖြစ်ကြောင်းလည်း တစ်ဆက်တည်းပင် ဟာမန်းက သုံးသပ်ခဲ့သည်။အင်္ဂလန်အသင်းသည် ယူရို-၂၀၁၆ခြေစစ်ပွဲတွင် ရာနှုန်းပြည့်နိုင်ပွဲဖြင့် ခြေစစ်ပွဲပထမဦးဆုံး အောင်မြင်သော အသင်းဖြစ်ခဲ့သလို ယခင်က စိတ်မချရသည့် ဂိုးသမား နေရာအတွက်လည်း ဂျိုးဟတ်၊ ဂျက်ဘက်လန်း၊ ဖလာစာ ဖော်စတာနှင့် တွမ်ဟီတန်တို့ကိုလည်း ရွေးချယ်နိုင်ပြီဖြစ်သည်။

အင်္ဂလန်အသင်းသည် ယခင်ရွှေရောင်မျိုးဆက်ကစားသမားများဖြစ်သည့် နစ်ကီဘတ်၊ ဂျာရတ်၊ ဂျိုကိုးလ်၊ လမ်းပတ်၊ ဘက်ခမ်း၊ ပေါလ်စခိုးလ်၊ ရီယိုဖာဒီနန်၊ ဂွန်တယ်ရီတို့၏အင်အားဖြင့် ကမ္ဘာ့ဖလား၊ ဥရောပဖလားများဆွတ်ခူးနိုင်ရန် မျှော်မှန်းခဲ့သော်လည်း ဂိုးသမားနှင့် တိုက်စစ်အရန်အင်အား မလုံလောက်မှုကြောင့် ပြိုင်ပွဲကြီးများတွင် ကွာတားဖိုင်နယ်အဆင့်ထက်ပင် မကျော်လွန်နိုင်ခဲ့ပေ။ သို့သော် ယခင်တိုက်စစ်ပိုင်းတွင် ရွန်းနီ၊ မိုက်ကယ်အိုဝင်၊ ပီတာခရော့ချ်တို့သာ ရှိခဲ့သော်လည်း ယခုလက်ရှိ တိုက်စစ်အင်အားဖြစ်သည့် ဂျေမီဗာဒီ၊ ဝဲလ်ကော့၊ ဝဲလ်ဘတ်၊ စတားရစ်ချ်၊ ဟယ်ရီကိန်း၊ ရွန်းနီ၊ စတာလင်းတို့ လောက် လူအင်အားမတောင့်တင်းသည်ကို သတိပြုရမည်ဖြစ်သည်။ ✪

### အယ်လ်ဂလက်စီကိုပွဲစဉ်အတွက် အဆင်သင့်ဖြစ်ပြီဟု ဇီဒန်းကြွေးကြော်

ဘာစီလိုနာအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့၏ အယ်လ်ဂလက်စီကိုပွဲစဉ်ကို နိုင်ငံတကာချစ်ကြည်ရေး ခြေစမ်းပွဲများအပြီး လာမည့် ဧပြီ ၂ ရက်တွင် ယှဉ်ပြိုင်မည်ဖြစ်ရာ ရီးယဲလ်မက်ဒရစ်အနေဖြင့် ဘာစီလိုနာအား ရင်ဆိုင်ရန်အသင့်ရှိနေပြီဖြစ်ကြောင်း ရီးယဲလ်အသင်းနည်းပြ ဇီဒန်းက ပြောကြားလိုက်သည်။ နည်းပြဘင်နီတက်ဇ်လက်အောက်တွင် ရီးယဲလ်မက်ဒရစ်မှာ ဘာစီလိုနာအား အိမ်ကွင်းမှာပင် လေးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သေးသော်လည်း ဧပြီ ၂ ရက်တွင်ကစားမည့် အဆိုပါပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အနေဖြင့် ကလပ်အသင်း၏ အဆင့်တန်းတစ်ရပ်ကို အမှန်တကယ် ပြသနိုင်လိမ့်မည်ဟု ဇီဒန်းက ယုံကြည်ချက်အပြည့်ရှိနေခြင်းဖြစ်သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် အဓိကတိုက်စစ်မှူး ကာရင်ဘင်ဇီမာ ပြန်လည်ကစားနိုင်လျှင် ပိုမိုဂိုးမြှုလေ့ရှိပြီး ဆီဗီလာနှင့် ပွဲစဉ်တွင်လည်း ရီးယဲလ်တိုက်စစ်ကို ဦးဆောင်နေသော ဘင်ဇီမာ၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ ဂါရတ်ဘေးလ်နှင့် စီရိုနယ်လ်ဒိုတို့အားလုံး ဂိုးသွင်းနိုင်ခဲ့ကြသည်။

ဇီဒန်းက ရီးယဲလ်မက်ဒရစ်အနေဖြင့် လာလီဂါအမှတ်ပေးဇယားတွင် အက်သလက်တီကိုအထက်၌ ရပ်တည်နိုင်ရေးမှာ ရီးယဲလ်အသင်း၏ ယခုရာသီ အဓိကရည်မှန်းချက်တစ်ရပ်ပင်ဖြစ်ကြောင်းလည်းဆိုခဲ့သည်။ အက်သလက်တီကိုအသင်းသည် စပို့တင်း ဂီဂျွန်အား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် တတိယနေရာရှိ ရီးယဲလ်နှင့် ရမှတ်တစ်မှတ်သာ ကွာဟတော့သည်။ သို့သော် ရီးယဲလ်မက်ဒရစ်မှာ အမှတ်ပေးဇယားထိပ်ရှိ ဘာစီလိုနာနှင့် ၁၀မှတ် ဆက်လက်ကွာဟနေဆဲဖြစ်သည်။




## အင်္ဂလန်အသင်းပထမဦးဆုံးအကြိမ်ဥရောပချန်ပီယံဖြစ်နိုင်

ယခင်ဘာစီလိုနာ အသင်းခေါင်းဆောင် ဇာဗီက အင်္ဂလန်အသင်းသည် ဥရောပဖလားပြိုင်ပွဲများတွင် တစ်ကြိမ်တစ်ခါမျှ ဗိုလ်စွဲခြင်းမရှိသော်လည်း ယူရို-၂၀၁၆တွင် ပထမဦးဆုံးအကြိမ် ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ကြောင်းသူ၏အမြင်ကို ထုတ်ဖော်ပြောကြားလိုက်သည်။ အင်္ဂလန်အသင်းသည် အိမ်ရှင်အဖြစ် ကျင်းပခွင့်ရသည့် ၁၉၆၆ ကမ္ဘာ့ဖလားတွင် ချန်ပီယံတစ်ကြိမ်ဖြစ်ခဲ့ပြီးနောက် ယူရို-၁၉၆၈နှင့် ယူရို-၁၉၉၆ခုနှစ်တို့တွင် အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်သည်မှလွဲ၍ ကြီးမားသည့် အောင်မြင်မှုကို ရယူနိုင်ခြင်းမရှိခဲ့ပေ။

ဇာဗီက စပိန်လက်ရွေးစင်အသင်း ၂၀၀၈နှင့် ၂၀၁၂ ခုနှစ်တို့တွင် လုပ်ပြခဲ့သည့် ပုံစံအတိုင်း အင်္ဂလန်အသင်း စွမ်းဆောင်ပြနိုင်လိမ့်မည်ဟုလည်း ယုံကြည်နေသည်။

“အင်္ဂလန်အသင်းမှာ လူငယ်ကစားသမားတွေအများကြီးပေါ်ထွက်လာတာက သူတို့အတွက် တကယ်ကောင်းတဲ့ အခွင့်အရေးတွေကို ဖော်ဆောင်လာပါလိမ့်မယ်။ အရင်က စပိန်အသင်းဟာလည်းခြေစွမ်းကောင်းပေမယ့် ပြိုင်ပွဲကြီးတွေမှာ ဗိုလ်စွဲနိုင်ခြင်းမရှိခဲ့ပါဘူး။ ဒါပေမယ့် ငယ်ရွယ်တဲ့ ကစားသမားတွေ လုံလောက်တဲ့ အတွေ့အကြုံရလာချိန်မှာတော့ ယူရို-၂၀၀၈ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့သလို ၂၀၁၀ ကမ္ဘာ့ဖလားနဲ့ ယူရို-၂၀၁၂ ဖလားတွေမှာပါ ဆက်ပြီး အောင်ပွဲခံနိုင်ခဲ့တယ်”ဟု ဇာဗီက ဆိုခဲ့သည်။

# လိုင်းကားနှင့်တိုက်မိသော အငှားယာဉ်ငယ် ယာဘက်ခြမ်းကြီးကြီးမားမား ပျက်စီး

**ရန်ကုန် မတ် ၂၆**

လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ဘုန်းကြီးလမ်းထောင့် မီးပွိုင့်လမ်းဆုံတွင် ရန်ကုန်-သန်လျင် လိုင်းပြေးဆွဲသည့် ခရီးသည်တင်ယာဉ်တစ်စီးနှင့် ခရီးသည်များ တင်ဆောင်လာသော အငှားယာဉ်ငယ်တို့ မတ် ၂၅ ရက် နံနက် ၄ နာရီခွဲခန့်တွင် တိုက်မိမှုဖြစ်ပွားရာ အငှားယာဉ်မောင်းနှင့် ခရီးသည် စုစုပေါင်းလေးဦးအား ရန်ကုန်ဆေးရုံသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မဟာဗန္ဓုလလမ်းအတိုင်း အနောက်မှ အရှေ့သို့ ယာဉ်မောင်းကိုစံကွေး (၂၅)နှစ် မောင်းနှင်လာသည့် 4G/----- ဟွန်ဒိုင်းခရီးသည်တင်ယာဉ်သည် အဆိုပါလမ်းဆုံတွင် မီးစိမ်း၍ ဖြတ်ကျော်ခဲ့စဉ် ဘုန်းကြီးလမ်းအတိုင်း မြောက်မှတောင်သို့ ခရီးသည်တင်ဆောင်မောင်းနှင်လာသော 9E/---- ပရိုဘောက် အငှားယာဉ်သည် အဆိုပါလမ်းဆုံတွင် မီးနီသော်လည်း ဖြတ်မောင်းသဖြင့် ခရီးသည်တင်ယာဉ်နှင့် တိုက်မိခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့တိုက်မိမှုကြောင့် ပရိုဘောက်ယာဉ်မှာ တစ်ပတ်လည်သွားပြီး မဟာဗန္ဓုလလမ်းဘေးရှိ မီးပွိုင့်တိုင်ကြီးနှင့် ယာဉ်နောက်ပိုင်း ထိညပ်သွားကာ ယာဉ်ငယ်၏ ယာဘက်ခြမ်းမှာ ပျက်စီးမှုများပြားခဲ့ကြောင်း သိရသည်။

ယာဉ်မောင်းမှာ ယာဉ်အတွင်း၌ သတိမေ့နေပြီး ယာဉ်ပေါ်ပါခရီးသည် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားနှစ်ဦးတို့ ဒဏ်ရာရရှိခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ခဲ့ရကြောင်း၊ ခရီးသည်တင်ယာဉ်မှာ ယင်းနေရာမှ မောင်းနှင်ထွက်ပြေးသွားခဲ့သော်လည်း ကမ်းနားလမ်းနှင့် လှည်းတန်းလမ်းထိပ်အနီး (ကမ်းနားဘက်ခြမ်းဘေး) ယာဉ်ရပ်နားရာနေရာရှိ ယာဉ်တန်းများအကြား သက်ဆိုင်ရာမှ ရှာဖွေတွေ့ရှိခဲ့ ယာဉ်၏ယာဘက်ရှေ့ပိုင်း လေကာမှန်၊ ဘန်ကာတန်း၊ မီးလုံးများပျက်စီးနေကြောင်း၊ အငှားယာဉ်အား နံနက် ၆ နာရီကျော်တွင် ကရိန်းကားဖြင့် ဆွဲယူဖယ်ရှားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး လမ်းမတော်မြို့မ ရဲစခန်းက စစ်ဆေးအရေးယူထားကြောင်း သိရသည်။

အင်းစိန်လမ်း၊ ပြည်လမ်းမြို့ပြင်မှ မြို့တွင်းလာယာဉ်များ ကွေ့ဝင်သည့်နေရာဖြစ်၍ နံနက်ပိုင်းအချိန်များတွင်



မကြာခဏ ယာဉ်တိုက်မှုမြင်တွေ့ရသည်။ နေ့လယ်၊ ညနေပိုင်းအချိန်များတွင်လည်း ဖြစ်ပွားမှုရှိသည်အထိ မီးပွိုင့်အချက်ပြမှုအပေါ် လေးစားလိုက်နာမောင်းနှင်မှု အားနည်းနေဆဲဖြစ်သည်ကို မြင်တွေ့ရသည်ဟု ယင်းလမ်းဆုံအနီး အလုပ်လုပ်ကိုင်နေသူများက ဆိုသည်။

**(မောင်စေအောင်)**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၆**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှတပ်ဖွဲ့ဝင်များသည် မတ် ၂၃ ရက်က တောင်ကြီး-မိတ္ထီလာကားလမ်း၊ ဟဲဟိုးမြို့အနီး ဘဝသံသရာတံတား မိုင်တိုင်အမှတ် (၉၈)တွင် သက်အောင်ထွေး မောင်းနှင်လာသည့် YGN-9J/----- ISUZU D-MAX မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၉၀၀ ကိုလည်းကောင်း။



**သက်အောင်ထွေးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များသည် မတ် ၂၀ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ တာဝါတိုင်အနီးတွင် လင်းအောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ နှင့် ဘိန်းဆီခဲ ၂ ဒသမ ၈ ကီလိုတို့ကို လည်းကောင်း။

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များသည် မတ် ၂၁ ရက်က လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာ သွားကားလမ်းမတွင် လောက်ဖင် မောင်းနှင်လာသော ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်၌ မီးကြွင်းမီးကျန်မှတစ်ဆင့် နေအိမ်ရှစ်လုံးမီးလောင်

**မန္တလေး မတ် ၂၆**

မန္တလေး ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက် (၃၄) လမ်းနှင့် (၃၅)လမ်းကြား၊(၇၃) လမ်းနှင့်(၇၄) လမ်းကြားအကွက် (၆၈၂) တွင် မတ်၂၆ ရက် နံနက် ၃ နာရီ ၃၅ မိနစ်ခန့်က ဦးထွန်းလှိုင်(၄၈)နှစ်၏ (၁၆ပေ×၈ပေ) သွပ်မိုး၊ ထရံကာမြေစိုက်နေအိမ် မီးဖိုမီးကြွင်းမီးကျန်များမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

မီးလောင်ရာသို့မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးဦးစီး၍ မီးငြှိမ်းသတ်ယာဉ်၅၀၊ အုပ်ချုပ်မှုယာဉ် နှစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၄၅ ဦး၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင် ၁၂၀ တို့ လာရောက်ငြှိမ်းသတ်ရာ နံနက် ၄ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် နံကပ်တိုက်အပါအဝင် သွပ်မိုး၊ ထရံကာအိမ် ရှစ်လုံး မီးလောင်ခဲ့ပြီး အိမ်ထောင်စု ကိုးစု အမျိုးသား၂၄ ဦး၊ အမျိုးသမီး ၅၉ ဦး စုစုပေါင်း ၈၃ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ ချမ်းအေးသာစံမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



# ကရသူရိမြို့တွင် ခရီးသည်တင်ယာဉ် တိမ်းမှောက်မှု ဖြစ်ပွား

**ကရသူရိ မတ် ၂၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကရသူရိမြို့နယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၁၃)အနီးတွင် မတ် ၂၄ ရက် ညနေပိုင်းက မြိတ်-ကော့သောင်း ခရီးသည်တင်မှန်လုံယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ မတ် ၂၄ ရက် နံနက်ပိုင်းက မြိတ်မြို့မှ ကော့သောင်းမြို့သို့ ခရီးသည်များတင်ဆောင်၍ထွက်ခွာလာသော ဦးသိန်းထွေး မောင်းနှင်လာသည့် မှန်လုံယာဉ်သည် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၁၃) အနီး ကုန်းအဆင်းတစ်ခုအရောက် ဘရိတ်ပေါက်ကာ လမ်းဘေးထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည်တစ်ဦးသေဆုံးပြီး ယာဉ်နောက်လိုက်အပါအဝင် ကျန်ခရီးသည်များအားလုံးနီးပါး ထိခိုက်ဒဏ်ရာရရှိကြသဖြင့် ဘုတ်ပြင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူရန်ပို့ဆောင်ပေးခဲ့ပြီး ဦးသိန်းထွေးအား ယာဉ်ပေါ့ဆစွာမောင်းနှင်မှုဖြင့် ကရသူရိနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကရသူရိ(ပြန်/ဆက်)**

# ဆိုင်ကယ်လုယူသူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရတနာပုံတယ်လီပို့ဝင်းအတွင်းရှိ ဆိုက်ဘာဟောရှေ့တွင် ပြင်ဦးလွင်မြို့နယ် ပြင်စာရွာနေ ဘိုဘို(ခ)ဝင်းနိုင် (၁၉)နှစ်သည် မတ် ၂၄ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က အဆိုပါနေရာတွင် သင်တန်းလာတက်နေသော သင်တန်းသူတစ်ဦးက ပျက်၍အပ်နှံထားခဲ့သည့် ၄၃ယ/----- Honda Click ဆိုင်ကယ်အားပြင်နေစဉ် အမည်မသိအမျိုးသားနှစ်ဦးရောက်ရှိလာပြီး ၎င်းအားဆိုင်ကယ်ပေါ်မှတွန်းချကာ ဆိုင်ကယ်ကိုလုယူထွက်ပြေးသွားသဖြင့် ပြင်စာရဲကင်းစခန်းသို့ ဆက်သွယ်အကြောင်းကြားခဲ့သည်။

အကြောင်းကြားချက်အရ ပြင်စာရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပတ်ဝန်းကျင်ရှိလူများက ချက်ချင်းလိုက်လံစုံစမ်းဖမ်းဆီးခဲ့ရာ ပုသိမ်ကြီးမြို့နယ် အုန်းချောရွာ မန္တလေး-ပြင်ဦးလွင်ကားလမ်းဘေးရှိ တမာရိပ်စားသောက်ဆိုင်ရှေ့တွင် လုယူသွားသည့် ဆိုင်ကယ်နှင့်အတူ ပြင်စာရွာနေ အောင်ကျော်မျိုး(၂၇)နှစ်အား ဖမ်းဆီးရမိပြီး တစ်ဦးမှာထွက်ပြေးသွားခဲ့သည်။

စစ်ဆေးချက်အရ ၎င်းနှင့်အတူ ဆိုင်ကယ်လုယူသူမှာ တစ်ရွာတည်းနေ အာကာ(၂၁)နှစ်ဖြစ်ကြောင်း သိရှိရ၍ သက်သေခံဆိုင်ကယ်အားသိမ်းဆည်းပြီး အောင်ကျော်မျိုးနှင့် အာကာတို့နှစ်ဦးအား ပြင်စာရဲကင်းစခန်းက အမှုဖွင့်အရေးယူထားပြီး အာကာအား လိုက်လံစုံစမ်းဖမ်းဆီးရာ မတ် ၂၅ ရက်တွင် ဖမ်းဆီးရမိခဲ့ကာ စစ်ဆေးမေးမြန်းလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

# သစ်များ တရားမဝင် သယ်ဆောင်၍ ဖမ်းဆီး

**နေပြည်တော် မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ကနီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မုံရွာ-ယာကြီး-ကလေးဝကားလမ်း မိုင်တိုင်အမှတ် (၁၆) အနီး၌ မတ် ၂၄ ရက် နံနက် ၉ နာရီခွဲခန့်က စောင့်ဆိုင်းနေစဉ် ကလေးဝဘက်မှ မောင်းနှင်လာသော ချမ်းမြသာစည်မြို့နယ်နေ ဦးဇော်သက်(ခ) ဒရောင်း (၅၀)နှစ် မောင်းနှင်သည့် 3E/-- ကင်တာ ခြောက်ဘီးယာဉ်အား ရပ် တန့်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ယာဉ်ပေါ်မှ ပိတောက်သစ်ခွဲသား ၁၇ တုံး (သုည ဒသမ ၇၅ တန်) သိမ်းဆည်းရမိခဲ့သဖြင့် ဦးဇော်သက် (ခ) ဒရောင်းအား ကနီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**



# နှလုံးရည်ကြံ့သမျှ ထုံးမီးစံမှ ဒီမိုကရေစီ




ဘရပ်ဆဲမြို့ရှိ ဇာဗင်တမ်လေဆိပ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ခရီးသည်များ ဘေးလွတ်ရာသို့ တိမ်းရှောင်ကြစဉ်။ ဓာတ်ပုံ- Time of Israel

**ခဲ ကိုရင်ညြ**

အနောက်ဥရောပ၏ သာယာလှပမှု အပေါင်း စုဝေးရာ နေရာတစ်နေရာအဖြစ် ကမ္ဘာတစ်ခွင် ဟိုးလေးတကျော်ဖြစ်ပေထသော ဘရပ်ဆဲမြို့တော်ကြီး၌ သွေးအလိမ်းလိမ်းပေကျံသော ကိုယ်ဖြင့် ငိုယိုရှိုက်ငင်ကာ ဆောက်တည်ရာမရ ဟိုပြေးသည်ပြေး ရတက်မအေးဖြစ်နေကြရသည့် ပုံရိပ်လွှာများကို ဖော်ကျူးသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရလေသောအခါ ကျွန်ုပ်ကိုယ်တိုင် မျောက်မီးခဲကိုင်မိဘိအလား ဂနာမငြိမ်ဖြစ်မိကာ ရတတ်သရွေ့ ဂါထာများကို ရွတ်ဆိုနေမိလေ၏။

'ပဥ္စင်တူရိယာ နှဲခရာ သာယာချင်လျက် လင်းကွင်းဖျက်သည်'၊ 'ပြည်ပန်းညို ချိုချင်ပါလျက် ဆားကဖျက်သည်' စသည့် မြန်မာမှုစကားပုံတို့ကို ပြန်ပြောင်း သတိရမိသည်နှင့်အညီ 'မြို့တော် ဘရပ်ဆဲ သာယာပါလျက် ဗုံးကဖျက်သည်' ဟူ၍ ကျွန်ုပ်တစ်ကိုယ်တည်းညည်းမိသည်သာတည်း။

ညွတ်ပက်ညွတ်ပက်ဖြစ်နေသော ကျွန်ုပ်၏ ရင်ဘတ်ကို ကျွန်ုပ်အသာအယာဖိရင်း ဘရပ်ဆဲမြို့တော်အတွင်း အကြမ်းဖက်သမားတစ်စု ဝင်စီးခြင်း သတင်းအကြောင်းအရာကို တစ်ရှိန်ထိုး ဆက်လက်ဖတ်ရှုနေမိလေသည်။

ဘရပ်ဆဲမြို့တော်ကြီး ဟူသည်ကား ဘယ်ဂျီယံနိုင်ငံ (တချို့က ဘယ်လ်ဂျီယံ ဟုအသံထွက်) ၌ တည်ရှိသော မြို့ကြီးဖြစ်ပြီးလျှင် ဥရောပသမဂ္ဂ (အီးယူ) ကရော နေတိုး(ခ်ေါ) မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ကပါ ရုံးချုပ်များဖွင့်လှစ်ထားရာ မြို့တော်ဖြစ်၏။ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် တည်ထောင်ထားရှိသော ဘုရင့်နိုင်ငံတော်ကြီး၏ နန်းမြို့တည်ရာ 'နဂရ' ဟူ၍လည်း ဆိုအပ်ပေ၏။

ဘယ်ဂျီယံသည်ကား နိုင်ငံအရှေ့တောင်ပိုင်း တောင်ကုန်းပြွမ်းတီးသော အာဒင်းနီး (Ardennes) ဒေသမှ အလျှံပယ် ပေါကြွယ်ဝသော ကျောက်မီးသွေးတွင်းများကို အသုံးပြု၍ ဥရောပ၌ ပထမဦးဆုံး စက်မှုနိုင်ငံထူထောင်ခဲ့ရာ နိုင်ငံပေတည်း။

ဥရောပကုန်သွယ်ရေးတွင် ကာလသမနိ ရှည်ကြာစွာ ဗဟိုချက်မနေရာ၌ ရပ်တည်ခဲ့သော ဘယ်ဂျီယံ၏ လူမျိုးများကို ကြည့်လျှင် ဖလင်းမစ်(တျူတန်ဇာစ်ဖြစ်) က ၅၅ ရာခိုင်နှုန်း၊ ဝါလွန်း(ပြင်သစ်-လက်တင်) က ၃၃ ရာခိုင်နှုန်းရှိသည်။ ကိုးကွယ်သည့် ဘာသာအရမူ ရိုမန်ကက်သလစ်က ၇၅ ရာခိုင်နှုန်း၊ မွတ်စလင် ၁ ရာခိုင်နှုန်း၊ ပရိုတက်စတင့် သုည ဒသမ ၄ ရာခိုင်နှုန်းရှိသည်ဟု ကျွန်ုပ်မှတ်သားရ၏။

## အကြမ်းဖက်သမားများ ဝင်စီးခြင်း

'ပြည်သူ့အန္တရာယ်' ဟု ဆိုအပ်သော အကြမ်းဖက်သမားများသည် အေးချမ်းသာယာလှပသော ဘရပ်ဆဲမြို့ရှိ လေဆိပ်နှင့် မြေအောက်ရထားဘူတာရုံတို့ကို ပစ်မှတ်ထားကာ မတ် ၂၂ ရက်က ဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြလေသည်။

အေးချမ်းလှပကာ တည်ငြိမ်မှု ဣန္ဒြေဖြင့် တည်ရှိနေသော ဘရပ်ဆဲမြို့တော်တစ်ခွင် ပြည်သူအပေါင်းတို့မှာ ယူကျုံးမရ အပူလုံးကြွကြရကုန်၏။ အသက်ဘေးမှ လွတ်ရာသို့ ပြေးလွှားနေကြရကုန်၏။

ယင်းနေ့က အကြမ်းဖက်သမား မိစ္ဆာတို့၏ လျှပ်တစ်ပြက် ဗုံးခွဲတိုက်ခိုက်မှုများကြောင့် ၃၁ ဦးထက်မနည်းသော ပြည်သူတို့မှာ ရခဲလှစွာသော မနုဿတ္တ လူ့ဘဝကို ရုတ်ချည်းစွန့်ခွာခဲ့ကြရပြီး ပြည်သူ ၂၅၀ ခန့်မှာ သွေးအလိမ်းလိမ်းပေကျံလျက် ခြေလက်အင်္ဂါများ ထိခိုက်ပျက်စီးကြရ၏။

အကြမ်းဖက်မှုကို မလွန်ဆန်နိုင်သော ပြည်သူအပေါင်းတို့မှာ ကိုယ်စိတ်နှလုံး ယူကျုံးမရ သောကလုံးကြွရသည့် အခိုက်အတန့်မှာပင် 'ဘရပ်ဆဲ တိုက်ခိုက်မှု ကျုပ်တို့လက်ချက်' ဟူ၍ အစ္စလာမ့်စ်နိုင်ငံတော် (အိုင်အက်စ်)အဖွဲ့က လက်ခမောင်းခတ်ကာ လက်ခုပ်လက်ဝါးတီးခဲ့လေသည်။

ဘရပ်ဆဲမြို့ရှိ ဇာဗင်တမ်လေဆိပ် ထွက်ခွာခန်းမဆောင်၌ မတ် ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီထိုးခါနီးတွင် ဗုံးနှစ်လုံးပေါက်ကွဲခဲ့ရာ လူ ၁၀ ဦးခန့် သေဆုံးခဲ့ရသည်။

နောက်တစ်နာရီအကြာတွင် ဘရပ်ဆဲမြို့လယ်ရှိ မယ်ဘီ အမည်ရှိ မြေအောက်ရထားဘူတာရုံ၌ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ပြန်ရာ လူ ၂၀ ခန့် သေဆုံးခဲ့ရလေသည်။

အိုင်အက်စ်အဖွဲ့ ဆန့်ကျင်ရေး နိုင်ငံတကာညွန့်ပေါင်းအဖွဲ့တွင် ဘယ်ဂျီယံနိုင်ငံ ပါဝင်ခြင်းကြောင့် မိမိတို့ တိုက်ခိုက်ရခြင်းဖြစ်သည်ဟု ယင်းစစ်သွေးကြွအဖွဲ့က ဒရောသောပါး ကြေညာခဲ့လေသည်။

ပါရီတိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်ဖွယ် ရှိသူအဖြစ် မသင်္ကာရသူတစ်ဦးကို ဖမ်းဆီးခဲ့အပြီး ရက်ပိုင်းအတွင်းမှာပင် ဘရပ်ဆဲ တိုက်ခိုက်မှုပေါ်ပေါက်လာသည်။ နိုဝင်ဘာ ၁၃ ရက်က ဖြစ်ပွားခဲ့သော ပါရီတိုက်ခိုက်မှု တွင် တိုက်ရိုက်ပါဝင်ပတ်သက်သူ အမျိုးသား ၁၀ ဦးအနက် အသက်မသေဘဲ ကျန်ရစ်ခဲ့သည့် တစ်ဦးတည်းသော အကြမ်း ဖက်သမားဖြစ်ဖွယ်ရှိသူ ဆာလားအဗ္ဗဒူဆလမ်ကို မတ် ၁၈ ရက်က ဖမ်းဆီးခဲ့လေသည်။

ဗုံးပေါက်ကွဲခဲ့သော လေဆိပ်ရှိ စီစီတီဗွီ လုံခြုံရေးကင်မရာက ရိုက်ကူးခဲ့သော မှတ်တမ်းပုံတွင် မသင်္ကာဖွယ်ရာ အမျိုးသားသုံးဦးကို ပစ္စည်းတင်တွန်းလှည်း တွန်းလျက်သားဖြင့် တွေ့မြင်ရသည်။ ၎င်းတို့အနက် နှစ်ဦးမှာ အသေခံဗုံးခွဲသူများဖြစ်နိုင်ဖွယ်ရှိသည်ဟု ရဲတပ်ဖွဲ့က ယူဆလေသည်။

## အဘယ်ကြောင့် ဘယ်ဂျီယံကို ပစ်မှတ်ထား တိုက်ခိုက်သနည်း

ဥရောပသမဂ္ဂ ရုံးစိုက်ရာ မြို့တော်ကြီးဖြစ်ပေသော ဘယ်ဂျီယံနိုင်ငံ မြို့တော်ဘရပ်ဆဲသည် ပါရီအကြမ်းဖက်တိုက်ခိုက်မှုကြီးအပြီးကာလမှ အစပြု၍ အကြမ်းဖက်မှုတိုက်ဖျက်ရေး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရာတွင် ဗဟိုချက်အဖြစ် ရပ်တည်နေခြင်းကြောင့် အကြမ်းဖက်သမားများက ပစ်မှတ်ထားသည်ဟု ယူဆရလေသည်။

အနောက်ဥရောပကို အကြမ်းဖက်သမားတို့၏ အဓိကပစ်မှတ်အဖြစ် သတ်မှတ်ရသည့် အကြောင်းတရားများအနက် အကြောင်းတရားတစ်ရပ်မှာ မြို့တော်ဘရပ်ဆဲရှိ မိုလန်ဘရိ ရပ်ကွက်သည် အကြမ်းဖက်သမားများ ပေါက်ပွားရာနေရာတစ်နေရာဖြစ်လာခြင်းဖြစ်ကြောင်း လုံခြုံရေးပညာရှင်များက သုံးသပ်သည်။ ပါရီအကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်ခဲ့သူများမှာ ယင်းရပ်ကွက်မှ ဖြစ်ကြလေသည်။

ဘယ်ဂျီယံသည် ယင်း၏ မြေပေါ်တွင် အိုင်အက်စ်အဖွဲ့နှင့် ဆက်နွှယ်နေသော အကြမ်းဖက်တိုက်ခိုက်မှုကို တွေ့ကြုံရသည့် ပထမဆုံးသော ဥရောပနိုင်ငံဟု ဆိုနိုင်သည်။ ဘရပ်ဆဲမြို့၌ လွန်ခဲ့သည့် နှစ်နှစ်ခန့်က လူလေးဦးသေဆုံးခဲ့ရသော ရဟူဒီပြတိုက် ပစ်ခတ်တိုက်ခိုက်မှုသည် လုံခြုံရေးဆိုင်ရာ ရှေ့ပြေးသတိပေးချက်ဖြစ်ခဲ့သည်။

လူဦးရေ ၁၁ ဒသမ ၂ သန်းရှိ နိုင်ငံငယ်လေးဖြစ်သော ဘယ်ဂျီယံ၏ နိုင်ငံသား ၄၇၀ ထက်မနည်းသည် ဆီးရီးယားပြည်တွင်းစစ်အတွင်း ပါဝင်တိုက်ခိုက်ရန် ပြည်ပသို့ ထွက်ခွာခဲ့ကြသည်။ ဘယ်ဂျီယံ၌ ပြည်သူတစ်သန်းလျှင် စစ်သွေးကြွ ၄၅ ဦးခန့် ရှိနေပြီး အိမ်နီးချင်း ပြင်သစ်၌ရှိသော စစ်သွေးကြွ အချိုးအဆနှင့် နှိုင်းယှဉ်လျှင် နှစ်ဆကျော်ပိုမိုများပြားနေကြောင်း အမေရိကန်ဂျော့ဂျ်တောင်း တက္ကသိုလ် လုံခြုံမှုဆိုင်ရာ လေ့လာရေးဌာန ညွှန်ကြားရေးမှူး ဘရုဟော့မင်းက ဆိုသည်။

## အိုင်အက်စ်အဖွဲ့ ဗျူဟာပြောင်းလာခြင်း

၂၀၁၄ ခုနှစ်တွင် အိုင်အက်စ်အဖွဲ့ကို ထူထောင်သည်ဟု ကြေညာခဲ့ပြီးနောက် ယင်းအဖွဲ့သည် ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့၌ နယ်မြေများ တိုးချဲ့ထိန်းချုပ်နိုင်ရေးအတွက်သာ အာရုံစိုက်ခဲ့သည်။ သို့ရာတွင် အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခြင်းနှင့် အနောက်နိုင်ငံများက ကျောထောက်နောက်ခံပြုပေးသော မြေပြင်စစ်ဆင်ရေးလုပ်ငန်းများ တိုးမြှင့်လာခြင်းတို့ကြောင့် အိုင်အက်စ်အဖွဲ့မှာ ဗျူဟာပြောင်းလဲလာကြောင်း၊ ဗျူဟာသစ်အရ စစ်သွေးကြွများကို ပြည်ပသို့ သွားရောက်စေပြီး တိုက်ခိုက်စေခြင်းဖြစ်ကြောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေး ကျွမ်းကျင်သူများက ပြောကြားကြလေသည်။

နိုင်ငံအရွယ်အစား သေးငယ်ခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့အရွယ်အစား သေးငယ်သော ဘယ်ဂျီယံနိုင်ငံအတွင်းမှ အကြမ်းဖက်သမားများ ပေါ်ထွက်လာခြင်းမှာ အသားထဲမှ လောက်ထွက်မှုဟု ပြောရပေလိမ့်မည်။

ယနေ့ကာလ၌ ဘာသာရေး၊ နိုင်ငံရေးနှင့် ဝါဒသဘောတရားရေးတို့အရ အကြမ်းဖက်မှုများ ပြွမ်းတီးနေ၏။ နိုင်ငံတကာတွင် အကြမ်းဖက်အုပ်စုများ ခေါင်းထောင်နေပြီး အကြမ်းဖက်သမား မျိုးဆက်သစ်များပင်လျှင် ပေါ်ပေါက်လာ၏။

စက်တင်ဘာ ၁၁ ရက်နောက်ပိုင်း အမေရိကန်မြေပေါ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ အားပျော့ပျက်ပြယ်သွားလင့်ကစား ဥရောပမြေပေါ်တွင် အကြမ်းဖက်သမားများ ပိုမိုအတင့်ရဲလာသည်ကို ကျွန်ုပ်သတိပြုမိလေသည်။

ဥရောပ၌ အပြောက်အကြားရှိသော နယ်စပ်များရှိနေခြင်း၊ အရှေ့အလယ်ပိုင်းဒေသ စစ်ရေးပဋိပက္ခများကြောင့် ဥရောပသို့ ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူ ဒုက္ခသည်ဦးရေ ဥဒဟို တိုးပွားလာခြင်းစသည့် အကြောင်းခြင်းရာများသည် ဥရောပ၌ အကြမ်းဖက်တိုက်ခိုက်မှု တိုးပွားလာရသော အရင်းအမြစ်များဖြစ်ဖွယ်ရှိလေသည်။

၂၀၁၄ ခုနှစ် မေလနောက်ပိုင်း ဥရောပတစ်ဝန်း၌ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူပေါင်း ၁၈၅ ဦးထက်မနည်း သေဆုံးခဲ့ရသည်။ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် သေဆုံးရသူ ဦးရေမှာ မပြောပလောက်ဟု ဆိုကောင်းဆိုနိုင်ဖွယ်ရှိသော်လည်း လူဦးရေ သန်း ၅၀၀ ကျော်ရှိသော ဥရောပသမဂ္ဂ တစ်ခုလုံးကို လုံခြုံရေးအရ ဆိုးရွားသော ခြောက်လှန့်မှုဟူ၍ ရှုမြင်ရလေသည်။

ဤတွင်ရွှေ့ကား ကျွန်ုပ်အနေဖြင့် အကြမ်းဖက်မှုနှင့် ဒီမိုကရေစီ ဆက်နွှယ်ပုံကို စဉ်းစားဆင်ခြင်စရာဖြစ်လာရ၏။

ဧကန်မူကား အကြမ်းဖက်မှုဟူသည် အဆန်းတကြယ်မဟုတ်၊ ရှေးဟောင်းသမိုင်းကျမ်းများ၌ပင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကို မှတ်တမ်းများအဖြစ် တွေ့မြင်နိုင်လေသည်။ အာဏာရလို၍လည်းကောင်း၊ ခနဥစ္စာရလို၍လည်းကောင်း၊ နယ်မြေသိမ်းပိုက်လို၍လည်းကောင်း၊ ဘာသာရေး အစွန်းရောက်မှုအရ အတ္တလွန်ကဲ၍လည်းကောင်း၊ မိမိအားဘုန်းရှင်ကံရှင်အဖြစ် လေးစားစေလို၍လည်းကောင်း၊ လက်စားချေလို၍လည်းကောင်း အကြမ်းဖက်မှုကို ကျူးလွန်ကြလေ့ရှိလေသည်။

ဒီမိုကရေစီစနစ်သည် တရားမျှတခြင်း၊ မတူကွဲပြားမှုကို လက်ခံခြင်း၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားခြင်း၊ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ခြင်း၊ သာတူညီမျှ စီးပွားရေးဘဝကို ထူထောင်ခြင်း၊ ဗဟိုဦးစီးစနစ်ကို လျှော့ချကာ အာဏာမျှဝေကျင့်သုံးခြင်းစသည်တို့ကို ဦးထိပ်ပန်ဆင်၏။ ထုံးမီးစံမှ ဒီမိုကရေစီသည် အကြမ်းဖက်တုပြိုင်မှုကို လက်မခံ၊ နှလုံးရည်ဖြင့် တရားမျှတသော ယှဉ်ပြိုင်မှုကိုသာ ခွင့်ပြုပေရာ ဒီမိုကရေစီ လူ့ဘောင်၌ အကြမ်းဖက်သမားတို့အတွက် နေရာမရှိနိုင်ပေ။ သို့ဖြစ်ရကား "နှလုံးရည်ကြံ့သမျှ၊ ထုံးမီးစံမှ ဒီမိုကရေစီ" ဟူ၍ ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

## ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ လွယ်ဝိုင်းကျေးရွာတွင် ကွင်းဆင်းဆောင်ရွက်

**ရှာသစ် မတ် ၂၆**

ကယားပြည်နယ် ဘောလခဲခရိုင် ရှာသစ်မြို့နယ် လွယ်ဝိုင်းကျေးရွာ၌ ပြည်သူကိုဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှု ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် စာကြည့်တိုက်များသို့ ကွင်းဆင်းဆောင်ရွက်မှုကို မတ် ၁၈ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပြည်သူကိုဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ တိုးတက်လာစေရန် စာပေလေ့လာဖတ်ရှုခြင်း အကျိုးကျေးဇူးများနှင့် မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်စေမည့် နည်းလမ်းများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေအေးနှင့် ဒေါ်ညေးမြာပလျား (စာ/ထောက်-၃)တို့ကဆောင်ရွက်ပေးခဲ့ပြီး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက် (ရှာသစ်)**

# ကျွန်းလှတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**ကျွန်းလှ မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းကို မတ် ၂၂ ရက်က မြို့နယ်ဒုတိယဦးစီးမှူး ဦးပါနှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းကျေးရွာ (၁၀) ရွာ အကောင်အထည်ဖော် ဆောင်ရွက်နေပြီး ရွှေတောင်ကျေးရွာ ပြည်သူများ လုပ်ကိုင်နေသော တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေခြင်းကိုလည်းကောင်း၊ စီမံကိန်းဆိုင်ရာ ငွေစာရင်းထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဒေသခံပြည်သူများက တွေ့ကြုံနေရသည့် အခက်အခဲများတင်ပြ ဆွေးနွေးကြသည်။

ယင်းနောက် မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေအဖြစ် သံဘို၊ ဘိုကုန်း၊ ဆားတွင်းကျေးရွာတို့အား ဒုတိယအကြိမ် ချေးငွေထုတ်ချေးပြီးဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**





## ပိန်းဇလုပ်မြို့အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပွဲ တိုင်းဝန်ကြီးချုပ် တက်ရောက်

**ညောင်လေးပင် မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ကျေးရွာအား ပိန်းဇလုပ်မြို့အဖြစ် တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို မတ် ၂၀ ရက်က အဆိုပါ မြို့မှခ်ဦးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့သစ်ဆိုင်းဘုတ်အား တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးရဲမြင့်ထွန်း၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျူဗလီစံလှ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးအောင်နိုင်ဦး၊ ပဲခူးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်နှင့် မြို့မိမြို့ဖ ဦးစောလင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက ပိန်းဇလုပ်မြို့ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားကာ မြို့မိမြို့ဖများက ဖွင့်လှစ်အထိမ်းအမှတ် အလံများ ပေးအပ်ကြသည်။

ပိန်းဇလုပ်မြို့သည် ရပ်ကွက် နှစ်ရပ်ကွက်ရှိသည်။ ညောင်လေးပင်မြို့နယ်တွင် ယခင်က ညောင်လေးပင်၊ ပြွန်တန်ဆာ၊ မဒေါက်မြို့ သုံးမြို့ရှိခဲ့ရာမှ ယခုပိန်းဇလုပ်မြို့အဖြစ် ထပ်မံတိုးချဲ့ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။

ပိန်းဇလုပ်ကျေးရွာတွင် မြို့အင်္ဂါရပ်နှင့် ညီညွတ်မှုရှိသော စည်ပင်သာယာဈေး၊ တိုက်နယ်ဆေးရုံ၊ ဘူတာ ရုံ၊ တိုက်နယ်စာတိုက်နှင့် ဘာသာရေးအဆောက်အအုံများရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့်အပြင် လျှပ်စစ်မီးပါရရှိသည့်အတွက် ပိန်းဇလုပ်မြို့အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ရခြင်းဖြစ်သည်။

**နေလင်း(ညောင်လေးပင်)**


" ဂုဏ်ယူဝမ်းမြောက်ကြောင်း နှင့် ဆုမွန်ကောင်းတောင်းခြင်း "

Siam Cement Group ( SCG ) မှ
( ၁၉ – ၃ – ၂၀၁၆ ) နေ့တွင် ကျင်းပပြုလုပ်သော
" TOP DEALER AWARD (2015) "
THE ASEAN EVOLUTION အခမ်းအနားတွင်
" BEST IMPORTER AWARD (2015) " ဆုကို
ချီးမြှင့်ခြင်းခံရသော FARMER PHOYARZAR CO.,LTD.




အား အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှင့် နောက်နှစ်ပေါင်းများစွာတိုင် နိုင်ငံတော်အကျိုးပြု လူမှုစီးပွားလုပ်ငန်းများ ဆတက်ထမ်းပိုး ကြီးပွားတိုးတက် အောင်မြင်ပါစေကြောင်း လှိုက်လှဲစွာဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

PRO 1 HOME CENTER မိသားစု

# " ဂုဏ်ယူဝမ်းမြောက်ကြောင်း နှင့် ဆုမွန်ကောင်းတောင်းခြင်း "

**Siam Cement Group ( SCG )** မှ ( ၁၉ – ၃ – ၂၀၁၆ ) နေ့တွင် ကျင်းပပြုလုပ်သော **" TOP DEALER AWARD (2015) " THE ASEAN EVOLUTION** အခမ်းအနားတွင် **" GOLD AWARD "** ဆုကို ချီးမြှင့်ခြင်းခံရသော **ZIN HTET Trading Co., Ltd.** အား အထူးပင်





ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှင့် ရှေ့ဆက်မည့်အနာဂတ်စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံတော်အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့တွင် ဆတက်ထမ်းပိုး များစွာအောင်မြင်ပါစေကြောင်း လှိုက်လှဲစွာဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

FARMER PHOYARZAR GROUP OF COMPANIES

PRO 1 HOME CENTER မိသားစု








## တန်မှတန် အမြန်ရောင်းမည်

(၁၂ ½×၅၀)ပေ၊ မြေညီထပ်ပြင်ပြီး အသင့်နေနိုင်၊ သမာဓိ(၃)လမ်း၊ သဃ်န်းကျွန်း၊ (၂၇၅) သိန်း ညှိနှိုင်း
(09-5045884)
(09-5198393)



လပ်ကီးမြန်မာအိမ်ခြံမြေအကျိုးဆောင်
နေပြည်တော်မြို့နယ်စုံ
ရောင်း၊ ဝယ်၊ ငှား

ဖုန်း-၀၉-၇၇၉၂၂၄၁၂၀
၀၉-၄၅၀၂၅၈၆၇၁


## ဒေါ်ဇင်မေကျော့ရှင်း [၅/တမန(နိုင်)၀၀၈၂၉၁]နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အုန်းပင်အထက်လမ်း၊ အမှတ်(၈၅)၊ ပ-ထပ်နေ ဒေါ်ခင်မမအောင်[၁၂/ကမတ(နိုင်)၀၀၁၀၆၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဇင်မေကျော့ရှင်းနှင့် ကျွန်ုပ်တို့၏မိတ်ဆွေဒေါ်ခင်မမအောင်တို့သည် ခင်မင်ရင်းနှီးကြသူများဖြစ်ကြပါသည်။ ထိုသို့ခင်မင်ရင်းနှီးကြသူများဖြစ်၍ လူကြီးမင်းက မိသားစုကိုယ်ရေးကိုယ်တာတွင် အသုံးပြုရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေထံမှ ငွေသိန်း(၅၀)ကို ခေတ္တအကူအညီပေးအပ်ပါရန် တောင်းဆိုရာ ကျွန်ုပ်တို့၏ မိတ်ဆွေမှလည်း ခင်မင်ကြသူများဖြစ်၍ ယုံကြည်သည့်အတွက် လူကြီးမင်းလိုအပ်သော ငွေကျပ်သိန်း(၅၀)ကို ၇-၃-၂၀၁၄ရက်တွင် လူကြီးမင်းလက်ဝယ်သို့ ကူညီပေးအပ်ခဲ့ရာ ၇-၃-၂၀၁၄ရက်စွဲပါ စာချုပ်ပေါ်တွင် လူကြီးမင်းကိုယ်တိုင်လက်မှတ်ရေးထိုး လက်ဗွေနှိပ်၍ အသိသက်သေများရှေ့မှောက်၌ တစ်လုံးတစ်ခဲတည်းလက်ခံရယူသွားခဲ့ပါသည်။

အဆိုပါ ၇-၃-၂၀၁၄ရက်စွဲပါစာချုပ်တွင် လူကြီးမင်းရယူသွားသည့် ငွေကျပ်သိန်း(၅၀)ကို ၇-၃-၂၀၁၅ရက်၌ ကျွန်ုပ်တို့၏ မိတ်ဆွေထံသို့ ပြန်လည် ပေးအပ်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုချက်ထားရှိခဲ့ပြီးလည်း ဖြစ်ပါသည်။

လူကြီးမင်းက ၇-၃-၂၀၁၄ရက်စွဲစာချုပ်ပါဝန်ခံကတိပြုချက်အတိုင်း လူကြီးမင်းရယူသွားသည့် ငွေသိန်း(၅၀)ကို နောက်ဆုံးထားပြန်လည်ပေးအပ်ရန် သဘောတူသတ်မှတ်ထားသည့် ၇-၃-၂၀၁၅ ရက်၌ လူကြီးမင်းထံသို့ ကျွန်ုပ်တို့၏ မိတ်ဆွေက ပြန်လည်တောင်းခံခဲ့ရာ လူကြီးမင်းက အကြောင်းအမျိုးမျိုးပြ တိမ်းရှောင်နေခဲ့ပါသည်။ ကျွန်ုပ်တို့၏ မိတ်ဆွေမှလည်း လူကြီးမင်းနှင့် ခင်မင်သူများဖြစ်၍ လူမှုရေးအားငဲ့ညှာသောအားဖြင့် စောင့်ဆိုင်းခဲ့သော်လည်း လူကြီးမင်းက ကျွန်ုပ်မိတ်ဆွေထံမှ ရယူသွားသည့် ငွေကျပ်သိန်း(၅၀)ကို ယနေ့အချိန်အထိ တစ်ပြားတစ်ချက်မျှ ပြန်လည်ပေးအပ်ခြင်းမရှိပါ။

သို့ပါ၍ ၇-၃-၂၀၁၄ရက်စွဲပါစာချုပ်ဖြင့် လူကြီးမင်းရယူသွားခဲ့သော ကျွန်ုပ်တို့၏ မိတ်ဆွေပိုင်ငွေကျပ်သိန်း(၅၀)ကို ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့၏ မိတ်ဆွေထံသို့ တစ်လုံးတစ်ခဲတည်းပြန်လည်ပေးအပ်ပါရန်နှင့် ပျက်ကွက်ငြင်းဆိုပါက တည်ဆဲဥပဒေနှင့်အညီ ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း ထိရောက်စွာ အရေးယူဆောင်ရွက်ရန် ညွှန်ကြားချက်များရရှိထားပြီးဖြစ်ကြောင်း ဒေါ်ဇင်မေကျော့ရှင်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမိုးမင်းဆွေ(LL.B,D.B.L) (စဉ်-၂၈၆၄၁)
ဒေါ်ခင်မာနွယ်(LL.B,D.B.L) (စဉ်-၃၁၀၇၀)
ဦးအောင်မျိုးသူ(LL.B) စဉ်-၄၆၅၄၅

အထက်တန်းရှေ့နေများ
အမှတ်(၁၀)၊ ပထမထပ်၊ သိန္ဓီလမ်း၊ သီတာရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၄၂၀၂၂၁၁၂၊ ၀၉-၄၃၁၆၇၂၉၆

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄အီး၁၊ မြေကွက်အမှတ် ၇၈၊ မြေကွက်တည်နေရာအမှတ်၄၄၊ ၁၆၇ လမ်း၊ တာမွေကြီး(ခ)ရပ်ကွက် ဦးဝင်းလွင် (အမ်ဝိုင်အေ ၀၀၉၀၅၇)၊ ဒေါ်မြမြအေး[၁၂/လသန(နိုင်)၀၀၈၅၅၀]အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၁၂၅/၂၀၁၁၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားမ ပထမ အယူခံမှုအမှတ် ၃၅၅/၂၀၁၃ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားမအယူခံမှုအမှတ် ၁၂၅/၂၀၁၅ နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမဇာရီမှုအမှတ် ၁၆၉/၂၀၁၃ ဘီလစ် ဒေါ်ဖူးပွင့်အောင်မှ တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံ သောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘ ဝ သစ်

# " ဂုဏ်ယူဝမ်းမြောက်ကြောင်း နှင့် ဆုမွန်ကောင်းတောင်းခြင်း "

**Siam Cement Group ( SCG )** မှ ( ၁၉ – ၃ – ၂၀၁၆ ) နေ့တွင် ကျင်းပပြုလုပ်သော **" TOP DEALER AWARD (2015) " THE ASEAN EVOLUTION** အခမ်းအနားတွင် **" GOLD AWARD "** ဆုကို ချီးမြှင့်ခြင်းခံရသော **Naing Nine Int'l Trading Co., Ltd.** အား




အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှင့် နောင်နှစ်များတွင်လည်း ဆက်လက်ဆုများရရှိပြီး လူမှုရေး၊ စီးပွားရေး အကျိုးပြုလုပ်ငန်းများ ရှက်ဆောင်ရာတွင် အောင်မြင်မှုများရရှိနိုင်ပါစေကြောင်း လှိုက်လှဲစွာဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

FARMER PHOYARZAR GROUP OF COMPANIES

PRO 1 HOME CENTER မိသားစု

ZIN HTET Trading Co., Ltd.


## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၅၁)လမ်း၊ အမှတ်(၁၈၂/၁၈၄)၊ (၇-လွှာ၊B)နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်မိုးသီတာကျော်(၁၂/သကတ(နိုင်)၀၂၂၁၁၈)**ကိုယ်ဆောင်သည့် တာဝန်ပေး လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေငြာအပ်သည်မှာ-

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်မိုးသီတာကျော်(၁၂/သကတ(နိုင်)၀၂၂၁၁၈)**သည် ဆောက်လုပ်ရေးဝန်ကြီးဌာန (မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန)တွင် **ဒေါ်ခင်ဇာဇာဝင်း(၁၂/ပဘတ(နိုင်)၀၂၆၄၁၁)** အမည်ပေါက်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ တိုက်အမှတ်(၄)၊ (၆)ခန်းတွဲ (၆)ထပ်တိုက်၏ အခန်းအမှတ် (၅၀၂)၊ ပဥ္စမထပ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ **ဒေါ်ခင်ဇာဇာဝင်း(၁၂/ပဘတ(နိုင်)၀၂၆၄၁၁)**အား ရောင်းရန်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရံငွေပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်မည့်သူ မည်သူမဆိုရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံဖြစ်စေ၊ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ **ဒေါ်မိုးသီတာကျော်(၁၂/သကတ(နိုင်)၀၂၂၁၁၈)**ထံသို့ဖြစ်စေ တရွက်စာတမ်း အထောက်အထားမူရင်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

***U Zaw Myint (Law Firm)***

| | |
|---|---|
| ဒေါ်စန်းစန်းမြင့်(LL.B)<br>(စဉ် -၂၃၀၅၀)<br>(အထက်တန်းရှေ့နေ) | ဦးမိုးသက်(LL.B)<br>(စဉ်-၂၉၄၂၆)<br>(အထက်တန်းရှေ့နေ) |
| ဦးသက်နိုင်ဝင်း(LL.B)<br>(စဉ်-၃၇၁၄၀)<br>(အထက်တန်းရှေ့နေ) | ဒေါ်တင်ဇာမျိုး(LL.B)<br>(စဉ်-၄၅၂၆၅)<br>(အထက်တန်းရှေ့နေ) |

အမှတ်(၃၁)၊ မင်းရဲကျော်စွာလမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉၇၃၁၆၇၈၁၅၊ ၀၉၄၂၀၀၈၀၅၁၂


ရွှေပန်းတောင် အမှတ်တံဆိပ်



တိုင်းရင်းဆေးပါးမှတ်ပုံတင်အမှတ် TMR-007525(0614)
ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(တနယ်ဝင်း)၀၁/၀၂၁၃

**အကြောပြေ မျက်စိကြည်ဆေး**

မျက်စိအမြင်အားနည်းခြင်း၊ သွေးတိုး၊ ကိုယ်လက်လေးလံ၊ ထုံကျဉ်ကိုက်ခဲ၊ ဆီး ဝမ်း လေ ချုပ်၍ အကြောတက်ခြင်း၊ လိပ်ခေါင်းရောဂါ၊ အဖျုကွက်အနီကွက်များထွက်ခြင်း၊ သွေးဆုံးမီးယပ်ရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း

ဖြန့်ချိရေး - အမှတ် (၁၀၂)၊ (၃၈)လမ်းအောက်၊ ရန်ကုန်မြို့ ဖုန်း - ၀၁၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၃၄


## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုးမြင့် ကိုင်ဆောင်သော အမျိုးသားမှတ်ပုံတင်အမှတ် S/DGNMTT-036422 သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၀၄၈၄၁၇

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အမှတ်(၄၃၈)၊ (က)ရပ်ကွက်၊ နွယ်သာကီ(၆)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးလှဦး [၁၂/ပဘတ(နိုင်)၀၂၄၆၂၈]၊ ဒေါ်နိုင်နိုင်ဦး [၁၂/ပဘတ(နိုင်)၀၂၁၄၇၀]တို့၏သားဖြစ်သူ မောင်အေးကျော်ဇင်ဦး [၁၂/ဒပန(နိုင်)၀၅၆၈၃၃] သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ၎င်းအားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးလှဦး-ဒေါ်နိုင်နိုင်ဦး**

## တစ်ဦးတည်းဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ (အဘ) ဦးပန်းမောင်နှင့် (အမိ) ဒေါ်ရီရီမြင့်တို့၏သားဖြစ်သူ ဗိုလ်ကြီး သန့်စင်ဦး (ကြည်း-၅၃၅၃၆)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (၉/ပမန (နိုင်) ၁၈၅၇၆၇) သည် အိမ်ထောင်စုလူဦးရေစာရင်းတွင် ၎င်း၏အမည်ကို ဆလိုင်းသူရထွန်းအမည်ဖြင့်လည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (၉/ပမန(နိုင်)၁၈၅၇၆၇) တွင် ဆလိုင်းသူရထွန်း အမည်ဖြင့်လည်းကောင်း မှတ်သားထားရှိပါသည်။

အဆိုပါ တပ်မတော် ဗိုလ်ကြီး သန့်စင်ဦး (ကြည်း-၅၃၅၃၆) နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(၉/ပမန (နိုင်) ၁၈၅၇၆၇)၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တွင် ဖော်ပြထားသည့် ဆလိုင်းသူရထွန်းမှာတစ်ဦးတည်းဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဦးမျိုးညွှန့်ဝင်း (စဉ်–၇၁၁၉)
H.G.P, LL.B, D.B.L, D.M.L, Post Graduate Dip. in Global English
တရားလွှတ်တော်ရှေ့နေ
အမှတ် ( ၅၈/၆၀ )၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၅၀၂၈၀၄၆ ၊ ၀၉ ၇၉၅၅၄၅၄၀၂

မြို့ ရွာ တစ် ခွင် သာ စေ ချင် မီး တွင် မ ပေါ့ နှင့်

ကြော်ငြာ

**TRAVEL VILLAGE** အဆင့်မြင့် ခရီးသွားလုပ်ငန်း

"နှစ်သစ်မဟာသင်္ကြန် အထူးခရီးစဉ်များ" MARCHလနှင့် APRILလ အထူးခရီးစဉ်များ

- တောင်ကြီး-အင်းလေး-ကလော-ပင်းတယ March 24(155,000Ks)/April 12,17(189,000Ks)
- ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး-ပခုက္ကူ March 24(155,000Ks)/April 12,17(189,000Ks)
- ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး March 25(99,000Ks) /April 17 (99,000Ks)
- မန္တလေး(ကျောက်စိမ်း)-ပြင်ဦးလွင်(ဒီးဒုတ်) April 12 (180,000Ks)
- ဘားအံ(ကျုံထော်ရေတံခွန်) (နေ့ချင်းပြန်)March(12/19/22/26) (35,000 Ks)
- မော်လမြိုင်-ကျိုက္ကမီ-စက်စဲ (နေ့ချင်းပြန်)March(12/19/22/26) (35,000 Ks)

Travel Village Travel and Tours

April လခရီးစဉ်များ အားလုံး Scania Car များနှင့်သာထွက်ခွာပါမည်။

Hot Line : 09 451188061, 09 450286728, 09 961413999

**ဗျာဒိတ်သား** မြန်မာ့နှစ်သစ်ကူးဒါနအလှူခရီးစဉ်

တောင်ကြီး၊အင်းလေး၊ပင်းတယ၊ကုံလုံ၊ထမ်ဆမ်၊မွေတော်ကက္ကူ၊မြင်းမထိဂူဘုရားစုံဖူးနှစ်သစ်ကူး (စားတည်းငြိမ်း)(၃)ညအိပ်(၄)ရက် 55000 ခရီးစဉ်အားလုံး(၁၂.၄.၂၀၁၆)ထွက်မည်။

တောင်ကြီး၊အင်းလေး၊ပင်းတယ၊ကုံလုံ၊မွေတော်ကက္ကူ၊ထမ်ဆမ်း၊လွိုင်ကော်၊တောင်ကွဲစေတီ၊ ကန်ခုနှစ်ဆင့်၊ထီးပွင့်ကံ၊မြင်းမထိဂူဘုရားစုံဖူး(စားတည်းငြိမ်း)(၄)ညအိပ်(၅)ရက် 70000

ကျိုက်(၅)ကျိုက်(ကျိုက်ထီးဆောင်း၊ကျိုက်သလ္လံ၊ကျိုက်ပေါလောမှဲ့ရှင်၊ကျိုက်မရော၊ကျိုက္ကမီ)စက်စဲ ဝင်းစိန်တောရဦးခန္တီဦးဇိနန္ဒာ၊လပို့တောင်၊ဇင်းကျိုက်ရေတံခွန်၊သထုံရွှေစာရံ၊အလံတရာ ဘုရား၊လမ်းဘုရားစုံဖူး၊တည်းခိုခန်း(၁)ညအိပ်(၂)ရက်၊ဆိုင်ထမင်း(၃)နပ်ကျွေး 40000

Ph:09425334456,0949323965,0949578205

သင့် ကားတွင်း သိပ်ပူနေသလား

စိန့် ခေါ်တဲ့ အယ်လ်နီညိုကို တိမ် ပေါ်မှာ အနိုင်ယူလိုက်တဲ့

ဝိုးပူးအောင် ကားလေအေးစက်ပြုပြင်ရေးဆီသွား...

အန္တာတိကမှာ ရေခဲခွဲသဘော်ထဲ သင့် ကားရောက်နေသလား...

ခံ စားသွားရမယ်။

★ ဝန်ဆောင်မှု စိတ်ကြိုက် ဖြစ်စေရမည် ★

တိရစ္ဆာန်ရုံ (ကျောက်တိုင်) မီးပွိုင့်၊ စွမ်းအားမြင့်ဝင်း၊ ဖဆပလ၊ မင်္ဂလာတောင်ညွန့်

၀၉ ၂၅၄၄၁၀၂၃၇၊ ၀၉ ၇၃၀၀၅၆၁၇၊ ၀၉ ၇၈၀၀၂၄၀၇၊ Hot Line: ၀၉ ၂၅၄၂၅၅၂၈၂

ကိုဝင်းနိုင် **ဒေါင်းမင်း** 09-425355758,255913926,252990976

- အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း၊ မန္တလေး(၃)ရက်။ ပြင်ဦးလွင်ပါ(၅)ရက်။
- မန်းရွှေစက်တော်၊ မင်းဘူး၊ မကွေး၊ ပြည် လမ်းဘုရားစုံ(၃)ရက်။ ပုဂံ-ညောင်ဦး၊ ပုပ္ပါးပါ(၅)ရက်။
- မန်းရွှေစက်တော်၊ အလောင်းတော်ကဿပ(၅)ရက်။ ပုဂံ-ညောင်ဦးပါ(၇)ရက်။
- မန်းရွှေစက်တော်၊ ရခိုင်၊ မြောက်ဦး၊ စစ်တွေ၊ ကျောက်တော်၊ ပေလဲ(၇)ရက်။
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ထမ့်ဓမ်၊ ကက္ကူ(၄)ရက်။ လွိုင်ကော်ပါ(၅)ရက်။
- မော်လမြိုင်၊ ကျိုက္ကမီ၊ စက်ခဲ(၃)ရက်။ ဆက်၍-ထားဝယ်၊ ရင်ကိုးရှင်၊ မောင်းမကန်(၆)ရက်။
- ထားဝယ် ရင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ မျောက်ရစ်၊ ကန်ချော်ပူရီ၊ မြဲဘုရား (၇)ရက်။
- အင်းတော်ကြီး၊ ရွှေမဉ္ဇူ၊ မြစ်ကြီးနား၊ မေခ-မလိခမြစ်ဆုံ၊ မိုးကောင်း၊ ရွှေဘို ဘုရားစုံ(၈)ရက်။
- မန္တလေး၊ ကျောက်စိမ်းဘုရား၊ စစ်ကိုင်း၊ ပြင်ဦးလွင်(၃)ရက် 45000/65000
- ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ၊ သီဟိုဠ်ရှင် (၃)ရက် 50000/70000

မဟာသင်္ကြန်ခရီးစဉ်များ ကြိုတင်လက်မှတ်ရောင်းပြီး ✦ ကားမျိုးစုံစီးလုံးငှားစီစဉ်ပေးသည်။

## အထူးကျေးဇူးတင်ရှိခြင်း

ဓမ္မရံသီဆရာတော် ဘဒ္ဒန္တသုနန္ဒဦးဆောင်သော ၉-၃-၂၀၁၆ရက် မှ ၂၃-၃-၂၀၁၆ ရက်ထိ ဗုဒ္ဓဂါယာတရားစခန်းနှင့် ဘုရားဖူးခရီးစဉ်တွင် အစစအရာရာလိုလေသေးမရှိ အဆင်ပြေပြေ ပြည့်စုံအောင် ဆောင်ရွက်ပေးပါသော သမီးလေး မေသူမောင် **"မေသူမောင် ဗုဒ္ဓဂါယာ ဘုရားဖူးပို့ဆောင်ရေးအဖွဲ့"** အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အသက်အရွယ်ကြီးရင့်သော သက်ကြီးရွယ်အိုများအနေဖြင့် ဗုဒ္ဓဂါယာဘုရားဖူးခရီးစဉ်များကို "မေသူမောင်ဗုဒ္ဓဂါယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့" နှင့် ဆက်သွယ်ဆောင်ရွက်ပါက ကိုယ်ရောစိတ်ပါ ချမ်းမြေ့စွာဖြင့် အဆင်ပြေစွာ သွားရောက်ဖူးမြော်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ကျေးဇူးတင်စွာဖြင့်

အန်တီဒေါ်သန်းသန်းအေး (တောင်ငူမြို့)

## ကျိုက်ဒေးယံ့ မဟာစည် အထူးတရားစခန်းပွဲ

သန်လျင်မြို့၊ စာတိုက်ကုန်းမဏ္ဍလာရာမကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်အထူးတရားစခန်းပွဲကို ဧပြီလ(၉)ရက်မှ (၁၉)ရက်အထိ မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သန်လျင်ကျိုက်ဒေးယံ့ဆရာတော်နှင့် မဟာစည်နာယကဆရာတော်ကြီးများ၊ ပဲခူးယ်ကုန်းဆရာတော်၊ အင်းတကော်ဆရာတော်၊ ကျိုက်မရောဆရာတော်၊ ငါးသိုင်းချောင်းဆရာတော်၊ ရွှေသန်လျင်ဆရာတော်တို့မှ သတိပဋ္ဌာန်တရားတော်တို့ကို ဟောကြားမည်ဖြစ်သည်။ ဧပြီလ ၉ ရက်နေ့ ညနေ (၅)နာရီအရောက် ကြွရောက်၍ ယောဂီများနှင့် ဒုလ္လဘရဟန်း၊ ရှင်သာမဏေ၊ သီလရှင်များ တရားအားထုတ်နိုင်ပါကြောင်းနှင့် ရိပ်သာ ဖုန်း ၀၉-၅၀၃၇၇၃၄ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

နိုင်ငံတော်အစိုးရ၏ ကုန်သွယ်လုပ်ငန်းခွန်

မိုဘိုင်းဖုန်းဝန်ဆောင်မှုသုံးစွဲသူများသည်
ကုန်သွယ်လုပ်ငန်းခွန်
၅% ပေးဆောင်ရမည်ဖြစ်ပါသည်။

၂၀၁၆ ဧပြီလ (၁)ရက်နေ့မှစတင်၍မိုဘိုင်းဖုန်းဝန်ဆောင်မှု သုံးစွဲသူများအားလုံးသည်
၂၀၁၆ ခုနှစ် ပြည်ထောင်စုအခွန်ဥပဒေနှင့်အညီကုန်သွယ်လုပ်ငန်းခွန်
၅ ရာခိုင်နှုန်း ပေးဆောင်ရမည် ဖြစ်ပါသည်။

MPT ooredoo telenor




## အမည်ပြောင်း

အမိ ဒေါ်အေးအေးဝင်း၏သားဖြစ်သူ အထက(၃)ပဲခူး၊ Grade-9 တွင် ပညာသင်ကြားနေသော မောင်လူထက်ခေါင် အား မောင်ရဲနန္ဒကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ရဲနန္ဒကျော်

## ကားရောင်းမည်

Rosa (26) ယောက်စီး Civilian (29) ယောက်စီး Bgo လိုင်စင်။

## အိမ်/ခြံရောင်း/ငှားမည်

ငှား-ခရေပင်လမ်းခွဲအိမ်၊ ငှား-ထောက်ကြန့် တိုးဂိတ်အနီး မြေသီးသန့်၊ ရောင်း-ပဲခူးယ်ကုန်းမြို့၊ ရန်ကုန်ဘက် အထွက် မြေသီးသန့်။

ဖုန်း-၀၉-၄၂၈၁၈၁၀၊ ၀၉-၅၅၀၄၁၁၇

## လူနေဆိုင်ခန်း အမြန်ရောင်းမည်

သုဝဏ္ဏလမ်းဆုံ၊ သံသုမာလမ်းမပေါ်
၃-ခန်းတွဲမှ ထောင့်ခန်း
ထပ်ခိုးတစ်ဝက်ပါ
ပေ (၁၇ ပေခွဲ × ၃၅ ပေ)
သင့်တော်သည့်ဈေးဖြင့်ညှိနှိုင်းရောင်းမည်
ဖုန်း - ၀၉ ၇၉၇၀၉၉၉၃၅
၀၉ ၄၅၃၀၆၄၈၆၀

## ကွန်ဒိုငှားမည်

Grand Nawaday Condo

ဒဂုံ(၁)ကျောင်း 2050Sf, 2MB, 1BR, 5AC, Fully Furnished, Lift, Car parking

**Ph: 09-5162238**

## အိမ်ခြံမြေရောင်းရန်ရှိသည်

ရေဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ တာကလေးရပ်ကွက်၊ သော်တာအေးသီရိစန္ဒာ (၃)လမ်းဘေးရှိ အလျားပေ၂၀၊ အနံ ၆၅ပေ မြေကွက်နှင့် သွပ်မိုး၊ ပျဉ်ထောင်အိမ်၊ ရေမီးအစုံ(၂)ထပ် ပိုင်ရှင်ကိုယ်တိုင်နေသည်။ ကျပ်(၉၅)သိန်းတိတိ

ဒေါ်ခေါင်နော

ဖုန်း-၀၉-၃၆၁၄၄၈၅၅၊ ၀၉-၂၆၁၅၄၅၆၄၇


MPT
Moving Myanmar Forward
လိုတရ
Portal ကို
မြန်မာနိုင်ငံတစ်ဝန်းလုံးအတွက်
ဖွင့်လှစ်လိုက်ပါပြီ
နိုင်ငံခြားသွားဖို့လား?
အမ်ပီတီရဲ့လိုတရပေါ်တယ်မှ သင့်ရဲ့ဘတ်ဂျတ်ကိုကူညီစီမံနိုင်ရန်
ငွေကြေး ၃၈ မျိုးပါဝင်သော နိုင်ငံခြားငွေလဲနှုန်းသတင်းတွေကို
အခမဲ့ စီစဉ်ပေးနေပါပြီ
အမ်ပီတီရဲ့ လိုတရပေါ်တယ်မှာ
မိုးလေဝသသတင်းတွေကို အခမဲ့ရယူပြီး
ရာသီဥတုဒဏ်ကို ကာကွယ်ရှောင်ရှားနိုင်ပါတယ်
ခေတ်မီတဲ့နောက်ဆုံးပေါ် ဖက်ရှင်တွေနဲ့ အတူရှိနေခြင်းဟာ
လူတွေကြားထဲမှာ ကျွန်မကိုထင်ပေါ်စေတယ်လေ
ဖုန်းနဲ့ရရှိထားသော နောက်ဆုံးရစီးပွားရေးသတင်းတွေက
ကျွန်တော်ရဲ့ လုပ်ငန်းတွေကို
အကောင်းဆုံးလုပ်နိုင်တဲ့ ယုံကြည်မှုတွေရရှိလာစေတယ်
ဂိုးးးးး ! သင့်ရဲ့ဖုန်းဖြင့်
အားကစားသတင်းတွေကို
ဦးဆုံးတိုက်ရိုက်ရယူသိရှိနိုင်ပါပြီ
ဖျော်ဖြေရေးသတင်းတွေနဲ့
ဟာသအစီအစဉ်တွေကို ဝင်ရောက်ကြည့်ရှုခြင်းက
ကျွန်မရဲ့နေ့ရက်တွေကို ပြုံးပျော်စေပါတယ်
lotayamm.com
MORE
85% 17:53
လိုတရ
35
ရန်ကုန်
1,219.00 Ks/$
အခမဲ့ ဝန်ဆောင်မှုများ
News
Back
Home
Bookmarks
Tabs
အနာဂတ်က မသေချာမှုတွေနဲ့ ပြည့်နှက်နေပေမယ့်လည်း
ကျွန်မရဲ့နေ့ရက်အများဆုံးမှာ ဘာတွေပြုလုပ်ရမလဲဆိုတာ
ဇာတာခွင်မှာကြည့်ခြင်းအားဖြင့်သိနိုင်ပြီလေ
အောင်မြင်ကျော်ကြားစေမယ့် အကြောင်းအရာတွေကို သိချင်ပါသလား။
ခေတ်ရေစီးကြောင်းတစ်လျှောက် လူကြိုက်များသူတို့ရဲ့
ဘဝအကြောင်းတွေကို ရယူသိရှိနိုင်ပါတယ်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday


လျင်မြန်သက်သာ အကျယ်ပြန့်ဆုံး
ဖုန်းအားလုံးခေါ်ဆိုခ
၁မိနစ်
၂၃ကျပ်
အသက်သာဆုံး
Message နှုန်းထား
SMS
1SMS
၁၀ကျပ်
အမြန်ဆုံးအင်တာနက်
1MB
၆ကျပ်
3G
အကျယ်ပြန့်ဆုံး ကွန်ရက်
ကို ရယူရန်
"SWE" ဟု ရိုက်၍ 1 3 3 2 သို့
အခမဲ့ SMS ပေးပို့ပြီး ဝန်ဆောင်မှု ရယူနိုင်ပါသည်၊
CALL CENTER 106 (၂၄)နာရီအခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်၊
အသေးစိတ်သိရှိလိုပါက http://www.mpt.com.mm
https://facebook.com/mptofficialpage သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်၊
MPT
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရှေ့သို့လှမ်းချီ မြန်မာပြည်

## ဂုဏ်ယူဝမ်းမြောက်ခြင်း

စူပရင်းကုမ္ပဏီများအုပ်စု တွဲဖက်ဥက္ကဋ္ဌ ဒေါ်မြတ်သန္တာသည် Outstanding ASEAN Women Enterpreneur Award ရရှိသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။ ဆတက်ထမ်းပိုးတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

- Supreme Group of Companies
  - Supreme Enterprise Limited
  - Supreme Water Doctor Engineering Group
  - Supreme Trading Company Limited
  - Supreme Bio Tech Group
  - Khit Thit Myanmar Co-Operative Society Limited
  - Primus Construction & Development Company Limited

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

တစ်ဦးတည်းသော ချစ်သားလေး **မောင်ညီဝင့်ထယ်** (ခေတ္တ စင်ကာပူ)၏ (၂၇-၃-၂၀၁၆) နေ့တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပညာပြည့်ဝ နလုံးလှ၍ သက်ရှည်ကျန်းမာ လိုအင်ဆန္ဒပြည့်ဝလျက်ထူးချွန် ထက်မြက်သော သားကောင်း ရတနာလေးဖြစ်ပါစေကြောင်းဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

**ဖေဖေဦးဆန်းထွန်းအောင် - ညီဝင့်ထယ်ရေနံချေးရောင်းဝယ်ရေး**
**မေမေဒေါ်တင်တင်ဝေ**

(၂၁)နှစ်တိုင်တိုင် ဂုဏ်ထူးရှင်များ ပေါ်ထွက်ခဲ့၊ ပေါ်ထွက်ဆဲ၊ ပေါ်ထွက်နေဦးမည့် အောင်မြေ
**ဆရာဦးထူးအောင်** တည်ထောင်အုပ်ချုပ်၍ **သမီး ဒေါ်ခင်ဦးသာ B.E** ဦးစီးသင်ကြားသည့်
**မြမြင့်မိုရ်** (Since-1994) ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ဘော်ဒါ
**၅၊၆၊၇၊၈၊၉၊၁၀တန်း( တက္ကသိုလ်ဝင်တန်း)** ခွင့်ပြုချက်အမှတ်(ကက-၁၃/၁၁/၂၃၀)
မြမြင့်မိုရ်ဘော်ဒါကျောင်းသားတို့ ၁၉၉၄-၉၇-၉၈၊နှစ်စဉ်-အောင်မြင်ထူးချွန်မှုများနှင့် ၂၀၁၆-စာမေးပွဲကြီးမေးခွန်းလွှာကို သက်သောင့်သက်သာဖြေဆိုနိုင်ကြခြင်း ဂုဏ်သတင်းသာမက တမဟုတ်ချင်းပြန့်ကာ နေရာစုံမှာ ကျယ်လောင်စွာမြည်ဟိန်းလာပြီး တိုက်တွန်းတောင်းဆိုမှုများ၊ ကြိုးတွားများပြားလာ၍၊ စနစ်သွင်းလေ့ကျင့်ခြင်းအပြင်... အဆင့်အတန်းမြင့်မြင့်မားမား၊ လေ့ကျင့်မှုအားကောင်းကောင်း၊ ကျောင်းနှင့်တူသော ဗိုင်း၊ ဗိုင်းနှင့်တူသောကျောင်း။ အားထားလောက်ဖွယ် သင်နည်းမှတ်စုများဖြင့် ပြီးပြည့်စုံစေရမည်၊ ထူးချွန်ရမည်၊ စိတ်ချ။
• ၆-ဘာသာ၊၅-ဘာသာ၊၄-ဘာသာ ဂုဏ်ထူးရှင်တွေ ထွက်ခဲ့တဲ့...ကျောင်း၊
• တန်းလုံးကျွတ်အောင်ပြီး ၇၅% ဂုဏ်ထူးထွက်တဲ့...ကျောင်း။
ကျောင်းတို့/ပို့ရှိသည်။ **ကျောင်းအပ်လက်ခံပြီ။**
ပါမောက္ခ(ငြိမ်း)များ၊ Ph.D,M.Sc,M.Ed,B.Com ဘွဲ့ရဆရာများ၊ သင်ကြားသည်၊
**၂၀၁၆-ဧပြီလ(၂၇)ရက်တွင်ကျောင်းဖွင့်မည်။ တန်းခွဲ(၁)ခုလျှင် (၁၅)ယောက်သာ**
အောင်မြင်ပြီး ကျောင်းသားဟောင်းများကို စစ်ဆေးပါ၊ ဘော်ဒါတည်ရာ ခြံကြီးဝင်းကျယ်များကို လေ့လာပါ။
မြေအမှတ်(၈၅-B)၊ ပတ္တမြားနှင်းဆီလမ်း၊ ရွှေပင်လုံအဆင့်မြင့်အိမ်ရာ၊ အပိုင်း(၃)၊ Rose Park-3၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့။ Ph:095160046
သစ္စာလမ်းမကြီး၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နှင့် ၁၀လမ်း၊ လမ်းမတော်မြို့နယ်။ Ph:09263832985

ISO 9001 : 2008 လက်မှတ်ရ
**သူခရူစ်**
ISO 9001 : 2008 Cert No : 603550
Quality Summit
ပြည်တွင်း-ပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုကုမ္ပဏီ၏
စင်ကာပူနိုင်ငံ ITE လက်မှတ်ရ **စက်မှုလက်မှုသင်တန်းကျောင်းမှ**
စင်ကာပူနိုင်ငံရှိ သင်္ဘောကျင်းများတွင် "Steel Worker"
အဖြစ်သွားရောက်လုပ်ကိုင်လိုသူများအား
**"အင်တာဗျူးအောင်မြင်စေရန်"**
အနီးကပ်(အမြန်သင်တန်း) ဖွင့်၍ လေ့ကျင့်ပေးနေပါပြီ။
**အမြန်စာရင်းသွင်းရန်**
ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး (၃၉-လမ်းထောင့်)၊ တိုက်အမှတ် (၅၀၆)၊ ကျောက်တံတားမြို့နယ်။
ဆက်သွယ်ရန်ဖုန်း - (၀၁) ၃၇၇ ၃၄၃ ၊ ၃၇၇ ၃၄၄ ၊ ၃၈ ၅၇ ၅၈ ၊ ၃၈ ၆၈ ၇၇ ၊ ၃၉ ၂၂ ၃၃

ဗိုက်ခြောလစ်/လေဝိအား/Fully Auto
**ထွန်းအရစ် အုတ်ရိုက်စက်**
ခေတ်မီပြေအုတ်ရိုက်စက် ရပြီ
(၆၇)၊ သံသုမာလမ်း၊ သုဝဏ္ဏသွားဆေးတက္ကသိုလ်အနီး။
09 420035882, 09 73199410
09 420035884, 09 73199257

Professor ဒေါက်တာယတြာလေဒီ
Ph.D( Tantra & Sastra )(Kol-India)
ရေ့ဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့။ ဘာဖြစ်နေလဲ။ ဘာဖြစ်ချင်လဲ။ ဘာလုပ်ပေးရမလဲ။ လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့ အတွက် ထိထိမိမိ ဓါတ်ရိုက်ဓါတ်ဆင် ယတြာဆောင်ရွက်လိုလျှင် ... 0950-10735, 0973-207174, 377990
အမှတ်(၆၆)၊ အခန်း(၄)၊ ဒု-ထပ်(အယ်)၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။



**သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ ဧပြီလ၊ ၉၊၁၀ (၆၁)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဧပြီလ (၉-၁၀)ရက်များတွင် ၆၁-ကြိမ်မြောက် ဦးရေ (၇၆၀၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း၊ စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း။ (ကျိုက္ကဆံစုပါဝင်၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စေမာသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## အထူးကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အဆင့်မြင့်မင်္ဂလာဈေးကြီး ဒုတိယအကြိမ် မီးလောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ကြရသော မြန်မာတိုင်းရင်းဆေးဆိုင်များအား လုပ်ငန်းအမြန်ဆုံး ပြန်လည်ထူထောင်နိုင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသော မြန်မာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်များအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် ထာဝရအမှတ်ရရှိနေမည် ဖြစ်ပါသည်။

(ဖုန်းဖြင့်မေးမြန်းကြသော မိတ်ဆွေအပေါင်းအားလည်း ကျေးဇူးတင်ရှိပါကြောင်း)

၁။ ဖြူစင်စံ(မြန်မာဆေးမျိုးစုံ-မင်္ဂလာဈေး)
၂။ မသင်းသင်း(မြန်မာဆေးမျိုးစုံ-မင်္ဂလာဈေး)
၃။ အာရောဂျံ(မြန်မာဆေးမျိုးစုံ-မင်္ဂလာဈေး)
၄။ ကိုသက်နိုင်(မြန်မာဆေးမျိုးစုံ-မင်္ဂလာဈေး)
၅။ ကိုညီညီ(**NEO** မြန်မာဆေးမျိုးစုံ-မင်္ဂလာဈေး)
၆။ ဆေးစက်(မြန်မာဆေးမျိုးစုံ-မင်္ဂလာဈေး)
၇။ အောင်(မြန်မာဆေးမျိုးစုံ-မင်္ဂလာဈေး)
၈။ ကိုစိုးဝင်း(မြန်မာဆေးမျိုးစုံ-မင်္ဂလာဈေး)

**Professional Mart**

( ဖွင့်ပြီ )

ကိတ်မုန့်၊ ပေါင်မုန့်အမျိုးမျိုးအတွက် San Neng တံဆိပ်ပုံစံခွက်များ၊ အခြားလုပ်ငန်းသုံးပစ္စည်းများနှင့် အောက်ခံစက္ကူခွက်ပုံစံအရွယ်အစားမျိုးစုံတို့ကို အောက်ပါနေရာတွင် ဝယ်ယူအားပေးနိုင်ပါပြီ။

အမှတ် (၈၃)၊ ကိုင်းတန်းလမ်း၊ လမ်းမတော်မြို့နယ်။

Ph : 09-787992996, 09-963389966

E-mail : enquiry.globalsupply@gmail.com

ဤကြော်ငြာစာရွက်ယူပြီး လာရောက်ဝယ်ယူပါလျှင် 2% Discount လျှော့ပေးပါမည်။




### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်-ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၁၅၆၉)၊ ဧရိယာ(၀. ၁၄၆)ဧက၊ ဦးအောင်ကျော်ဦး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်-၂၉/၂၀၁၆ (၂၂-၂-၂၀၁၆)တင်ပြ၍ ဒေါ်နန်းရဲန်နွန်း(ခ)ဒေါ်မိုးမိုးလှိုင်[၁၃/မဖန(နိုင်)၀၁၀၀၇၆] အဖအမည် ဦးစိုင်းဆောင်မှ မြေငှားစာချုပ် အမည်ပြောင်းလျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### ဂိုတ်ရောင်းရန်ရှိသည်

အောင်မင်္ဂလာအဝေးပြေး၊ JJကားဂိတ်အနီး။

**Ph:09-5084215, 01-401220**

(ညှိနှိုင်းဈေး)

### ဟိုတယ်ငှားရန်ရှိသည်

ရန်ကုန်အနောက်ပိုင်းခရိုင်၊ မရမ်းကုန်းမြို့နယ်၊ (၆)ထပ် တိုက်၊ အခန်း(၅၂)ခန်း၊ OFFICE နှင့် FUNCTION HALL ပါဝင်သည့် အဆောက်အအုံအား ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန်အတွက် ငှားရန်ရှိပါသည်။ ဟိုတယ်လိုင်စင် ခွင့်ပြုမိန့်ကျပြီးဖြစ်ပါသည်။

စုံစမ်းရန် ဖုန်း-၀၉-၂၆၁၉၀၀၂၀၂

## ကြော်ငြာ

### မွေးနေ့မင်္ဂလာ ဆုမွန်လွှာ

(၂၇-၃-၂၀၁၆)

အနန္တဂိုဏ်းဝင်ကျေးဇူးရှင် **ဆရာကြီး ဂုဏ်ထူးဦးသိန်းနိုင်** ၏ "အသက် ၈၀ ပြည့်" မွေးနေ့မှသည် အသက်ရာကျော်သည့်တိုင် ဆရာချစ်တဲ့ "မြန်မာစာ" နှင့် "အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ" အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေ။ ဆရာဖြည့်လိုသောဆန္ဒဖြစ်သည့် နိဗ္ဗာန်မင်္ဂဖိုလ် မရမီကာလ ဘဝထိုထိုမှာ "မြတ်သောဆရာဘဝ" သာ အဖန်ဖန်ရရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည် ခင်ဗျား။

ချစ်ခင်လေးစားရိုသေစွာဖြင့်
တပည့်ကြီး မောင်ထွန်းနွယ် (သမိုင်းတံခွန်)
+ ခေးခေး (ပညာနန်းတော်)

### (၃၆)နှစ်မြောက်မင်္ဂလာဆုတောင်း

ဖေဖေ ဦးမြစိန် (လက်ထောက်စက်ရုံမှူး-ငြိမ်း၊ အထူးဆေးဝါး)နှင့် မေမေ ဒေါ်အေးအေးမြင့် (မန်နေဂျာ-ငြိမ်း၊ B.P.I)တို့၏ ၂၇-၃-၂၀၁၆ ရက်နေ့တွင် ကျရောက်သော မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတု တိုင်အောင် မိသားစုနှင့်အတူ သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် တရားထူး၊ တရားမြတ်တို့ကို ကျင့်ကြံအားထုတ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

| | | |
|---|---|---|
| သမီး | - | မြတ်ကိုကို(**B.P.I**)-မြသူဇာမြင့် (**B.P.I**) |
| သား | - | ထက်ဇာနည်ဟိန်း (**SKY NET**) (**Channel - 9**) |
| | | နန္ဒာလင်း (**O.Z.O Fashion & Design**) |
| မြေးများ | - | စိမ့်သူသူကို [အထက(၂)စမ်းချောင်း] |
| | | ကောင်းမြတ်သူကို (အမက-၁၇၊ မရမ်းကုန်း) |
| | | ကျော်ဇင်ထက် (အမက-၄၄၊ အင်းစိန်) |

မွေး သက္ကရာဇ် အမှန် — မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကွင်းရပ် ရပ်ကွက်၊ ကျောက်မီးသွေးရုံလမ်း ဦးမြင့်ဦး (စည်ပင်ဝန်ထမ်း) နိုင်ငံသားမှတ်ပုံတင်အမှတ် [၁၀/မလမ(နိုင်)၀၇၉၆၅၁]၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၇-၁၉၆၁ဖြစ်ကြောင်း။




လူထု
သံပန်း၊ သံတံခါး၊
လိပ်တံခါး၊
အလူမီနီယံ
စတီးလုပ်ငန်း
ဖုန်း-09-5008411, 09-5031107,
09-5028986

အထူးအစီအစဉ် Special Discount
ဒဏ္ဍာရီ
ဆံပင်ဖြောင့် + ပေါင်းတင်
+ မျက်နှာပေါင်းတင်
အထူးဆံပင်ဖြောင့်ဆိုင်
အထူးနှုန်း 15000 ks.






## အထူးကျေးဇူးတင်ရှိခြင်း
## ဗိုလ်မှူးချုပ်ဝင်းမြင့်
## အသက်(၅၆)နှစ်
### ကြည်း-၁၈၃၆၉၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၆)

၂၀-၃-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားသော ဗိုလ်မှူးချုပ်ဝင်းမြင့်၏ နာရေးကိစ္စတွင် အဘက်ဘက်မှ လိုအပ်ချက်မရှိ ကူညီပံ့ပိုးပေးခဲ့ကြပါသော နိုင်ငံတော်သမ္မတရုံး၊ အစိုးရအဖွဲ့ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများအားလည်းကောင်း၊ လုပ်ငန်းရှင်များအားလည်းကောင်း၊ ပြည်တွင်း/ပြည်ပမှ လူကိုယ်တိုင် လာရောက်သတင်းမေးမြန်းအားပေးနှစ်သိမ့်ကြပါသော အဖွဲ့အစည်းများ/ဆွေမျိုးသင်္ဂဟများအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေ/လွမ်းသူ့ပန်းခြင်းများ ပေးပို့ကြသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအားလည်းကောင်း၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း အခြားနည်းများဖြင့် ဆက်သွယ်မေးမြန်းအားပေးကြသူများအားလည်းကောင်း၊ အစစအရာရာ ကူညီလုပ်ကိုင်ပေးကြသူများအားလည်းကောင်း၊ နာရေးသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း ရင်တွင်းမှ မှတ်တမ်းတင်အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီး ဒေါ်ကေသီဘုန်းနိုင်
### တပ်မတော်ဆေးတက္ကသိုလ်
## အသက်(၅၄)နှစ်

အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) တပ်မှူး ဗိုလ်မှူးချုပ်စောလွင်၏ဇနီး တပ်မတော်ဆေးတက္ကသိုလ် (ဆေးပညာသင်ကြားရေးဌာန) ပါမောက္ခ/ဌာနမှူး ဒုတိယဗိုလ်မှူးကြီး ဒေါ်ကေသီဘုန်းနိုင်သည် ၂၂-၃-၂၀၁၆ (အင်္ဂါနေ့) ည ၁၁း၀၃ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်မှူးခင်မောင်ထွန်း (အထွေထွေမန်နေဂျာ-စက်မှုဝန်ကြီးဌာန)**
**ဒေါ်ဝင်းဝင်းမြင့် မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသိန်းမောင်(မန္တလေး)
## အသက်(၉၄)နှစ်

ဒေါ်ချိုချို(Eco.75)နှင့် ဦးခင်မောင်မိုး (SHWE-BANK) (Eco-75) တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးသိန်းမောင်သည် ၂၂-၃-၂၀၁၆(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Eco[1971-75] သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရီ(ဖားကူး/သန်လျင်)
## အသက်(၈၈)နှစ်

ဦးအောင်ခင်(MD, Oriental Aspiration Co., Ltd)၊ ဒေါ်ခင်ရွှေစင်ဦး (MD, Advanced Generation Co., Ltd)တို့၏ ချစ်လှစွာသော မိခင်ဒေါ်ရီသည် ၆-၃-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၃-ဘူမိဗေဒဘွဲ့ရ သူငယ်ချင်းများ**
**ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်သိန်း(ကသာ)
## အသက်(၈၄)နှစ်

ဒေါက်တာမြစိုးနွယ် (ခေတ္တ-စင်ကာပူ)၏မိခင် ဒေါ်ခင်သိန်းသည် ၂၃-၃-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၅ အင်းလေးခေါင်တိုင်လူရည်ချွန်စခန်းမှ သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းနိုင်(အင်းစိန်)
## အသက်(၆၅)နှစ်

ဒေါ်တင်တင်ဌေး(Nice ရေခဲမုန့်)၏ ချစ်လှစွာသောခင်ပွန်း ဦးဝင်းနိုင် (Eco-75)သည် ၂၃-၃-၂၀၁၆(ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ချစ်သူငယ်ချင်း ကောင်းရာဘုံဘဝရောက်ပါစေ။

**Eco[1971-75] သူငယ်ချင်းများ**

---

### ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးအေးမြင့်(ခ)စိုင်းအေးမြင့်(CDC-5107) (၆၉)နှစ်
### Woo & Ho Marine Co., Ltd

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်းနေ (ဦးကံအေး- ဒေါ်ရှမ်းမ)တို့၏သား၊ တောင်ဥက္ကလာပမြို့ နယ်နေ (ဦးချစ်လှိုင်-ဒေါ်ခင်မုန်း)တို့၏ သားသမက်၊ စမ်းချောင်းမြို့နယ်နေ (ဦးဝင်းဖေ)-ဒေါ်ထားရီ၊ ဦးတင်မြင့်-ဒေါ်ကြည်ကြည်မြတို့၏ညီ/မောင်၊ ဦးညွန့်ဝင်း-ဒေါ်ခင်လှလှ၊ ဦးစိန်အောင်ထွန်း-ဒေါ်ယဉ်ယဉ်ထွန်း၊ (ဦးမြင့်လွင်)တို့၏အစ်ကို၊ ဦးဟန်စိန်-ဒေါ်နွယ်နွယ်ထွန်းတို့၏ မွေးသဖခင်၊ မောင်ထက်အောင်ရှိုင်း၊ မဆုရည်ထက်တို့၏အဘိုး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၇)ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၁၁၆၉)နေ ဒေါ်ယင်းမာလှိုင် (ယင်းမာစတိုး)၏ချစ်လှစွာသောခင်ပွန်းသည် ၂၆-၃-၂၀၁၆(စနေနေ့) နံနက် ၀၀း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၁၆(သောကြာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီး ဒေါ်ကေသီဘုန်းနိုင် (၅၄)နှစ်
### တပ်မတော်ဆေးတက္ကသိုလ်

အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)တပ်မှူး၊ ဗိုလ်မှူးချုပ်စောလွင်၏ဇနီး တပ်မတော်ဆေးတက္ကသိုလ်(ဆေးပညာသင်ကြားရေးဌာန) ပါမောက္ခ/ဌာနမှူး ဒုတိယဗိုလ်မှူးကြီး ဒေါ်ကေသီဘုန်းနိုင်သည် ၂၂-၃-၂၀၁၆ရက်(အင်္ဂါနေ့)ည ၁၁း၀၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြတ်ကိုနှင့် ဇနီး ဒေါ်စေရီခိုင်**
**ဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**
**(သမီး) မသရဖီခိုင်ဇာ**
**(သား) ဒေါက်တာမျိုးထက်အေး-(သမီး)ဒေါက်တာသပြေခိုင်ဇာ**
**(သား) ဗိုလ်ကြီးသုတ-(သမီး)ဒေါက်တာအိနှင်းဖြူ**
**(မြေး) မသုဟေဇင်**

---

## အနိစ္စ

## ဒေါ်ခင်သန့် (၈၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ ဂုံညင်းတန်းကျေးရွာနေ (ဦးကျော်သိန်း-ဒေါ်ငွေ) တို့၏ သမီးကြီး၊ ဆရာကြီး ဦးကြင်ရှိန်-ဒေါ်ချယ်ရီတို့၏သမီးချွေးမ၊ ဆရာ (ဦးထွန်းလင်း)၏ဇနီးသည် ၂၆-၃-၂၀၁၆ (စနေနေ့) နံနက် ၇း၁၃ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးချစ်ကြည် (၅၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၂၁)ရပ်ကွက်၊ သိမ်ချောင်းလမ်း၊ အမှတ်(၁၁၆၆)နေ [ဦးချစ်သိန်း-ဒေါ်လှကြည် (တောင်စုကျေးရွာ၊ ပဲခူးတိုင်း)]တို့၏ သား၊ (ဦးဝင်းရှိန်)-ဒေါ်ခင်စိန်တို့၏သားသမက်၊ ဒေါ်နီနီရှိန်၏ခင်ပွန်း၊ ဦးဇော်ဇော်ချစ်-ဒေါ်ခိုင်ခင်ထွန်း၊ ကိုအောင်အောင်သစ်တို့၏ဖခင်၊ မအိမ့်မြတ်မြတ်ချစ်၏အဘိုးသည် ၂၆-၃-၂၀၁၆ (စနေနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ကျိစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၁၆ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းစန်းကြည်(ခ)
## ဒေါ်မို့မို့ (၅၅)နှစ်
### ကုန်သွယ်လယ်ယာ(ရန်ကုန်တိုင်း-ငြိမ်း)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ အေးလမ်း၊ အမှတ် (၂၆/ခ)နေ (ဦးလှမောင်-ဒေါ်မြရီ)တို့၏ ဒုတိယသမီး၊ ဦးမြင့်သိန်း-ဒေါ်စန်းစန်းရီတို့၏ညီမ၊ ဦးဆန်နီ-ဒေါ်အေးအေးကြည်၊ မမြင့်မြင့်အေးတို့၏ အစ်မ၊ တူ/တူမသုံးယောက်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၂၅-၃-၂၀၁၆ (သောကြာနေ့) ညနေ ၆း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၃-၂၀၁၆(ကြာသပတေးနေ့) တွင် ရက် လည်ဆွမ်းကျွေးတရားတော်နာကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## အဇီးဇွလ်ရာမာန်(ခ)
## ဦးအောင်သူ (၅၅)နှစ်

ရန်ကုန်မြို့၊ အမှတ် (၅၉)၊ (၂၇)လမ်း၊ ပန်းဘဲတန်းမြို့နယ်နှင့် အမှတ် (၄၇)၊ (၁၃၀)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ [ဟာဂျီအဗ္ဗဒူလ်အဇီးဇ်(ခ)ဟာဂျီဦးဘသော်]-ဟာဂျီမသာရားဘီ(ခ)ဟာဂျီမဒေါ်လှကြည်တို့၏သားလတ်၊ ဒေါ်နှင်းနှင်းမြတ်၏ခင်ပွန်းသည် ၂၃-၃-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၂း၂၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့အစ္စရ်မတိုင်မီတွင် ရေဝေးစွန္နီကဗာရ်စတာန်ဥယျာဉ်တော်၌ ဒါဖွနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

---

## ဦးအောင်ရှင် (ဗဟိုစည်)
## အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ အမှတ်(၈၉၉)၊ (၅၃)ရပ်ကွက်၊ သုခမြိုင်လမ်းနေ (ဒေါ်အုံးကြည်)၏ခင်ပွန်း၊ (ဦးစိန်ဝင်း)၊ ဦးစိန်မင်း-ဒေါ်သန်းသန်းဝေ၊ ဦးစံခင်-ဒေါ်တရုတ်မ၊ ဦးစိန်အေး-ဒေါ်ဆင့်၊ (ဦးစိန်ကို)-ဒေါ်တင်တင်ချို၊ ဦးစိန်ဌေး-မသန္တာလင်း၊ ဦးတင်ဇော်-မဘုတ်ဘုတ်၊ ဦးအောင်စိုးသိန်း-မထွေးစိန်တို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၂၅-၃-၂၀၁၆ (သောကြာနေ့) ည ၉း၃၀ နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် အထက်ပါနေအိမ်မှ တောင်ဒဂုံမြို့နယ် ကျိစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်ကြည်ကြည်(အလုံ)
## အသက်(၈၁)နှစ်
### မြန်မာ့အထည်အလိပ်လုပ်ငန်း ရုံးချုပ်(ရန်ကုန်)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ စပါယ်လမ်း၊ အမှတ်(၃၄)နေ (ဦးအောင်စိန်-ဒေါ်သန်းတင်)တို့၏ သမီးကြီး၊ ဦးညွန့် (စာတိုက်)၊ ဒေါ်ရီရီ၊ ဒေါ်တင်တင်ဌေး၊ ဦးမျိုးမြတ်(ဖိုးသံချောင်း)တို့၏အစ်မ၊ (ကျော်မိုးနိုင်)-မလှိုင်လှိုင်ဦး (ကျော်မိုးနိုင်-အိတ်ချုပ်လုပ်ငန်း)၊ ကိုညီညီအောင်၊ ကိုတင့်လွင်မောင်-မသူဇာလှိုင်၊ ကိုတင်ဝင်းလှိုင်၊ ကိုစိုးသီဟလှိုင်တို့၏ အဒေါ်သည် ၂၆-၃-၂၀၁၆ (စနေနေ့) နံနက် ၁၀း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၆ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးတင်ဝင်း(ပျဉ်ပုံကြီး)
### B.E (Mechanical)
## အသက် (၆၇)နှစ်

ပျဉ်ပုံကြီးနေ (ဦးအေးမောင်-ဒေါ်သင်းပု)တို့၏သား၊ ပျဉ်ပုံကြီးနေ ဒေါ်လှကြည်၊ ဒေါ်စီ၊ ဒေါ်ချိုတို့၏မောင်၊ ဒေါ်အေးသိန်း၊ ကိုစိန်လွင်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ခေမာသီရိပ်သာ၊ ခေမာသီလမ်းသွယ် (၃)၊ အမှတ်(၆၃)နေ ဒေါက်တာခင်မာမာ၏ ခင်ပွန်း၊ Robert Win (အမေရိကန် ဆေးကျောင်း၊ နောက်ဆုံးနှစ်)၏ဖခင် ဦးတင်ဝင်းသည် ၂၆-၃-၂၀၁၆ရက် နံနက် ၁၂း၁၅ နာရီတွင် အမေရိကန် NewYork ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်းနှင့် NewYork မြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးနီးနေ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းအားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးအေးချို (၅၉)နှစ်
### ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူး ရန်ကုန်အရှေ့ပိုင်း သူနာပြုသင်တန်းကျောင်း

ချောင်းဆုံမြို့နယ်၊ မုရစ်ကြီးကျေးရွာ အရှေ့ပိုင်း၊ ဘီလူးကျွန်းနေ (ဦးအောင်တင်-ဒေါ်လုံး)တို့၏ သမီးလတ်၊ (ဦးတင်လှ)၊ ဒေါ်ဓမ္မစာရီတို့၏ညီမ၊ ဒေါ်သန်းသန်းချို၊ ဦးသစ်လွင်၊ ဦးစိန်ဝင်း၊ ဒေါ်မြင့်မြင့်စမ်း၊ ဦးလှစိုး (တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ)၊ ဦးသန်းညွန့်တို့၏ အစ်မ၊ ဒေါ်သူဇာဟိန်း-ဦးကျော်ဇေယျာမင်း၊ မင်းကျော်ဇင်လင်း-မသီတာသိန်း၊ မကေခိုင်မင်းတို့၏ မွေးသမိခင်သည် ၂၆-၃-၂၀၁၆ (စနေနေ့) ညနေ ၆း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
## ဦးလှမောင်(ခ)ဦးတိုက်မောင်
## အသက်(၉၁)နှစ်
### လွှတ်လပ်ရေးမော်ကွန်းဝင်(တတိယဆင့်) (PPE-ငြိမ်း)
### အောင်လံမြို့

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ်(၁၃)၊ ဦးဖိုးမင်းလမ်းနေ (ဦးမြသဲ-ဒေါ်မမကြီး)တို့၏သား၊ (ဦးဖိုးငွေ-ဒေါ်သိန်းခင်)တို့၏ သားသမက်၊ (ဒေါ်တင်မြိုင်)၏ခင်ပွန်း၊ (ဦးတိုက်ကြည်-ဒေါ်အုန်းကြည်)တို့၏ညီ၊ (ဒေါ်တင်တင်ဝေ)၊ ဦးစန်းလွင်-ဒေါ်မေမီမင်းကျော်၊ ဒေါ်ကြည်ကြည်အေး(ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန-ငြိမ်း)၊ ဦးသန်းအောင်-ဒေါ်တင်မျိုးထွေး (အထပြ-ငြိမ်း)၊ (ဦးသန်းဌေးအုန်း)-ဒေါ်ဆွေဆွေဟန် (PPE-ငြိမ်း)တို့၏မွေးသဖခင်၊ ဦးသန်းထူးကြည်-ဒေါ်သန်းသန်းနုတို့၏ဦးလေး၊ ဦးမြတ်မင်းဦး-ဒေါ်ငြိမ်းငြိမ်းအိ၊ ဦးမျိုးမင်း(MEC)-ဒေါ်တင်ဇာလွင်(PPE)၊ ဦးကျော်ဇင်ထူး-ဒေါ်စောယင်းမာလင်း၊ မဖြူနှင်းအိ၊ မောင်စည်သူဟန်၊ မအေးသီရိမြင့်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၂၅-၃-၂၀၁၆ (သောကြာနေ့) ညနေ ၅း၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၃-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးကျော်ဝင်း(သုံးခွ) (၇၅)နှစ်
### လေ-၁၂၀၂၂
### ဆေးဘက်ဌာန(မင်္ဂလာဒုံ)နှင့် မြန်မာ့သက်သွယ်ရေး(ငြိမ်း)

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နေ [ဦးခင်မောင် (ကျန်းမာရေး၊ အင်စပတ်တော်-ငြိမ်း)-ဒေါ်သိန်းကြွယ်]တို့၏ သားကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်နေ (ဦးဘသီ-ဒေါ်စော)တို့၏ သားသမက်၊ အမှတ်(၃၂၃/က)၊ (၆)လမ်း၊ အင်းစိန်မြို့နယ်နေ ဒေါ်နွဲ့နွဲ့ကြည် (ဟိုတယ်/ခရီး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ Captain ဌေးလှိုင်(Maersk-line)-ဒေါ်မြတ်သန္တာကျော်(ခ)ချောချောတို့၏ ချစ်လှစွာသောဖခင်၊ မဆုလင်းလင်းထက်(PISM)-မောင်အောင်မြတ်(PISM)တို့၏အဘိုး၊ [ဦးသန်းမြင့် (B.A-Eco)(လေ-၁၆၁၀၉-ငြိမ်း)]-ဒေါ်အေးမြင့်(ခ)သုံးခွမမိုးရီ(အလပြ-ငြိမ်း၊ ထ-၂၊ သာကေတ) [ဦးသန်းဝင်း B.E(Civil) (တိုင်းဆောက်-၁၁)]-ဒေါ်ရင်မြင့် (ပျိုးခင်းသာ မူကြို)တို့၏ အစ်ကိုကြီး၊ တူ/တူမ ၁၉ယောက်တို့၏ ဘကြီး ဦးကျော်ဝင်းသည် ၂၄-၃-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၂း၄၅နာရီတွင် ဆာကူရာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၃- ၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးတင်ဝင်း
### B.E (Mechanical)
### အမေရိကန်နိုင်ငံ၊ နယူးယောက်
## အသက် (၆၇)နှစ်

အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့နေ ဒေါက်တာခင်မာမာ၏ခင်ပွန်း၊ Robert Win (NewYork ဆေးရုံ၊ ဆေးကျောင်းနောက်ဆုံးနှစ်)၏ မွေးသဖခင်သည် ၂၆ -၃-၂၀၁၆ရက် New York စံတော်ချိန် ည ၁၂း၁၅ နာရီ၊ မြန်မာစံတော်ချိန် နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါကြောင်း။ (နာရေးကို နယူးယောက်တွင် ပြုလုပ်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရှုရင်(ပန်းတနော်) အသက်(၁၀၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၁၄၀)၊ (၁၅)လမ်းနေ (ဦးထီးရန်-ဒေါ်ရီ)တို့၏သမီး၊ (ဦးလီခွန်လွန်-ဒေါ်ထော်ချိုင်)တို့၏ သမီးချွေးမ၊ [ဦးလီပွင့်စို(ခ)ဦးချစ်]၏ချစ်လှစွာသောဇနီး၊ ဒေါ်မြင့်မြင့်ဆွေ(USA)-ဦးမွန်မောင်အေး (USA)၊ Dr. ခင်ခင်ချို (UK)၊ Dr. စိန်ဝှက်(UK)၊ Lee Chaik Lwan (ခ)ဒေါ်မြတ်မြတ်မိုး(USA)-Tong Kya Chen(ခ)ဦးကြည်ဝင်း(USA)၊ (ဦးဌေးအောင်-B.Sc Maths)၊ Michael Lee (ခ)ဦးသိန်းစိုး (MD, Airborne Travels & Tours Co., Ltd)-Chu York Hwa(ခ)ဒေါ်ဝင်းဝင်းကြူ၊ Dr. အေးဝင်း (USA)-Dr.သင်းသင်း(USA)တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မတင်ငွေ၊ မမြမြဝင်းတို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေး၁၁ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွားသည် ၂၅-၃-၂၀၁၆(သောကြာနေ့) ည ၉း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၆(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [၃၁-၃-၂၀၁၆ (ကြာသပတေးနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြည်ကြည်(လပွတ္တာ) (၈၄)နှစ်

လပွတ္တာမြို့နေ (ဦးတင်မြင့်)၏ဇနီး ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ၊ မာလာနွယ်လမ်း-တိုက်အမှတ်(၇၅၇)၊ ပထမထပ်(ခေါင်းရင်းခန်း)နေ (ဦးဆန်းဝင်း)ဒေါ်ညိုညိုစမ်းတို့၏မွေးသမိခင်၊ မဝင်းမြတ်သူ (ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)-မောင်ကောင်းမြတ်သူတို့၏အဘွား ဒေါ်ကြည်ကြည်သည် ၂၅-၃-၂၀၁၆ (သောကြာနေ့) ည ၁၁း၄၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၃-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါတာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးဆောင်ပါ (၇၆)နှစ်
### (G.H.T Sawm Paw) (M.A, Philosophy)
### (လ/ထ ကထိက၊ ဗဟိုနိုင်ငံရေးတက္ကသိုလ်၊ မော်ကွန်းထိန်း-၂၊ ကလေးတက္ကသိုလ်-ငြိမ်း)

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဝေါင်မွာလ်ကျေးရွာနေ (ဦးဟင်နန်- ဒေါ်အွေခေါဥဏ်)တို့၏သား၊ (ဒေါ်လွင်အွေ့ခုပ်)၊ (ဒေါ်ဆွတ်ဒိမ်ကျင်း)တို့၏အစ်ကို၊ ဦးနန်းခင်းမုန်(ဦးစီးမှူး၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ပညာရေးဝန်ကြီးဌာန)၏ဦးလေး၊ မောင်နန်ခန့်မုန်(B.Sc, Bot)၊ မညောင်းဇတ္တဲ၊ မောင်လျှန်ခေါ်ခိုင်၊ မောင်ကျိန်ရှမ်းထန်တို့၏ဖခင်၊ ဒေါ်အွေဆောမ်းဇကျိန်(ဓာတ်ခွဲကျွမ်းကျင်-၂၊ ရုက္ခဗေဒဌာန၊ ကလေးတက္ကသိုလ်)၏ခင်ပွန်းသည် ၂၆-၃-၂၀၁၆ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးမြင့်ဆွေ(အလုံ) အသက်(၇၀)
### အင်ဂျင်နီယာ(ငြိမ်း)မြန်မာ့ရေလုပ်ငန်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောင်ဇေယျရိပ်မွန်၊ တိုက်(၁)၊ အခန်း(၁၀၉)နေ ဒေါ်ဝင်းမြင့်၏ခင်ပွန်း၊ ဒေါ်မာမာဝေ (ဦးစီးမှူး-ငြိမ်း၊ ကြည့်မြင်တိုင်သမဦးစီးဌာန)၏အစ်ကို၊ ကိုအောင်ဆွေဦး (C/E Lizster Shipping)-မမြတ်မြတ်မွန်၊ မနုနုဆွေ(အာရှတော်ဝင်ဆေးရုံ)၊ ကိုတင်ဝင်းဆွေ(EL Shipping)-မကြည်ကြည်မာတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၅-၃-၂၀၁၆(သောကြာနေ့) ည ၈း၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၃-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးသာဦး အသက်(၇၀)
### (ပါမောက္ခချုပ်-ငြိမ်း၊ ပင်လုံတက္ကသိုလ်)

ညောင်ရွှေမြို့၊ ကန်သာရပ်နေ (ဦးစိန်မင်း-ဒေါ်အေးတင်)တို့၏ သား၊ တောင်ကြီးမြို့၊ ကန်နော်ရပ်ကွက်၊ မြကန်သာလမ်း၊ အမှတ်(၅၇)နေ (ဒေါက်တာဦးရွှေအိုး-ဒေါ်သန်းကြည်)တို့၏သားသမက်၊ ဒေါ်ခင်မြမူ၏ခင်ပွန်းသည် ၂၅-၃-၂၀၁၆ (သောကြာနေ့) ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးဝတင့် (၆၈)နှစ်
### B.Sc (Physics) (၁၉၆၆-၆၉)ခုနှစ် (ကစလ) မြစ်ကြီးနားအသင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အောင်သပြေလမ်း၊ တိုက်အမှတ်(၃၉)၊ အခန်းအမှတ်(၁၀၁)နေ (ဦးကျော်-ဒေါ်ညွန့်ညွန့်ဝေ)တို့၏သား၊ ဒေါ်နွဲ့နွဲ့၏ခင်ပွန်း၊ ဦးဝေလင်းထွန်း-ဒေါ်နှင်းဥမ္မာ၊ ကေဇင်ယု (Forver Wedding Dress Photo Studio)၊ အေးချမ်းမွန် (ဂန္ထဝင် ဗိသုကာကုမ္ပဏီ) တို့၏မွေးသဖခင်၊ မောင်အောင်မင်းခန့်သူ (Grade-VII ၊ အထက-၁၊ ဒဂုံ)၏ အဘိုး၊ ဦးချစ်ရှိန်-ဒေါ်ခင်ဆွေသစ်၊ Dr.သန့်ဇင်-ဒေါ်ရတနာဝင်းတို့၏ မောင်/ညီ၊ ဦးမြင့်စိုး-ဒေါ်အေးအေးသန်းတို့၏အစ်ကို၊ တူ/တူမ ၁၀ယောက်တို့၏ဦးလေး ဦးဝတင့်သည် ၂၆-၃-၂၀၁၆(စနေနေ့) နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၆ (တနင်္လာနေ့) ညနေ ၄နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) ငြိမ်းချမ်းဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၁၆ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်နှင်းပို
### အင်းဝပွဲရုံ၊ ထားဝယ်မြို့
## အသက် (၈၂)နှစ်

ထားဝယ်မြို့၊ ဇရစ်ရပ်၊ ဈေးတောင်ဘက်လမ်း၊ အမှတ် (၁၃၂/က)နေ (ဦးအေးကျော်-ဒေါ်ထူးကျင်)တို့၏သမီး၊ ဦးစံဝင်း၏ဇနီး၊ (ဦးဘတင့်-ဒေါ်ခင်သိန်း)တို့၏ညီမ၊ ဦးဟန်စိန်-ဒေါ်ရှိန်၊ (ဦးစစ်စိန်-ဒေါ်သန်း)၊ (ဦးမြင့်စိုး)-ဒေါ်နှင်းစိန်၊ ဦးကိုလေး-ဒေါ်ခင်ရီ၊ ဦးအိုသိန်း၊ ဒေါ်သန်းမြင့်တို့၏ အစ်မ၊ ဦးကျော်မောင်-ဒေါ်စန်းမူ၊ ဦးအောင်ထွန်း-ဒေါ်သီတာတို့၏မွေးသမိခင်၊ ကိုဇေယျာအေး၊ မပပကျော်၊ ဗိုလ်မှူးဝဏ္ဏ၊ မယုယုကျော်၊ ကိုဇေယျာဝင်း၊ မဖြိုးဖြိုးကျော်၊ မနွေးနွေးစံ၊ မအိအိသော်၊ မပြည့်ပြည့်စံသာကျော်၊ မဝင့်ဝါရွှေရည်တို့၏အဘွား၊ မောင်လျှမ်းထက်ကျော်၊ မောင်ဘုန်းဇေယျာကျော်၊ မောင်ဘုန်းဝဏ္ဏ၊ မစန်းအိန္ဒြာဝင်းတို့၏ ဘွားဘွားကြီးသည် ၂၆-၃-၂၀၁၆(စနေနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၃-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထားဝယ်မြို့၊ ကညံ့ရပ်၊ သီတာလမ်း၊ အမှတ်(၂၅၉)နေအိမ်မှ ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

Hot Line No-0930500100

# ကန်တော်ကြီးရေကို ထိန်းသိမ်းကြပါ


သဘာဝက ဖန်တီးပေးထားသည့် ရန်ကုန်မြို့ရှိ ကန်တော်ကြီးကန်အား တွေ့ရစဉ်။ [ဓာတ်ပုံ - စောသိန်းဝင်း]

**ရန်ကုန် မတ် ၂၆**

မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကြီးကား နီးလာပြီဖြစ်သည်။ ရန်ကုန်မြို့တော်တစ်ခွင် ရေကစားမဏ္ဍပ်အသီးသီးတွင် ရေကစားကြမည့် လူငယ်လူရွယ်များကလည်း လှုပ်လှုပ်ရှားရှား ပြင်ဆင်နေကြပြီး တစ်ချိန်တည်းမှာပင် ကလေးငယ်တွေအတွက် ပလတ်စတစ် ရောင်စုံအရုပ် ရေကစားပစ္စည်းမျိုးစုံတို့ကလည်း ဈေးကွက်ထဲရောက်နေပြီ။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကလည်း ရေကစားမဏ္ဍပ်ဆောက်လုပ်ခွင့်၊ စည်ပင်ပိုင် ပိုက်လိုင်းကနေ ရေဆက်သွယ်ရယူခွင့်များကို စနစ်တကျစိစစ်ခွင့်ပြုနိုင်ဖို့ လျှောက်လွှာများ လက်ခံနေပြီဖြစ်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက နှစ်စဉ် မဟာသင်္ကြန်ကာလရောက်တိုင်း ကန်တော်ကြီးကန်ပတ်လမ်းတွင် ရေကစားမဏ္ဍပ်ကြီး၊ မဏ္ဍပ်လတ်၊ မဏ္ဍပ်ငယ်ပေါင်းများစွာကို စိစစ်ခွင့်ပြုကာ ကန်တော်ကြီးရေကို အသုံးပြုပြီး ရေကစားခွင့်ပြုခဲ့သည်။ ရေကစားမဏ္ဍပ်များရှိ ရေကစားကြသူ ကြီးကြီးငယ်ငယ်အားလုံးက ရေပိုက်ကြီး၊ ပိုက်ငယ်အသွယ်သွယ်ဖြင့် စိတ်ကြိုက်ရေကစားခဲ့ကြသည်။ အားကောင်းသော ရေတင်စက်ကြီးများဖြင့် ကန်တော်ကြီး ရေကိုစုပ်တင်ကာ သင်္ကြန်အကြို၊ အကျ၊ အကြတ်၊ အတက်နေ့တို့တွင် အစွမ်းကုန်ကစားခဲ့ကြသည်။ (အချို့ ရေကစားချိန်မဟုတ်သည့် နေ့ခင်းအချိန်များတွင်ပင် ရေပိုက်၊ ရေဘားများ ဖွင့်ထားခြင်းကြောင့် ရေများအလဟဿ စီးထွက်စီးဆင်းသွားသည်ကိုလည်း တွေ့ဖူးပါသည်။)

**စာမျက်နှာ ၉ ကော်လံ ၁ သို့**


ရန်ကုန်မြို့တော် ရေစီးရေလာကောင်းမွန်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံရေးတို့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းဆုံရှိ လူကူးခုံးကျော်တံတားအသစ်နှင့် ခုံးကျော်တံတားအဟောင်းတို့ကို ဆက်သွယ်တည်ဆောက်လျက်ရှိသော လူကူးခုံးကျော်တံတားသစ်တည်ဆောက်နေသည့် လုပ်ငန်းခွင်တစ်နေရာကို မတ် ၂၆ ရက်က တွေ့ရစဉ်။ *[သတင်းနှင့်ဓာတ်ပုံ- စောလှိုင်ဝင်း]*


ယနေ့ မာတိကာ

နှလုံးနှင့် သွေးကြောပိုက်သွင်း စမ်းသပ်၊ ကုသစက် ခုတင် (၅၅၀)ဆံ့ ကလေးဆေးရုံကြီး(ရန်ကင်း)၌ ဖွင့် — စာမျက်နှာ - ၅

မြန်မာပန်းပုပညာရှင်များ ဇာတ်ကြီးဆယ်ဘွဲ့ အနုစိတ်လက်ရာများကို ထုလုပ်မှုများလာ — စာမျက်နှာ - ၁၀

မင်္ဂလာဈေးရှိ ပျံကျဈေးသည်များအတွက် ယာယီဈေးဆိုင်ခန်းများ မဲစနစ်ဖြင့် ချထားပေး — စာမျက်နှာ - ၁၁



ယုံကြည်စိတ်ချတည်ဆောက်ကြ ဘိလပ်မြေမှာ ကမ္ဘောဇ

KBZ CEMENT

PORTLAND CEMENT




Manufactured by KBZ Industries Ltd,Myanmar

Distributor : Shwe Myitta Cement & General Trading

ကြေးမုံ The Mirror

တနင်္ဂနွေ

SUNDAY SPECIAL

2016 MARCH 27, SUNDAY

# ဗောဓိတစ်ထောင် ဘုရားကုန်းတောင်တော်သို့

ပူပြင်းခြောက်သွေ့သော တပေါင်းလ၏ အပူဒဏ်ကြောင့် သစ်ပင်ကြီးများ၏ ခြောက်သွေ့မှုကို မြင်တွေ့နေရသည်။ ထိုရာသီဥတုဖြစ်နေသော်လည်း စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များနှင့် နွေရာသီတွင် အပန်းဖြေအနားယူကာ ခရီးသွား၊ ဘုရားဖူးသူများသည် လူအများသိရှိသွားရောက်ကြသော နေရာများအပြင် လူမသိ အရောက်နည်းသော နေရာများသို့လည်း ရှာဖွေလေ့လာကာ သွားရောက်လေ့ရှိကြသည်။ ထိုနေရာများထဲမှ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ပြည်-ကံမသွားကားလမ်းပေါ်ရှိ ရှေးဟောင်းသမိုင်းဝင် ဒီပါအေးစေတီနှင့် ဗောဓိတစ်ထောင် ဘုရားကုန်းတောင်တော်သို့ လူအများ လာရောက်ပူဇော်ဖူးမြော်ကြသည်။ ဤဘုရားကုန်းတောင်တော်သည် ပြည်- ကံမသွားကားလမ်းမှ ခုနစ်မိုင်ခန့်ကွာဝေးပြီး ပြည်မြို့မှ ၁၀ မိုင်ခန့် ကွာဝေးသည်။



ဘုရားကုန်းတောင်တော်နယ်မြေတစ်ခွင်ရှိ ဗောဓိပင်နှင့် ဘုရားဆင်းတုတော်များ။

**ဗောဓိတစ်ထောင်**

**ဘုရားကုန်းတောင်သို့ သွားရာလမ်း**

စာရေးသူသည် မိဘများနှင့်အတူ ဘုရားကုန်းတောင်သို့ ပြည်မြို့မှ နံနက် ၇ နာရီခန့်တွင် ဆိုင်ကယ်များဖြင့် သွားခဲ့ကြရာ သွားလမ်းများသည် မြေလိမ်မြေကောက်ကတ္တရာလမ်းများဖြစ်ပြီး နံနက် ၈ နာရီခွဲခန့်တွင် ဘုရားကုန်းတောင်တော်သို့ ရောက်ရှိခဲ့ကြသည်။ ထိုဘုရားကုန်းတောင်တော် သာသနာပေါ်ထွန်းလာခဲ့သည်မှာ နှစ်အပိုင်းအခြားမျှသာရှိသော်လည်း တောင်တော်နယ်မြေတစ်ခွင်ဝန်းကျင်တွင် ဗောဓိပင်နှင့် ဘုရားဆင်းတုတော်များဖြင့် တင့်တယ်သပ္ပာယ်လျက်ရှိပါသည်။



ဒီပါအေး ဆုတောင်းပြည့် စေတီတော်။

**ဘုရားကုန်းတောင်တော်နယ်မြေတစ်ခွင်ရှိ ဗောဓိပင်နှင့်ဘုရားဆင်းတုတော်များ**

ထိုဘုရားကုန်းတောင်ပေါ်တွင် ရှေးယခင်က စေတီတစ်ဆူတည်ထားရှိခဲ့သည်။ ထိုစေတီမှတွေ့ရှိရသော အုတ်ချပ်တို့မှာ လက်စင်းရာပါရှိပြီး အုတ်ချပ်အရွယ်အစားမှာ အလျား ၁၈ လက်မ၊ အနံ ၉ လက်မ၊ ဒုသုံးလက်မရှိသည်ကိုတွေ့ရသဖြင့် ပျူခေတ်အစောပိုင်းကာလတွင် တည်ထားခဲ့သော စေတီတစ်ဆူဖြစ်နိုင်ကြောင်း လေ့လာသိရှိရသည်။ ထိုတောင်တော်ပေါ်တွင် သာသနာပြုလုပ်ငန်းဆောင်ရွက်နေသော ဆရာတော်မှာ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝိမလ(ရေဆွမ်းကိုယ်တော်)ဖြစ်ပြီး သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်မှာ ခုနစ်နှစ် ဝန်းကျင်ခန့်ရှိခဲ့ပြီဖြစ်သည်။

ဆရာတော်သည် ထိုတောင်တော်တွင် စတင်၍ အကျင့်စရဏ ကျင့်ကြံအားထုတ်သီတင်းသုံးစဉ်က တောထူထပ်မှုဖြစ်နေပြီး ဆရာတော်၏ သာသနာပြုလိုသည့် ဆန္ဒဖြင့် တောတောင်တို့ကို ဝီရိယပြု၍ ရှင်းလင်းခုတ်ထွင်မှုများ ပြုလုပ်ခဲ့သည်။ ဓားပြတိုက်ခံရခြင်း၊ သူခိုးခိုးခံရခြင်း၊ မီးလောင်ခြင်းစသည့် အန္တရာယ်များနှင့် ကြုံတွေ့ခဲ့ရသော်လည်း ကြံ့ကြံ့ခံကာ သာသနာပြုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ဘုရားကုန်းတော်တွင်ရှိသော ရှေးဟောင်းသမိုင်းဝင်စေတီတော်ကိုလည်း ပြန်လည်ပြုပြင်ရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ ရှေ့ပိုင်းခေတ်များတွင် ထိုစေတီတော်အား ထိန်းသိမ်းပြုပြင်မှုမရှိခဲ့သဖြင့် ပျက်စီးနေသော စေတီတော်ကို ပြုပြင်ထိန်းသိမ်းရန်အတွက် ဆရာတော်က ထူးခြားသောအမိဋ္ဌာန်များဖြင့် ကျင့်ကြံဆုတောင်းပြီး မုံရွာ ဗောဓိတစ်ထောင်ဆရာတော်၊ ပြည်မြို့ သာသနဇောတိကာရုံကျောင်းတိုက် နာယကဆရာတော်၊ ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ရွှေသုဝဏ်ကျောင်းတိုက် နာယကဆရာတော်နှင့် ရန်ကုန်မြို့ ချမ်းမြေ့ရိပ်သာကျောင်းတိုက်တိုက်အုပ်ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူလျက် ပြန်လည်ပြုပြင်ခဲ့သည်။

**ဒီပါအေး ဆုတောင်းပြည့်စေတီတော်**

မြန်မာသက္ကရာဇ် ၁၃၆၀ ခုနှစ် ပြာသိုလမှစတင်၍ ဉာဏ်တော် ၂၇ တောင်အမြင့်ရှိသော ဒီပါအေးဆုတောင်းပြည့်စေတီတော်မြတ် တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။ မြန်မာသက္ကရာဇ် ၁၃၆၂ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၄ ရက် သောကြာနေ့တွင် စေတီတော်၏ ဌာပနာပစ္စည်းထည့်သွင်းခြင်း၊ မင်္ဂလာရွှေထီးတော်အထွတ်တင်မင်္ဂလာ၊ ဗုဒ္ဓာဘိသေက အနေကဇာတင် မင်္ဂလာတို့ကို မုံရွာမြို့ မဟာဗောဓိတစ်ထောင် နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်တင်လှူပူဇော်ပေးခဲ့ပါသည်။

**မုနိထွဋ်တင်သစ္စာရှင်**

**ထိုင်တော်မူရုပ်ပွားတော်ကြီး**

ဘုရားကုန်းတောင်တော်ပေါ်တွင် မုနိထွဋ်တင်သစ္စာရှင် ထိုင်တော်မူရုပ်ပွားတော်ကြီးကို ခုနစ်ရက်သားသမီးတို့၏ လှူဒါန်းမှုအစုစုဖြင့် တည်ထားခဲ့သည်။ သာသနာ၏အသက်သည် ဗောဓိဖြစ်ကာ သာသနာကွယ်လျှင် ဗောဓိပင်လည်း ကွယ်နိုင်သည်ဟူသော ခံယူချက်ဖြင့် ဆရာတော်သည် ဗောဓိသာသနာကို ဆက်လက်တည်တံ့စေလိုသည်။ မြတ်စွာဘုရားရှင်သည် ပြည်မြို့တစ်ဖက်ကမ်း ဖိုးဦးတောင်ပေါ်သို့ ကြွရောက်စဉ်က ညီတော်အာနန္ဒာအား ပြည်မြို့အနောက်ဘက်ကမ်းသည် နောင်အခါတွင် သာသနာရေရှည်တည်တံ့ပေလိမ့်မည်ဟု မိန့်တော်မူခဲ့ကြောင်း ဆရာတော်က မိန့်တော်မူပါသည်။

ဘုရားကုန်းတောင်တော်ပတ်ဝန်းကျင်တွင်လည်း သမိုင်းဝင် ဖိုးဦးတောင်စေတီ၊ ရွှေဘုံသာမုနိစေတီ စသည့် အထင်ကရ သာသနာ့နယ်မြေများရှိသည်။ ဆရာတော်ဦးဝိမလက မုံရွာဗောဓိတစ်ထောင် ဆရာတော်ကြီးကို လျှောက်ထားခဲ့ရာ ဆရာတော်ကြီးက ဆရာတော် ဦးဝိမလအား ဗောဓိပင်အစစ်နှစ်ထောင်ကို ပေးအပ်လှူဒါန်းခဲ့သည်။ တောင်တော်ပတ်ဝန်းကျင်အား တောရှင်းလင်းမှုများပြုလုပ်ပြီး ၂၀၀၆ ခုနှစ်တွင် ဗောဓိပင်များကို စတင်စိုက်ပျိုးမှုပြုလုပ်ခဲ့လေသည်။

ဆရာတော်က ထိုဗောဓိပင်များအောက်တွင် သီတင်းသုံးတော်မူမည့် ဗုဒ္ဓဆင်းတုတော်များကို တည်ထားကိုးကွယ်လိုသောကြောင့် ကုန်ကျစရိတ်ကိုတွက်ချက်ရာ ကျပ်တစ်သိန်းကျော် ကုန်ကျနိုင်ကြောင်း တွေ့ရှိရသော်လည်း ဆရာတော်က အကျင့်သီလ၊ စရဏနှင့် ကြိုးပမ်းအားထုတ်မှုများဖြင့် ခုနစ်ရက်သားသမီးများ သင့်တင့်သောအလှူငွေဖြင့် လှူဒါန်းပူဇော်ကုသိုလ်ပါဝင်ခွင့်ရရှိနိုင်ကြစေရန် ရုပ်ပွားတော်တစ်ဆူလျှင် ကျပ် ၃၀၀၀၀ ဖြင့် ကမ္ပည်းတပ်၍ လှူဒါန်းနိုင်ရေးဆောင်ရွက်ပေးခဲ့လေသည်။ သို့ဖြစ်၍ ဆရာတော် ဦးဝိမလက ဗောဓိပင်တစ်ထောင် ပူဇော်ရန် ရည်စူးခဲ့သော်လည်း မြန်မာပြည်အနှံ့မှ လာရောက်ဖူးမြော်သူများက ကုသိုလ်ပါဝင်လှူဒါန်းရန် ဆရာတော်အား လျှောက်ထားပူဇော်ကြသဖြင့် ယခုအခါတွင် ဗုဒ္ဓရုပ်ပွားတော်အရေအတွက်မှာ တစ်ထောင်ကျော်ခန့်ရှိနေပြီဖြစ်ကြောင်း တွေ့ရှိရသည်။

တောင်တော်လုံခြုံရေးအတွက် ရဲကင်းထားရှိပြီး တောင်တက်လမ်းများမှာလည်း အလှူရှင်များက ကောင်းမွန်အောင် ပြုလုပ်ထားရှိသည်။ တန်ခူးလရာသီတွင် ရဟန်းခံ၊ ရှင်ပြုမှုများဖြင့် စည်ကားလေ့ရှိသည်။ ဘုရားကုန်းတောင်တော်သည် သက်သတ်လွတ်နယ်မြေဖြစ်ပြီး ဆရာတော်က ဘုရားဖူးဧည့်ပရိတ်သတ်များအား တနင်္ဂနွေနေ့တွင် သက်သတ်လွတ်ထမင်း ကျွေးမွေးလျက်ရှိပြီး နေ့စဉ်ကျွေးမွေးနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရှိရသည်။ ထိုသို့ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဒီပါအေးဆုတောင်းပြည့်စေတီနှင့် ဗောဓိတစ်ထောင် ဘုရားကုန်းတောင်တော် သက်သတ်လွတ်နယ်မြေသို့ ဘုရားဖူးလာရောက် ကုသိုလ်ပြုနိုင်ကြစေရန်အတွက် သတင်းကောင်းပါးအပ်ပါသည်။ ■

မာန်သစ်ပြိုင်း

(ရှေးဟောင်းသုတေသန)

ရန်ကုန်တိုင်းဒေသကြီး

# ကျိုက်ဒေးရုံဆွမ်းဦးပုညရှင် ကမ္ဘာအေးစေတီတော် ဌာပနာပိတ်ခြင်းနှင့် ရွှေထီးတော်အထွတ်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**ရန်ကုန်     မတ်     ၂၆**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ပဒဲကောကျောက်အိုင်ကျေးရွာရှိ ကျိုက်ဒေးရုံဆွမ်းဦးပုညရှင်ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ဌာပနာပိတ်ခြင်းနှင့် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို မတ် ၂၃ ရက် နံနက် ၇ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် မိုးခိုင်ကြီးကျေးရွာ ဓမ္မာရုံအလယ်ကျောင်း ဆရာတော် ဦးပညာသီရိထံမှ ကြွရောက်လာကြသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များချီးမြှင့်ပေးသည်။

ဆက်လက်၍ ကျိုက်ဒေးရုံ ဆွမ်းဦးပုညရှင် ကမ္ဘာအေးစေတီတော်မြတ်ကြီးအား ဆရာအောင်သစ္စာ(ဓမ္မအလင်း) ဦးဆောင်၍ ဓမ္မအလင်းသာသနာပြုအဖွဲ့မှ ဓာတ်တော်များ၊ ဘုရားရုပ်ပွားတော်ဆင်းတုများ၊ ရွှေငွေကျောက်သံပတ္တမြား စသည်များကို ဌာပနာသွတ်သွင်းပြီး ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်တို့ဖြင့် ဌာပနာပိတ်သိမ်းကာ အလှူရှင်များက ရွှေထီးတော်ကြီးကို အစီအစဉ်တကျ ပင့်ဆောင်၍ တင်လှူပူဇော်ကြသည်။ ရွှေမိုး ငွေမိုးများကြဲပေး၍ ဓမ္မအလင်းအဖွဲ့က ရှမ်းဒိုးအက၊ ပန်းတနော်ကရင်ဒိုးယိမ်းအဖွဲ့မှ ဒိုးယိမ်းအကများဖြင့် ဒါနပြု ကပြဖျော်ဖြေပေးပြီး သက်သတ်လွတ် မုန့်ဟင်းခါး၊ ထမင်း၊ ရွှေရင်အေး၊ မုန့်လက်ဆောင်းနှင့် စတုဒိသာများဖြင့် ကျွေးမွေးဧည့်ခံကြကြောင်း သိရသည်။ **(ဌေးကြိုင်)**



မွန်ပြည်နယ်



# ရေးမြစ်ကမ်းပါးပြိုကျမှုကြောင့် လယ်ယာမြေကေတချို့ ပျက်စီးခြင်းမှထိန်းသိမ်းပေးစေလို

**ရေး     မတ်     ၂၆**

မွန်ပြည်နယ် ရေးမြို့ရှိ ရေးချောင်းတောင်ကျေးရွာ မြစ်ကမ်းဘေးရှိ ကွင်းကြီးလယ်ကွင်းဘေးတစ်လျှောက်တွင် နေ့စဉ်နှင့်အမျှ စက်လှေကြီးများဖြင့် သဲကျောက်စုပ်ယူနေခြင်းကြောင့် လယ်မြေဧကတချို့ မြစ်ကမ်းပါးပြိုကျမှုများနဲ့ တွေ့ကြုံနေကြကြောင်း ဒေသခံလယ်သမားတစ်ဦး၏ ပြောပြချက်အရ သိရသည်

"မြစ်ကမ်းဘေးမှာရှိနေတဲ့ လယ်မြေတွေက စက်လှေတွေ သဲကျောက်လာရောက်စုပ်ယူတဲ့အခါ မြစ်ကမ်းပါးပြိုကျလာပြီး လယ်ယာလုပ်ငန်းခွင်ဝင်ချိန်ရောက်တိုင်း လယ်ထဲကို ရေမတင်နိုင်တဲ့အတွက် လယ်ယာလုပ်ငန်းလုပ်ကိုင်ရာမှာ အခက်အခဲများနဲ့ တွေ့ကြုံနေရပါတယ်။ လယ်ပိုင်ရှင်တချို့ကလည်း သက်ဆိုင်ရာတာဝန်ရှိသူတွေကို မြစ်ကမ်းပါးထိန်းသိမ်းပေးနိုင်ဖို့ လိုလားနေကြပါတယ်" ဟု ဒေသခံလယ်ပိုင်ရှင် ဦးဆန်းအောင်က ပြောသည်။

အဆိုပါကွင်းကြီးတွင် လယ်ယာလုပ်ငန်းကို ရှေးဘိုးဘွားလက်ထက်ကတည်းက လုပ်ကိုင်လာခဲ့ရာ လယ်ယာမြေပိုင်ရှင် ၁၀ ဦးခန့်ရှိပြီး လယ်ဧကပေါင်း ၅၀ကျော်ခန့်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြသူများဖြစ်ကြောင်း သိရသည်

**ထွန်းထွန်း (ရေး)**

ဝဝဝ

နေပြည်တော်ကောင်စီနယ်မြေ

# ဇေယျာသီရိမြို့နယ် ညောင်ပင်ကြီးကျေးရွာတွင် နွားလှည်းအလှမောင်းပြိုင်ပွဲနှင့် နွားလှည်းဒုံးမောင်းပြိုင်ပွဲ ကျင်းပ

**နေပြည်တော်     မတ်     ၂၆**

(၇၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် အေးမြန်မာပါဖက်ကုမ္ပဏီ လျှပ်စစ်တပ်ဆင်ရေးလုပ်ငန်းမှ ကြီးမှူးကျင်းပသော နွားလှည်းအလှမောင်းပြိုင်ပွဲနှင့် နွားလှည်းဒုံးမောင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက် နံနက် ၁၀ နာရီက နေပြည်တော် ဇေယျာသီရိမြို့နယ် စည်ပင်ကြီးကျေးရွာအုပ်စု ညောင်ပင်ကြီးကျေးရွာ ရပာန်းခံ၊ ရှင်ပြု အလှူတော်ပွဲတွင် ပျော်ပွဲရွှင်ပွဲအဖြစ် ထည့်သွင်းကျင်းပခြင်းဖြစ်သည်။

နွားလှည်း အလှမောင်းပြိုင်ပွဲနှင့် နွားလှည်း ဒုံးမောင်းပြိုင်ပွဲတို့တွင် ပထမဆု ကျပ် ၃၅၀၀၀၀ တန် နွားတစ်ကောင်၊ ဒုတိယဆု ငွေကျပ် ၂၀၀၀၀၀နှင့် တတိယဆု ငွေကျပ် ၁၃၀၀၀၀ ဖြစ်ပြီး နွားအလှအလွတ်မောင်းပြိုင်ပွဲတွင် ပထမဆု ကျပ် ၉၀၀၀၀၊ ဒုတိယဆု ကျပ် ၆၀၀၀၀နှင့် တတိယဆု ကျပ် ၃၀၀၀၀ ချီးမြှင့်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့မှ နွားဝါသနာရှင်များ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး နွားလှည်းဒုံးမောင်းပြိုင်ပွဲတွင် နွား ၂၀ ချင်း၊ နွားလှည်းအလှမောင်းပြိုင်ပွဲတွင် နွား ၁၂ ချင်းနှင့် နွားအလှ အလွတ်မောင်းပြိုင်ပွဲတွင် နွား ၁၂ ကောင်တို့ ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။

**(ရွှေဆူး)**

ဝဝဝ



မန္တလေးတိုင်းဒေသကြီး



# မြင်တွေ့ရန်ရှားပါးလာသည့် မြန်မာ့ရိုးရာကလေးကစားစရာ အိုးပုတ်ချိုးရုပ်လေးများအား အညာဒေသပွဲတော်များတွင် ပြုလုပ်ရောင်းချမှုရှိနေဆဲ

**မိတ္ထီလာ     မတ်     ၂၆**

မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီပွဲတော်များ၊ ဘုရားပွဲတော်များတွင် မြင်တွေ့ရန်ရှားပါးလာသည့် မြန်မာ့ရိုးရာကလေးကစားစရာအိုးပုတ်ချိုးရုပ်လေးများအား အညာဒေသပွဲတော်များတွင် ပြုလုပ်ရောင်းချသူများ ရှိနေဆဲဖြစ်ကြောင်း သိရသည်။

"ပခန်းကြီးရွှေကူနီ ကိုကြီးကျော်ပွဲတော်မှာ နှစ်စဉ်ကလေးကစားစရာအိုးပုတ်ချိုးရုပ်လေးတွေ လာရောင်းဖြစ်ပါတယ်။ ကျွန်မလိုပဲ အိုးပုတ်ချိုးရုပ်ရောင်းတဲ့သူတွေအများအပြားရှိပါသေးတယ်။ အရင်နှစ်တွေတုန်းကလောက် ကိုကြီးကျော်ပွဲက မစည်ကားပေမယ့် အထိုက်အလျောက်တော့ ရောင်းချရပါတယ်။ ပွဲတော်ကို လာတဲ့လူကြီးတွေက အိမ်မှာကျန်ခဲ့တဲ့ သားငယ်သမီးငယ်နဲ့မြေးငယ်တွေအတွက် ဆိုပြီ အိုးပုတ်ချိုးရုပ်လေးတွေ ဝယ်သွားကြတယ်။ ကိုကြီးကျော်ပွဲကို လူကြီးတွေနဲ့ အတူပါလာတဲ့ ကလေးငယ်တွေကလည်း သူတို့ကြိုက်နှစ်သက်ရာ ဆေးရောင်နဲ့ အိုးပုတ်ချိုးရုပ်လေးတွေကို ရွေးချယ်ဝယ်ယူကြတယ်"ဟု ရွှေကူနီကိုကြီးကျော် နတ်ပွဲသို့ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းကျေးရွာတစ်ရွာမှ အိုးပုတ်ချိုးရုပ်လာရောင်းချသူ အမျိုးသမီးတစ်ဦးက ပြောသည်။

ပခန်းကြီးရွှေကူနီ ကိုကြီးကျော်ပွဲတော်အတွင်း ပွဲဈေးတန်းများတွင် မြန်မာ့ရိုးရာကလေးကစားစရာအိုးပုတ်ချိုးရုပ်လေးများကို ပြုလုပ်ရောင်းချမှုရှိသကဲ့သို့ သာစည်မြို့နယ် ရွှေယင်မျှော်ဘုရားပွဲ၊ ပုသိမ်ကြီးမြို့နယ် ရွှေစာရံဘုရားပွဲ၊ ဝမ်းတွင်းမြို့နယ် ရွှေကူဘုရားပွဲ၊ မြတ်စောညီနောင်ဘုရားပွဲ စသည့် အညာဒေသဘုရားပွဲတော်များတွင်လည်း မြန်မာ့ရိုးရာ ကလေးကစားစရာအိုးပုတ်ချိုးရုပ်လေးများ ပြုလုပ်ရောင်းချသူတချို့ကို တွေ့မြင်ရလေ့ရှိသည်။

**ချမ်းသာ(မိတ္ထီလာ)**

# (၆၇)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ တပေါင်းပွဲတော်နှင့် နှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာကျင်းပ

**ပင်လုံ မတ် ၂၆**

(၆၇)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ တပေါင်းပွဲတော်နှင့် ဆောက်လုပ်ပြီးဖြစ်သော ဝေဠုဝန်(ဝါးတော)ပရိယတ္တိစာသင်တိုက် နှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာအခမ်းအနားကို ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လုံမြို့၌ မတ် ၂၃ ရက်၊ (၁၃၇၇ ခုနှစ် တပေါင်းလပြည့်နေ့)က ကျင်းပကြောင်း သိရသည်။



အစီအစဉ်အရ နံနက် ၉ နာရီတွင် (၆၇)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ (တပေါင်းလပြည့်နေ့) ပွဲတော်ကို ပင်လုံမြို့ ပမိုဝ်းစာပေနှင့်ယဉ်ကျေးမှု ဥက္ကဋ္ဌ ဦးခွန်မောင်လှနှင့် ပင်လုံမြို့ အုပ်ချုပ်ရေးမှူး ဦးထိန်လင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းထံမှပေးပို့သော (၆၇)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့သဝဏ်လွှာအား ပင်လုံပအိုဝ်းစာပေနှင့် ယဉ်ကျေးမှု ဒု-ဥက္ကဋ္ဌ ဦးခွန်လှသိန်းက လည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ၏ သဝဏ်လွှာအား ပင်လုံမြို့ ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ရုံးခွဲ တာဝန်ခံ ခွန်ဘိုအောင်က လည်းကောင်း ဖတ်ကြားသည်။

ဆက်လက်၍ လွိုင်လင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် ပအိုဝ်းအမျိုးသားများ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း၌ အောင်မြင်ကြသည့် ကျောင်းသားကျောင်းသူ ၈၃ ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ကြပြီး ပအိုဝ်းအမျိုးသားနေ့အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

၁၃၇၇ ခုနှစ် တပေါင်းလပြည့်နေ့ မွန်းလွဲပိုင်းတွင် ဆောက်လုပ်ပြီးဖြစ်သော ဝေဠုဝန်(ဝါးတော)ပရိယတ္တိစာသင်တိုက် နှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာအခမ်းအနားကို ကျင်းပရာ ရှမ်းပြည်နယ်အတွင်းရှိ ပဋ္ဌ်ကျောင်း ၂၂၂ ကျောင်းမှ ပဋ္ဌ်သံဃာ ၂၂၂ ပါးတို့ကို ပင့်ဖိတ်၍ နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် လှူဖွယ်ဝတ္ထုများ လှူဒါန်းခဲ့ကြောင်းသိရသည်။

အဆိုပါ နှစ်ထပ်ကျောင်းဆောင်သစ်သည် အလျားပေ ၁၄၀၊ အနံ ၁၀၆ ပေ၊ အမြင့် ၃၆ ပေရှိ နှစ်ထပ်အာရ်စီဖြစ်ပြီး မြန်မာမှုလက်ရာများဖြင့် တည်ဆောက်ထားရာ စုစုပေါင်း ကုန်ကျငွေ ကျပ်သိန်းပေါင်း ၇၆၅၇ သိန်းကျော် အကုန်အကျခံ ဆောက်လုပ် ထားခြင်းဖြစ်ကြောင်း ကျောင်း ဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းဖေထံမှ သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# အပူဒဏ်ကြောင့် မော်တော်ယာဉ်များ အလိုအလျောက်မီးလောင်မှုမဖြစ်စေရေး ဂရုစိုက်ရန်အထူးလိုအပ်

**မုံရွာ မတ် ၂၆**

မုံရွာအခြေပြု၍အပူပိုင်းဒေသများသို့ သွားလာမောင်းနှင်နေကြသော မော်တော်ယာဉ်များအနေဖြင့် ယာဉ်မောင်းနေစဉ်နှင့် ရပ်နားထားစဉ်တို့တွင် အလိုအလျောက်မီးလောင်မှုမဖြစ်စေရန် ယာဉ်များကို ကြိုတင်စစ်ဆေးမှုများ သတိထား၍ အခါမလပ် ဆောင်ရွက်ကြရန်လိုကြောင်း မုံရွာမြို့အခြေစိုက် ပုဂ္ဂလိက မော်တော်ယာဉ်များစနစ်တကျ ပြေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထံမှ သိရသည်။

"ယာဉ်တွေမောင်းနေတုန်း ဒါမှမဟုတ် ရပ်ထားတုန်းမှာပူပြင်းလှတဲ့ရာသီကြောင့် အလိုအလျောက်မီးလောင်တာတွေ မကြာခဏဆိုသလို ကြားတွေ့နေရတယ်။ ဖြစ်စဉ်ကို လေ့လာကြည့်ရင်မော်တော်ယာဉ်အင်ဂျင်ခန်း စက်ခန်းတွေ အပူချိန်မြင့်တက်လာချိန်မှာ ဆီပိုက်တွေယိုစိမ့်တာ၊ အင်ဂျင်ခန်း သန့်ရှင်းမှုမရှိတာတွေကြောင့် အင်ဂျင်ခန်းမှာရှိတဲ့ ဆီချေးတွေ၊ ဖုန်တွေက တစ်ဆင့်လောင်ရတာပါ"ဟု ဦးမျိုးမင်းက ပြောသည်။

မော်တော်ယာဉ်များ၏ အင်ဂျင်ခန်းအတွင်း သန့်ရှင်းမှုရှိစေရေး၊ ဆီပိုက်များ ယိုစိမ့်မှုမရှိစေရေးတို့အတွက် အလေးပေးဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ယာဉ်မောင်းများအနေဖြင့် ယာဉ်မတော်တဆမှုမှကာကွယ်ရန်အတွက် သတ်မှတ်မိုင်နှုန်းအတိုင်း ဂရုစိုက်မောင်းနှင်ကြရမည်ဖြစ်ကြောင်း၊ ယာဉ်မောင်းနေစဉ်အချိန်၌ ယာဉ်နှင့် လမ်းအခြေအနေကို အခါမလပ်ဂရုစိုက်သတိထားကာ ဖုန်းပြောခြင်း၊ သီချင်းနားထောင်ခြင်း၊ ဗီဒီယိုကြည့်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ မူးယစ်သေစာသောက်စားခြင်း၊ လက်တစ်ဖက်တည်းဖြင့် မောင်းနှင်ခြင်းတို့ကို ရှောင်ရှားရန် လိုအပ်ကြောင်း သတိပေးထားသည်။

အဆိုပါအချက်များကို ယာဉ်မောင်းသူတိုင်းလိုက်နာပြီး ရှောင်သင့်သည်ကိုရှောင် ဆောင်သင့်သည်ကိုဆောင်သင့်ကြောင်း သို့မှသာယာဉ်မတော်တဆမှုမှ တစ်ဆင့် ဖြစ်ပွားလာမည့်မီးလောင်မှုဖြစ်စဉ်များကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ခရီးသွားများထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် စစ်ဆေးရမည့်အချက်များသတ်မှတ်ပြီး တာဝန်ရှိဌာန အဖွဲ့အစည်းများနှင့်အတူပူးပေါင်း၍ မော်တော်ယာဉ်နှင့် ပတ်သက်သည့် သက်တမ်းရှိယာဉ်သက်သေခံလက်မှတ် ယာဉ်ကိုယ်ထည်ပိုင်း၊ တာယာနှင့် အစိတ်အပိုင်းများအားလုံး အန္တရာယ်ကင်းရှင်းစွာမောင်းနှင် အသုံးပြုနိုင်မှု၊ လူစီးထိုင်ခုံများတပ်ဆင်ထားရှိမှု၊ အရေးပေါ်ထွက်ပေါက်များ အသုံးပြုနိုင်မှု၊ အရေးပေါ်အခြေအနေအသုံးပြုနိုင်ရန် မီးသတ်ဆေးဘူး၊ တူ၊ ပုဆိန်၊ ယာဉ်တွင်တပ်ဆင်သည့်ရောင်ပြန်နှင့် ယာဉ်ရပ်နားစဉ်တွင် အသုံးပြုမည့် တြိဂံရောင်ပြန်ပါရှိမှု စသည်တို့ကို စစ်ဆေးပေးလျက်ရှိကြောင်း ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးကော်မတီမှ သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ် ရောင်တော်ဖွင့်ပွဲနှင့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်

**ကျိုက်ထို မတ် ၂၆**

မွန်ပြည်နယ်၏ ကျက်သရေဆောင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ရောင်တော်ဖွင့်ပွဲနှင့် ကျောက်လုံးတော်ကြီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားကို မတ် ၂၃ ရက် နံနက်တွင် ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်ပူဇော်ကြည်ညိုကြသည်။

ရှေးဦးစွာ နံနက် ၅ နာရီတွင် သံဃာတော်အရှင်သူမြတ်တို့အား အရုံဆွမ်းဆက်ကပ်လှူဒါန်းကြပြီး နံနက် ၇ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်ကြသည်။ ယင်းနောက် မင်္ဂလာချိန်တွင် ဆရာတော်အရှင်သူမြတ်တို့က ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ဆရာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

မွန်ပြည်နယ်၏ ကျက်သရေဆောင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ရောင်တော်ဖွင့်ပွဲနှင့် ကျောက်လုံးတော်ကြီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကို သုံးနှစ်လျှင်တစ်ကြိမ် ပြုလုပ်ကြောင်း စေတီတော် ဂေါပကအဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

**ခင်မောင်မြင့်(ဇမ္ဗူသီရိ)**

## သီပေါဘော်ကြိုကျောင်းတိုက်တွင် တိုင်းရင်းဆေးဝါးများ လှူဒါန်း

**သီပေါ မတ် ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဘော်ကြိုဘုရားကြီးကျောင်းတိုက်တွင် မတ်၂၄ ရက်နံနက်က ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ပင်လုံရိပ်မွန် အမှတ်(၃၇)နေ ညွှန့်ညွှန့်တိုင်းရင်းဆေးမိသားစုက ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းပြီး သံဃာတော်များနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဝေယျာဝစ္စကုသိုလ်ရှင်များအား တိုင်းရင်းဆေးဝါးများ လှူဒါန်းကြသည်။

ဆက်လက်၍ ရှေးဟောင်းပေါ်တော်မူ ဆင်းတုတော်များအပူဇော်ခံထားရှိသွားရန် တည်ဆောက်နေသော ဘုရားကျောင်းဆောင်တော်သစ်ကြီးတွင် တစ်ခန်းစာ အလှူငွေ ကျပ်သုံးသိန်းကို ညွှန့်ညွှန့်တိုင်းရင်းဆေးမိသားစုကိုယ်စား အလှူရှင် ဒေါ်လုလုအောင်က ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူကြောင်း သိရသည်။ **(သီပေါကိုလတ်)**

## စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

**ကျိုက်လတ် မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့တွင် စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေးလုပ်ငန်းများ တိုးတက်လာစေရန် နှစ်ရက်ကြာကျင်းပမည့် စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိကိုယ်စား မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ရီရီမြင့်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စာရေးဆရာသတင်းထောက် သပြေထွန်းက"လူသားနှင့်စာပေ"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီမြင့်က "၂၁ ရာစု စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍ၊ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒေါ်ဥမ္မာဆွေ (စာကြည့်တိုက်လက်ထောက်-၃)က "စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း ပို့ချဆွေးနွေး၍ စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေးနှင့်ပတ်သက်သော ဆွေးနွေးပို့ချချက်များအပေါ် ဝန်ဆောင်မှုရလဒ်ကောင်းများ ရရှိလာစေရန် အဖွဲ့လေးဖွဲ့ခွဲကာ အဖွဲ့လိုက်အပြန်အလှန်တင်ပြဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(ဝဇ၆)**

# ကျေးရွာနေအိမ်ထောင်စုများအတွက် သောက်သုံးရေများ ဖြန့်ဝေပေးခြင်းနှင့် သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်စေရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိ

**ပုလဲ မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာများတွင်အယ်လ်နီညိုရာသီဥတုအကျိုးသက်ရောက်မှုကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့်ပူးပေါင်း၍ ရေများဖြန့်ဝေပေးလျက်ရှိရာ မတ် ၂၀ ရက်က အုန်နဲ့မွန်းတောကျေးရွာနေ အိမ်ထောင်စုများအတွက် သောက်သုံးရေများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အလားတူ ပုလဲမြို့နယ် ပြင်လှိုင်းကျေးရွာတွင် ရေပြတ်လပ်မှုဖြစ်ပေါ်နေကြောင်း သိရှိရသည့်အတွက် မတ် ၁၉ ရက်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်သည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်နှင့်အတူ သွားရောက်ကြည့်ရှုရာ ပြင်လှိုင်းကျေးရွာတွင် အိမ်ခြေ ၇၆ လုံး လူဦးရေ ၃၄၆ ဦးရှိပြီး ရေတွင်းလေးတွင်းမှာ ခန်းခြောက်မှု မရှိသည့်အတွက် ရေတွင်းတစ်တွင်းလျှင် တစ်ရက် ရေထွက်နှုန်း ဂါလန် ၂၅၀၀ ရှိပြီး လေးတွင်းအတွက် တစ်ရက်လျှင် ရေဂါလန် ၁၀၀၀၀ ထွက်ရှိရာ ပြင်လှိုင်းကျေးရွာအတွက် နွေရာသီတွင် ရေပြတ်လပ်မှုမဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ နွေရာသီတွင် ရေပြတ်လပ်မှုဖြစ်ပေါ်နိုင်သော ကျေးရွာများအတွက် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ အချိန်နှင့်တစ်ပြေးညီ သယ်ယူဖြန့်ဝေနိုင်ရေးကို စီစဉ်ထားရှိပြီး ကျေးရွာနေပြည်သူများအနေဖြင့် ရေပြတ်လပ်မှု ဖြစ်ပေါ်လာပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၇၁-၃၅၀၉၆၊ ၀၉-၉၇၀၄၀၆၃၀၀ သို့ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ **မင်းခန့်စိုး(ဇေယျာမြေ)**

# စားသုံးသူတို့ အခွင့်အရေးနှင့် စားသုံးသူတို့ အခန်းကဏ္ဍ

စောနိုင် (အသုံးချဘောဂဗေဒ)

**စားသုံးသူများအခွင့်အရေးနေ့**

ပြီးခဲ့သည့်မတ်လ ၁၅ ရက်နေ့သည့် ကမ္ဘာ့စားသုံးသူများအခွင့်အရေးနေ့ (World Consumer Rights Day-WCRD)ဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်၊ ၁၉၆၂ ခုနှစ်က အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီ (John F. Kennedy)သည် အမေရိကန်ကွန်ဂရက်၌ စားသုံးသူများ၏ အခွင့်အရေးများ (Consumers' Rights) နှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားခဲ့သည်။ ထိုမိန့်ခွန်းပြောဆိုပြီးနောက် ဖြစ်ပေါ်လာသော နောက်ဆက်တွဲရလဒ်မှာ စားသုံးသူအခွင့်အရေးများဆိုင်ရာ ဥပဒေမူကြမ်း ပေါ်ထွက်လာခြင်းဖြစ်သည်။ အမေရိကန်သမ္မတက စားသုံးသူအခွင့်အရေးကို အဓိပ္ပာယ်ဖွင့်ဆို၍ အလေးအနက်ထား ပြောကြားခဲ့သည့် ထိုနေ့ရက်ကို ကမ္ဘာ့စားသုံးသူများ အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ သမ္မတ ဂျွန်အက်ဖ်ကနေဒီ၏ မိန့်ခွန်းမှဖြစ်ပေါ်လာသော စားသုံးသူဥပဒေမူကြမ်းတွင် ပါဝင်သည့် စားသုံးသူအခွင့်အရေးဆိုင်ရာ အခြေခံကျသော အချက် (၄) ချက်မှာ -

(၁) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဘေးဥပဒ်အန္တရာယ်ကင်းရှင်း၊ လုံခြုံစွာ စားသုံး(အသုံးပြု)ခွင့် (Right to safety)

(၂) ဝယ်ယူစားသုံး (အသုံးပြု)သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် ပတ်သက်၍ သတင်းအချက်အလက် ပြည့်စုံစွာရရှိခွင့် (Right to information)

(၃) မိမိတို့၏ နှစ်သက်ရာကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို စိတ်ဆန္ဒအတိုင်း ရွေးချယ်ဝယ်ယူစားသုံး(အသုံးပြု)ခွင့် (Right to choose)နှင့်

(၄) ဝယ်ယူစားသုံး(အသုံးပြု)လိုက်သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်ပတ်သက်၍ သော်လည်းကောင်း၊ ထုတ်လုပ်သည့် လုပ်ငန်းများနှင့်ပတ်သက်၍ သော်လည်းကောင်း မကျေနပ်မှုများ၊ စိုးရိမ်စရာဖြစ်မှုများကို ထုတ်ဖော်ပြောဆိုခွင့် (Right to be heard) တို့ဖြစ်သည်။

၁၉၈၅ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက စားသုံးသူများကို ပိုမိုအကာအကွယ်ပြုနိုင်ရန် စားသုံးသူများနှင့် သက်ဆိုင်သည့် နောက်ထပ်အခွင့်အရေး လေးမျိုးဖြစ်သည့် လူတစ်ယောက်၏ အခြေခံလိုအပ်ချက် စား၊ ဝတ်၊ နေရေး အပါအဝင် ကျန်းမာရေး၊ ပညာရေးတို့ကို ရရှိခံစားခွင့် (the right to basic needs)၊ ထုတ်လုပ်သူဘက်မှ မှားယွင်းသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအတွက် သင့်လျော်သည့် ဖြေရှင်းပေးမှု၊ လျော်ကြေးပြန်လည်ခံစားခွင့် (the right to redress)၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူအသုံးပြုရာတွင် သိရှိရမည့်အချက်အလက်များနှင့် စားသုံးသူအခွင့်အရေးဆိုင်ရာများ အသိပညာပေးမှုကို ရရှိခွင့် (the right to consumer education)၊ စားသုံးသူများ၏ အကျိုးစီးပွားကို သေချာစေသော ကောင်းမွန်သည့်၊ ခြိမ်းခြောက်မှုများမရှိသည့် နေထိုင်မှုဝန်းကျင်နှင့် အလုပ်ခွင်ဝန်းကျင် ဖြည့်ဆည်းပေးခြင်းကို ရရှိခွင့် (the right to a healthy environment)တို့ကို ထပ်မံဖြည့်စွက်ပေးခဲ့သည်။

**စားသုံးခြင်း၊ စားသုံးသူနှင့်**
**စားသုံးသူအခွင့်အရေးဆိုသည်မှာ**

စားသုံးသူများအခွင့်အရေး (Consumer's Rights)ဆိုသည့် အကြောင်းကို လေ့လာရင်း စားသုံးခြင်း (Consumption) နှင့် စားသုံးသူ(Consumer)ဆိုသော ဝေါဟာရများနှင့်ပတ်သက်၍ စဉ်းစားမိသည်။ ဘောဂဗေဒဘာသာရပ်တွင် စားသုံးခြင်း (Consumption)သည် ကုန်စည်နှင့် ဝန်ဆောင်မှုကို အသုံးပြုခြင်းဖြစ်သည်။ တစ်နည်းဆိုသော် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတစ်ခုကို တိုက်ရိုက်အသုံးပြုခြင်း (စားသုံးခြင်း)ပြုလုပ်ရန်ဖြစ်စေ၊ (လက်ရှိ သို့မဟုတ် အနာဂတ်ကာလ) အသုံးဝင်မှုတစ်ခုအတွက်ဖြစ်စေ၊ အခြားသောအကြောင်းအမျိုးမျိုးအတွက်ဖြစ်စေ ဝယ်ယူအသုံးပြုခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်သောသူတို့ကို စားသုံးသူများဟုခေါ်သည်။ ဈေးကွက်အင်အားစုထဲတွင် ဝယ်လိုအားနှင့် ရောင်းလိုအား အင်အားစုဟူ၍ရှိရာ စားသုံးသူများသည် ဝယ်လိုအား အင်အားစုတွင်ပါဝင်ပြီး ဈေးကွက်ယန္တရားအတွက် ထုတ်လုပ်ရောင်းချသူများ ပါဝင်သော ရောင်းလိုအား အင်အားစုထက် ပို၍အဓိကကျသည်ဟု ယေဘုယျဆိုနိုင်သည်။ ဈေးကွက်ယန္တရားကို လည်ပတ်လှုပ်ရှားစေရေးအတွက် ကနဦးလှုံ့ဆော်မှုပြုနိုင်သည့် အင်အားစုဟုလည်း ယူဆကြသည်။

အမေရိကန် စိတ်ပညာရှင် Maslow ၏ လိုအပ်ချက်အဆင့်ဆင့်သီအိုရီ (Hierarchy Of Needs Theory)အရဆိုလျှင် လူတို့(စားသုံးသူတို့)သည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်အတွက် ကုန်စည်နှင့် ဝန်ဆောင်မှုများကို စားသုံး(အသုံးပြု)နေကြရသည်။ အသက်ရှင်ရပ်တည်မှုအတွက် လိုအပ်ချက်၊ အသက်အိုးအိမ်စည်းစိမ်၊ အလုပ်အကိုင်လုံခြုံစိတ်ချမှုအတွက် လိုအပ်ချက်၊ လူမှုရေးဆိုင်ရာ လိုအပ်ချက်၊ လေးစားတန်ဖိုးထားမှုရရှိရန် လိုအပ်ချက်နှင့် မိမိကိုယ်မိမိယုံကြည်မှုရှိစွာဖြင့် မိမိကိုယ်မိမိ ဘဝတိုးတက်မှုအတွက် ဖန်တီးတည်ဆောက်နိုင်ရန် လိုအပ်ချက်တို့အတွက် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူစားသုံး(အသုံးပြု)မှု အမြဲပြုလုပ်နေကြရသည်။ ထို့ကြောင့် စားသုံးသူများသည် စားသုံးခြင်း(အသုံးပြု)အပြုအမူကို အမြဲမပြတ်ပြုလုပ်ရင်း ဈေးကွက်အတွင်းရှိ အခြားသော အင်အားစုဖြစ်သည့် ထုတ်လုပ်ရောင်းချသူများကို လှုံ့ဆော်နေသည့် သဘောမျိုးရှိသကဲ့သို့ ထိုသဘောသဘာဝကို နားလည်သည့် ထုတ်လုပ်ရောင်းချသူများကလည်း ၎င်းတို့၏ ကုန်စည်နှင့် ဝန်ဆောင်မှုများကို စားသုံးသူများ ပိုမိုဝယ်ယူအသုံးပြု(စားသုံး)လာစေရန် ဆန်းသစ်တီထွင်ထုတ်လုပ်မှုများဖြင့် ဆွဲဆောင်ကြသည့်အခြေအနေရှိသည်။ ထုတ်လုပ်ရောင်းချခြင်းနှင့် ဝယ်ယူစားသုံး(အသုံးပြု)ခြင်းတို့၏ ဈေးကွက်ကို တည်မြဲစေသော နောက်ဆုံးပန်းတိုင်မှာ စားသုံးသူစိတ်ကျေနပ်မှုရရှိရေးဖြစ်သည်။ စားသုံးသူစိတ်ကျေနပ်မှုရရှိရန်မှာ စားသုံးသူ အခွင့်အရေးကို ထိထိရောက်ရောက် ကာကွယ်ပေးနိုင်ရန်လိုသည်။

ကုန်ထုတ်လုပ်မှုတွင် အသုံးပြုရန်လည်းကောင်း၊ အမြတ်အစွန်းရရှိရန်အတွက်၊ ပြန်လည်ရောင်းချရန်အတွက် ဝယ်ယူသူတို့ကို စားသုံးသူများဟု မသတ်မှတ်ပေ။ ထို့ကြောင့် စားသုံးသူအခွင့်ရေးဆိုသည်မှာ အသုံးပြုမှုတစ်မျိုးမျိုးအတွက် ရည်ရွယ်၍ဖြစ်စေ သို့မဟုတ် ချက်ချင်းတိုက်ရိုက် စားသုံးမှု(အသုံးပြုမှု)အတွက်ဖြစ်စေ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတစ်ခုခုကို ဝယ်ယူစားသုံး(အသုံးပြု)သောသူများ ကြုံတွေ့နစ်နာမှုများမရှိစေရန်၊ ကျင့်ဝတ်အရဖြစ်စေ၊ ဥပဒေအရဖြစ်စေ ပြင်ဆင်ထားသော အခွင့်အရေးများဖြစ်သည်။ ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူ၊ ဝန်ဆောင်မှုပေး(ရောင်းချ)သူက ၎င်းတို့ရောင်းချလိုက်သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်ပတ်သက်၍ စားသုံးသူအခွင့်အရေးများ သေချာစေခြင်း

ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတစ်ခုကို တိုက်ရိုက်အသုံးပြုခြင်း (စားသုံးခြင်း) ပြုလုပ်ရန်ဖြစ်စေ၊ (လက်ရှိ သို့မဟုတ် အနာဂတ်ကာလ) အသုံးဝင်မှုတစ်ခု အတွက်ဖြစ်စေ၊ အခြားသောအကြောင်း အမျိုးမျိုးအတွက်ဖြစ်စေ ဝယ်ယူအသုံးပြုခြင်း ဖြစ်သည်။ ထိုသို့ပြုလုပ်သောသူတို့ကို စားသုံးသူများဟု ခေါ်သည်။

သည် စားသုံးသူများကို အကာအကွယ်ပေးနိုင်ခြင်းဖြစ်သဖြင့် စားသုံးသူအခွင့်အရေးများကို စားသုံးသူများသာမက ထုတ်လုပ်ရောင်းချသူများပါ သိရှိနားလည်ပြီး လိုက်နာခြင်း၊ ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်။

**စားသုံးသူ၏ အရေးပါမှု**

လူတစ်ဦးသည် တစ်ချိန်တွင်စားသုံးသူဖြစ်သကဲ့သို့ အခြားတစ်ချိန်တွင် ထုတ်လုပ်သူ၊ ရောင်းချသူဖြစ်သည်။ တစ်ခါတရံတွင် စားသုံးသူရော ထုတ်လုပ်ရောင်းချသူပါ နှစ်ကိုယ့်တစ်စိတ် တစ်ပြိုင်နက်ဖြစ်နေတတ်သည်။ ထို့ကြောင့် စားသုံးသူသည် နိုင်ငံတစ်နိုင်ငံ၊ စီးပွားရေးအဆောက်အအုံတစ်ခုအတွင်း၌ အရေးကြီးဆုံးအရာဖြစ်ပြီး ဈေးကွက်စီးပွားရေးစနစ် ပုံမှန်လည်ပတ်နိုင်စေရေးအတွက် သက်ရှိယန္တရား အစိတ်အပိုင်းလည်း ဖြစ်သည်။ စီးပွားရေးအဆောက်အအုံကြီးတစ်ခုလုံး ပုံမှန်လှုပ်ရှားနိုင်ရေးနှင့် ဈေးကွက်စနစ် လည်ပတ်စေရေးအတွက် စားသုံးသူများ၏အကျိုးစီးပွားကို ကာကွယ်ပေးခြင်းသည် ကုန်ထုတ်လုပ်သူများ အပါအဝင် နိုင်ငံသားများအားလုံး၏ အကျိုးစီးပွားကို ထိန်းသိမ်းပေးနေခြင်းဖြစ်ပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးမှုအတွက် အားထုတ်နေခြင်းဟုလည်းဆိုရမည်။ စားသုံးသူများ အကျိုးစီးပွားပျက်စီးခဲ့လျှင် ထုတ်လုပ်ရောင်းချသူများ၏ အကျိုးဖြစ်ထွန်းမှုကို ထိခိုက်လာမည်။ တစ်နွယ်ငင်တစ်စင်ပါ နိုင်ငံ့အကျိုးစီးပွားကို ဆိုးကျိုးသက်ရောက်မှုများဖြစ်လာနိုင်မည်ကို သတိပြုသင့်သည်။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အခြေအနေမျိုးဖြစ်သောကြောင့် စားသုံးသူအကျိုးပျက်စီးလျှင် မဝေးတော့သည့်အချိန်၌ ထုတ်လုပ်သူ၏ အကျိုးစီးပွားပါ ပျက်စီးလာတော့မည်ဖြစ်ပြီး ဈေးကွက်ယန္တရားလည်ပတ်မှုကို ထိခိုက်လာမည်မှာ သေချာသောအခြေအနေဖြစ်သည်။ စားသုံးသူ တစ်ဦးတစ်ယောက်ချင်း ထိခိုက်မှုဖြစ်လာခဲ့လျှင် စီးပွားရေးအဆောက်အအုံတစ်ခုလုံးကို တဖြည်းဖြည်းထိခိုက်လာစေနိုင်ပြီး ဈေးကွက်ယန္တရားလည်ပတ်မှုကို ပျက်စီးစေသဖြင့် စားသုံးသူများ ထိခိုက်မှုမရှိစေရန် ကာကွယ်စောင့်ရှောက်ပေးမှုသည် အရေးကြီးသည့် ကြိုတင်ဆောင်ရွက်မှုဖြစ်သည်ကိုလည်း သဘောပေါက်နားလည်သင့်ပေသည်။

**ဈေးကွက်စနစ်နှင့်**
**စားသုံးသူအခွင့်အရေးကာကွယ်ခြင်း**

ဈေးကွက်စီးပွားရေးဆိုသည်မှာ လွတ်လပ်စွာဖြင့် ပြိုင်ဆိုင်ရောင်းဝယ်မှုရှိသော စနစ်ဖြစ်သည်။ ပြိုင်ဆိုင်မှုအားကောင်းမှ ဈေးကွက်စီးပွားရေးစနစ် ပီပြင်မည်။ ပြိုင်ဆိုင်မှု အားကောင်းခဲ့လျှင် ဈေးကွက်များ စီးပွားရေးအရ စွမ်းဆောင်ရည်ရှိလာပြီး ထုတ်လုပ်သူများ စွမ်းဆောင်ရည်မြင့်မားလာမည်။ စားသုံးသူများ ရွေးချယ်စားသုံးခွင့်များပြားလာမည်။ နှစ်ဖက်အကျိုးစီးပွား မြင့်မားလာစေနိုင်သည်။ ဈေးကွက်များ ထိုအခြေအနေမျိုး ဖြစ်ထွန်းလာစေရန် အထောက်အကူပြုသော အင်စတီကျူးရှင်းများ ထူထောင်ခြင်းကို ဆောင်ရွက်ရုံသာမက စားသုံးသူများ၏ အကျိုးစီးပွားကို ကာကွယ်ပေးခြင်းကိုပါ အလေးထားဆောင်ရွက်သင့်သည်။ စွမ်းဆောင်ရည်ရှိသော ဈေးကွက်စနစ်အောက်တွင် ထုတ်လုပ်သူများအနေဖြင့် ပြိုင်ဆိုင်ထုတ်လုပ်ရောင်းချရသည့် သဘာဝရှိသဖြင့် ဈေးကွက်ဝေစုမပျောက်စေရန် ထုတ်ကုန်များကို အရည်အသွေးမှန်ကန်စွာ ထုတ်လုပ်ခြင်း၊ အမြဲတီထွင် ကြံဆထုတ်လုပ်နေရခြင်း အမြဲပြုလုပ်နေကြရသည်။ ထို့ကြောင့် ထုတ်လုပ်သူ တစ်ဦးတစ်ယောက်ချင်းမှတစ်ဆင့် စီးပွားရေးအဆောက်အအုံတစ်ခုလုံး၏ ကုန်ထုတ်လုပ်မှုကဏ္ဍစွမ်းရည်မှာလည်း မြင့်မားတိုးတက်လာမည်။ ပြည်တွင်းဈေးကွက်ဝေစုကြီးမားလာမည်။ ပြည်တွင်းထုတ်ကုန်သတင်းကောင်းများသည် နိုင်ငံတကာ ဈေးကွက်များတွင်ပါ သတင်းများပျံ့နှံ့ဖြစ်ပေါ်ပြီး ပို့ကုန်ကဏ္ဍတိုးတက်ရေးအတွက်လည်း အထောက်အကူပြုလာနိုင်သည်။

အကယ်၍ စားသုံးသူအခွင့်အရေးဆုံးရှုံးမှုများရှိနေခဲ့လျှင် သို့မဟုတ် စားသုံးသူတို့၏ အကျိုးစီးပွားကို ကောင်းစွာကာကွယ်ပေးနိုင်ခြင်းမရှိခဲ့လျှင် စားသုံးသူတို့ အကျိုးစီးပွားပျက်စီးခြင်း ကြုံတွေ့ရပေလိမ့်မည်။ ထုတ်လုပ်ရောင်းချသူတို့အပေါ် ယုံကြည်မှုကျဆင်းကာ ကုန်ထုတ်လုပ်မှုအခြေအနေကို ထိခိုက်မှုဖြစ်လျက် ထုတ်လုပ်သူတို့၏ အကျိုးစီးပွားပါ ထိခိုက်လာပေမည်။ စားသုံးသူအုပ်စု(ဝယ်လိုအားအုပ်စု)နှင့် ထုတ်လုပ် ရောင်းချသူအုပ်စု(ရောင်းလိုအားအုပ်စု) အကျိုးစီးပွားဆက်စပ်ထိခိုက်မှုများဖြစ်လာသောအခါ ဈေးကွက်ယန္တရားမှာ စွမ်းဆောင်ရည်ရှိစွာ လည်ပတ်နိုင်ခြင်းမရှိတော့ပေ။ ထိုသို့ ဈေးကွက်ယန္တရားလည်ပတ်မှု ကောင်းမွန်ခြင်း မရှိသောအခါ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးခြင်းမှရရှိမည့် ကောင်းကျိုးဆုံးရှုံးကာ စီးပွားရေးအဆောက်အအုံထဲတွင် ဆိုးကျိုးများဖြင့်သာ ကြုံတွေ့လာရပေမည်။ ထို့ကြောင့် စားသုံးသူအခွင့်အရေးများကို စောင့်ရှောက်ပေးခြင်း၊ အကာကွယ်ပေးခြင်းတို့သည် ဈေးကွက်စနစ်ကျင့်သုံးမှု ဖွံ့ဖြိုးလာစေရန် အလွန်အရေးကြီးသည်ကို သတိပြုသင့်သည်။

**မြန်မာနိုင်ငံနှင့်**
**စားသုံးသူကာကွယ်စောင့်ရှောက်ရေး**

ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးမှုတွင် အချိန်ကာလများစွာ ကြာမြင့်ခြင်းမရှိသေးသော မြန်မာနိုင်ငံရှိ စားသုံးသူများ၊ ထုတ်လုပ်သူများအနေဖြင့် စားသုံးသူအခွင့်အရေးနှင့်ပတ်သက်၍ ရင်းနှီးကျွမ်းဝင်မှု များစွာရှိသေးမည်မဟုတ်ပေ။ နိုင်ငံတော်အစိုးရအနေဖြင့် စားသုံးသူအရေးအရာများ ဖြည့်ဆည်းပေးနိုင်ရန်၊ ကာကွယ်စောင့်ရှောက်မှု ပြုလုပ်ပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်တွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနကိုလည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များကို လည်းကောင်း ဖွဲ့စည်းထားသည်ဟု သိရှိရပြီး စားသုံးသူအကာအကွယ်ပေးရေးဥပဒေကိုလည်း ၂၀၁၄ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းပေးခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ စားသုံးသူများအခွင့်အရေးအတွက် ကနဦးအားထုတ်မှုခြေလှမ်းများပင် ဖြစ်သည်။ ကုန်ထုတ်လုပ်မှုကဏ္ဍ အားနည်းလျက်ရှိပြီး သွင်းကုန်ပမာဏ ကြီးမားစွာမှီခိုနေရသော မြန်မာ့စီးပွားရေးအဆောက်အအုံထဲတွင် စားသုံးသူ အကျိုးစီးပွားများနှင့်ပတ်သက်၍ တိုက်ရိုက်အားဖြင့် ပတ်သက်သော၊ သွယ်ဝိုက်ဆက်စပ်သော ဆောင်ရွက်စရာများစွာရှိနေသေးသည်။ စားသုံးသူအခွင့်အရေးများနှင့် ပတ်သက်၍ အားထုတ်ဆောင်ရွက်ခြင်းသည် စားသုံးသူများကို ကာကွယ်စောင့်ရှောက်ပေးခြင်းသာမက နိုင်ငံ၏ ကုန်စည်နှင့်ဝန်ဆောင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး တစ်ဦးတစ်ယောက်ချင်း၊ လုပ်ငန်းတစ်ခုချင်း၏ အကျိုးစီးပွားကို မြှင့်တင်ရာမှတစ်ဆင့် တစ်နိုင်ငံလုံး၏ အမျိုးသားအကျိုးစီးပွားကို တည်ဆောက်နေခြင်းဖြစ်သည်ဟူသာ ခံယူလျက် ဆောင်ရွက်သင့်ပေသည်။

စားသုံးသူတို့ အခွင့်အရေးများကို ပြည့်ဝစွာရရှိခံစားနိုင်ရေး၊ ထိခိုက်နစ်နာမှုများ မရှိစေရေးအတွက် ကာကွယ်နိုင်ရေး အားထုတ်ရာတွင် ဥပဒေများ အတည်ပြုထုတ်ပြန်ခြင်း၊ အဖွဲ့အစည်းများဖွဲ့စည်းပေးခြင်းတို့အပြင် အများပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်စေရေးအတွက် အသိပညာပေးမှုလုပ်ငန်းများကိုပါ တစ်ပြိုင်နက် ကျယ်ကျယ်ပြန့်ပြန့်၊ ထိထိရောက်ရောက် ဆောင်ရွက်ဖို့လိုသည်။ ထို့ကြောင့် စီးပွားရေးအဆောက်အအုံထဲရှိ လူတိုင်းသည် စားသုံးသူများဖြစ်သည်ကို သဘောပေါက်လျက် တာဝန်ရှိသည့် အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် အတူရည်ရွယ်ချက် ဖြောင့်မှန်သော ပြည်သူတစ်ဦးတစ်ယောက်ချင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများကပါ အင်တိုက်အားတိုက်ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ ■